www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၃၉၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၃၄၀၅၀၂
ထုတ်ဝေသူ ဦးသိန်းဇော် (လောကနတ်စာပေ)
မြဲ ( ၀၁၃၉၁၈ ) ၊ အမှတ် (၂၈၀-ခ)
လမ်းသစ်၊မှော်ရုံလမ်း ၊
နံ့သာကုန်းရပ်ကွက်၊အင်းစိန်။
အဖုံးနှင့်အတွင်းပုံနှိပ် ဦးမြင့်ဦး။ ၀၁၅၈၃
သိန်းသန်းဦး အော့ဖ်ဆက်
အမှတ်(၁၂၁)၊ ၃၄ လမ်း (လယ်)
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ။
မျက်နှာဖုံးပန်းချီ ကျော်သစ်
အုပ်ရေ ၅၀၀
တန်ဖိုး ၃၀၀ ကျပ်
ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်
ထုတ်ဝေသည့်ကာလ ၂၀၀၅-ခုနှစ် ၊ မတ်လ
စီစဉ်သူ သိန်းဇော် ၊ ကာတွန်းဟသာ
လောကနတ်စာပေမှတစ်ပြည်လုံးသို့ဖြန့်ချိပါသည်
လောကနတ် စာပေ
၂၈၀/ခ ၊လမ်းသစ် မှော်ရုံလမ်း ၊ အင်းစိန် ။
ဖုန်း ၇၂၈၅၉၆ ၊ ၀၉-၅၀-၁၁၅၆၃


BURMESE CLASSIC

# လွမ်းသမုဒ်မှာရင်ကြိုးချည်

လုံး ချင်း ဝ တ္ထု သ စ်

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုအေး(ပန်းတော)

# လွမ်းသမုဒ်မှာရင်ကြိုးချည်



www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် (တစ်)

ခမ်းနားထည်ဝါသော အိမ်တော်ပရိဘောဂဆိုင်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာ၏။ ကားကို အမျိုးသမီးဖြစ်သူကိုယ်တိုင် မောင်းလာသည်

ပုံသဏ္ဌာန်ကို ကြည့်လိုက်သည်နှင့် ဝယ်သူဖြစ်နိုင်မှန်း ဝန်ထမ်းများအားလုံး နားလည်လိုက်ကြ၏။

မန်နေဂျာလည်းရှိနေခိုက်မို့၊ ဝန်ထမ်းများကအမျိုးသမီးကို ခရီးဦးကြိုပြုကြ၏။

အဖော်မပါ တစ်ယောက်တည်းရောက်လာသောအမျိုးသမီးအား ကားတံခါးဖွင့်ပေးမည့်သူ...။

ကားတံခါးပိတ်ပေးမည့်သူများက အဆင်သင့်။ ဆိုင်အတွင်းရှိ နန်းဆန်သော အခင်းအကျင်း ပရိဘောဂများက အမျိုးသမီး၏ အာရုံကို ဖမ်းစားထားပေ၏။

လောကနတ်စာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းမိန်းကလေးများကလည်း အမျိုးသမီး အနားမှာ အဆင်သင့်။

အမျိုးသမီးကလည်း ဆိုင်အတွင်းရှိ ပရိဘောဂ ဒီဇိုင်းများကို စေ့စေ့စပ်စပ်ကြည့်နေ၏။

'မင်းတို့တွေ ငါ့နောက်ကို ဒီလိုလိုက်နေလို့ မပြီးဘူး၊ ဆိုင်ပိုင်ရှင်ပဲဖြစ်ဖြစ်၊ မန်နေဂျာနဲ့ပဲဖြစ်ဖြစ်၊ ခဏတွေ့မှဖြစ်မယ်'

ဝယ်သူအမျိုးသမီး၏ မထင်မှတ်သော တောင်းဆိုမှုကြောင့် ဝန်ထမ်းမိန်းကလေးတွေ ကြောင်အမ်းအမ်းဖြစ်သွား၏။ အကင်းပါးသော တစ်ယောက်က…

'အစ်မသဘောကျတဲ့ ပစ္စည်းတွေကို စိတ်တိုင်းကျကြည့်ပါ။ ကြိုက်ပြီဆိုရင် ဈေးနှုန်းတွေကို ညီမတို့ ပြောနိုင်ပါတယ်'

မင်္ဂလာအခန်းဝင်အတွက်လား…။

လက်ဆောင်ပေးဖို့လား၊ကိုယ်တိုင်အသုံးအဆောင်အတွက် ဝယ်မှာလားဟု ဝန်ထမ်းမိန်းကလေးတွေ မဝေခွဲနိုင်ကြသေးပေ။

'ဈေးနှုန်းက အရေးမကြီးဘူး၊ ဒီဆိုင်က တာဝန်အရှိဆုံးတစ်ယောက်ယောက်နဲ့ စကားပြောဆိုပြီးမှ ဝယ်လို့ဖြစ်မှာ'





အမျိုးသမီး ထပ်ပြောလိုက်ခြင်းကြောင့်ပင် ဝန်ထမ်းမိန်းကလေးတွေ အလျှော့ပေးလိုက်ရ၏။

'ကဲ…. ဒါဆိုလည်း မန်နေဂျာကို ခေါ်ပေးလိုက်ပါ၊ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ကြည့်နော်၊ အခုမြင်နေ တွေ့နေတာတွေကို မကြိုက်ရင်လည်း ကက်တလောက်ကြည့်ပြီး အော်ဒါမှာလို့ရတယ်၊ မင်္ဂလာခန်းဝင်အတွက်များလား အစ်မ'

ဝယ်သူ စိတ်ကျေနပ်သဘောကျအောင် ဝန်ထမ်းမိန်းကလေးက တတ်စွမ်းသမျှ ပြောပြရှာသည်။

အမျိုးသမီးကတော့ စကားခွန်းတုံ့မပြန်ဘဲ ကက်တလောက်ဒီဇိုင်းပုံစံများကို လှမ်းယူကြည့်နေလိုက်၏။

⁂

'ဒီက ညီမ၊ ဘာများသဘောမကျတာရှိလို့လဲ'

မန်နေဂျာဖြစ်သူ အသက်က သုံးဆယ်လောက်တော့ ရှိမည်ထင်၏။

ဝယ်မည့်အမျိုးသမီးက ငယ်ရွယ်သူဖြစ်သော်လည်း အရောင်းအဝယ် သဘောအရနှုတ်ချိုပြီး ယဉ်ကျေးပြရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဆိုင်ရဲ့မန်နေဂျာထင်တယ်'

'ဟုတ်ပါတယ် ညီမ၊ ဘာများသိချင်တာ ရှိလို့လဲ၊ ညီမအနေနဲ့ လိုအပ်တာ, သိချင်တာမှန်သမျှကို အားမနာတမ်းပြောနော်'

မန်နေဂျာဖြစ်သူကတော့ သူ့ဝန်ထမ်းလေးတွေ၏ အဆက်အဆံကြောင့်ဟု စိတ်ထဲမှာ ထင်သွားပုံရသည်။

'ကြည့်ရတဲ့ ပစ္စည်းတွေကို ကြိုက်တာလည်း ရှိတယ်၊ လိုချင်သေးတဲ့ ပစ္စည်းတွေကိုလည်း အော်ဒါမှာချင်တယ်၊ သူတို့လေးတွေ အားလုံးကတော့ အဆင်ပြေကြပါတယ်၊ ကျွန်မကိုယ်တိုင်က မန်နေဂျာကြီးနဲ့ ဆွေးနွေးချင်စရာလေးရှိလို့ခေါ်လိုက်ရတာပါ၊ အနှောင့်အယှက်ပေးမိသလိုမျိုးဖြစ်သွားရင်တော့ ကျွန်မ တောင်းပန်ပါတယ်...'

ဝယ်သူအမျိုးသမီးကလည်း ငယ်ပေမယ့် ခေသူတော့မဟုတ်။

အရွယ်နှင့် အပြင်အဆင် ပြောပုံ၊ ဆိုပုံကြောင့် မန်နေဂျာဖြစ်သူက ပိုလို့ရိုကျိုးပြရပြန်၏။

'ရပါတယ် ညီမရာ၊ ဘာများဆွေးနွေးချင်တာလဲ၊ ခုံမှာ အေးအေးဆေးဆေးထိုင်ပြီး ပြောကြ





တာပေါ့၊ အအေးတစ်ခုခု သုံးဆောင်ရင်း ပြောလို့ရတယ်၊ ညီမက ဘာပစ္စည်းတွေကို ဘယ်လိုပုံစံနဲ့လိုချင်လို့လဲ'

ခုတင်ယူမှာလား၊ ဆက်တီတွေပဲယူမှာလားဟု ကွဲကွဲပြားပြား မသိရပေမယ့် အရောင်းအဝယ်ဖြစ်တော့မှာကို မန်နေဂျာက အကဲခတ်မိလိုက်၏။

'ကျွန်မလိုချင်တာက မင်္ဂလာခန်းဝင်ပစ္စည်းတွေရယ်၊ ပြီးတော့ အိမ်တစ်အိမ်မှာ ရှိသင့်ရှိထိုက်တဲ့ ပရိဘောဂ အသုံးအဆောင်မှန်သမျှကို လိုချင်တာပါ'

'ညီမစိတ်တိုင်းကျ ဖြစ်ရစေမယ်'

'ဆက်တီတို့၊ ခုတင်တို့ကတော့ အကြိုက်တွေ့တယ်၊ ကျန်တဲ့ စားပွဲ၊ ဘုရားစင်၊ စာအုပ်စင်တွေကိုတော့ အော်ဒါမှာချင်တယ်'

'ရပါတယ်၊ ဈေးနှုန်းတွေကိုလည်း အေးအေးဆေးဆေး ညှိကြတာပေါ့'

ဝယ်မည့်သူ ပြန်ထွက်မသွားနိုင်အောင် စည်းရုံးနေပြီ။ ဝယ်မည့်ပစ္စည်းတွေက တစ်ခု နှစ်ခုမဟုတ်တော့ မန်နေဂျာကြီး ပိုသဘောကျသွား၏။

'ဈေးနှုန်းတွေကိုတော့ အရောင်းအဝယ်ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပုံမှန်ဈေးပဲပြောပါ၊ ဆစ်တာပြုတာကို မလုပ်ချင်ဘူး၊ တစ်ခုပဲ ကျွန်မဘက်က ညှိချင်တယ်'

အရောင်းအဝယ်မှာ ဈေးနှုန်းကိုစွပဲ ပြောရတာများ၏။ ဈေးနှုန်းကြောင့်ပင် အလုပ်မဖြစ်တာတွေ ရှိခဲ့ဖူးသည်။ ဒီလိုဝယ်သူမျိုးကိုတော့ ရောင်းသူက ပိုလို့ သဘောကျသည်ပဲ။

'ဘာများညှိချင်လို့လဲ ညှိပါ'

'မျက်မြင်ဝယ်တဲ့ ပစ္စည်းတွေကိုရော၊ အော်ဒါမှာမည့်ပစ္စည်းတွေကိုပါ ချက်ချင်းမသယ်သွားသေးဘဲ မန်နေဂျာကြီးတို့ဆီမှာပဲ အပ်ထားလို့ရမလား၊ ငွေကိုလည်း အကုန်ချေသွားမှာပါ၊ အော်ဒါမှာတဲ့ပစ္စည်းတွေ ပြီးမယ့်ရက်ကို ကျွန်မလာကြည့်မယ်၊ ပစ္စည်းတွေကိုတော့ ချက်ချင်းယူသွားနိုင်မှာ မဟုတ်ဘူး'

ဝယ်သူ၏တောင်းဆိုမှုက ပြဿနာကြီးကြီးမားမားတော့ မဟုတ်ပေ။

'ဖြစ်ပါတယ်၊ ကြိုက်တဲ့အချိန်မှာ လာယူလို့ရပါတယ်'

လိုချင်သောဆန္ဒပြည့်သွားပြီမို့ မျက်စိကျရာ





ပစ္စည်းများကို ဝယ်ယူ၏။ နောက်ထပ်လိုသော ပစ္စည်းများအတွက်လည်း ကက်တလောက်ကြည့်ပြီး အော်ဒါမှာလေ၏။

ပြောထားသည့်စကားအတိုင်း အမျိုးသမီးက ဈေးဆစ်ခြင်းမရှိပေ။ တစ်ဦးတစ်ယောက် ညွှန်းဆိုလိုက်၍သာဆိုင်သို့ရောက်လာခြင်းကို မန်နေဂျာလည်း သဘောပေါက်၏။

ဈေးမဆစ်သူမို့ ပစ္စည်းကောင်းနှင့်ဈေးမှန်ကိုသာ ဘောက်ချာ ဖွင့်ပေးလိုက်သည်။

'ပြောရဦးမယ်'

'ပြောပါ ညီမ၊ ဘာများလိုအပ်တာရှိလို့လဲ'

'အခုချိန်အထိတော့ လိုအပ်တာမရှိပါဘူး၊ အေးအေးဆေးဆေးပဲဆိုပြီး အော်ဒါမှာတာတွေကိုတော့ သိပ်အချိန်မဆွဲနဲ့နော်၊ ချိန်းတဲ့ရက်တော့ ပြီးအောင် လုပ်ထားပေး၊ ကျွန်မ လာကြည့်ဖြစ်တဲ့အခါ အဆင်သင့်ဖြစ်အောင်လို့ပါ'

'စိတ်ချပါ၊ ရက်ချိန်းကလည်း ပိုပိုလိုလို ပေးထားတာ၊ ချိန်းထားတဲ့ရက်ကို ရောက်အောင်သာလာ၊ ညီမရဲ့ပစ္စည်းတွေကို မြင်ရတွေ့ရစေမယ်၊ သေသေချာချာ စနစ်တကျ သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



မှာပါ'

'ဒီလိုခင်းကျင်းပြီး ပြမထားဘဲ သိမ်းထားတာ အကောင်းဆုံးပဲ၊ တော်ကြာ နောက်လူကတွေ့လို့ မျက်စိကျပြီး အတင်းဝယ်သွားရင် ဒုက္ခဖြစ်နေဦးမယ်'

'အဲဒီလို လုံးဝမဖြစ်စေရပါဘူး၊ စိတ်ချပါ'

မန်နေဂျာကြီးကတော့ ပစ္စည်းတော်တော်များများ ရောင်းလိုက်ရ၍ ကျေနပ်နေ၏။ ဝန်ထမ်းတွေကတော့ အမျိုးသမီးကို အထူးအဆန်းသဘောမျိုး မသိမသာကြည့်နေကြသည်။

'ဒါတွေတင်မကသေးဘူးနော်၊ စိတ်ကူးပေါ်လာတဲ့အခါ လိုတာတွေကို ကျွန်မ ထပ်လာဝယ်ဦးမှာ'

'ရပါတယ်၊ ကျေးဇူးလည်းတင်တယ်။ ဒါနဲ့ ငွေရှင်းဘောက်ချာကို ဘယ်နာမည်နဲ့ ဖွင့်ရမှာလဲ၊ ညီမနာမည်နဲ့ပဲလား'

'ကျွန်မ နာမည်ပဲရေးပါ၊ 'နီနီခိုင်ဝေ'လို့ရေးလိုက်ပါ'

နီနီခိုင်ဝေဆိုသောအမည်ကိုတော့ ဆိုင်ကလူတွေတော်တော်လေး အမှတ်ရသွားကြ၏။ တစ်ယောက်တည်း





လာပြီး မင်္ဂလာပရိဘောဂပစ္စည်းတွေကို ဝယ်ပုံက တော်တော်လေးထူးဆန်းနေ၏။

ပြီးတော့ ပစ္စည်းများကို ချက်ချင်းမယူဖြစ်ဘဲ ဆိုင်မှာပဲထားဦးမည်ဟု ဆို၏။ ဘယ်အချိန်၊ ဘယ်ကာလအထိကြာမည်ဆိုတာကို 'နီနီခိုင်ဝေ'က မပြောခဲ့။

မန်နေဂျာဖြစ်သူကလည်း ရောင်းရဖို့ အဓိကတွေးပြီး မမေးမြန်းဖြစ်လိုက်ခဲ့ပေ။

⁂



www.burmeseclassic.com

www.burmeseclassic.com

# အပွင့် (နှစ်)

ဆောင်းနေမှာ အပူမလျော့။

တံလျှပ်တို့ပင် ကတ္တရာလမ်းပေါ်မှာ အတိုင်းသားရှိနေကြ၏။ အေးငြိမ်းစွာ နားခိုနိုင်သော နေအပူမှကင်းလွတ်ရာဆိုင်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

သွားလာလှုပ်ရှားထားမှုများကြောင့် ကားမောင်းသူ အမျိုးသားရော၊ အနားမှာထိုင်လိုက်လာသူ အမျိုးသမီးပါ ပင်ပန်းနေကြ၏။

အမျိုးသားဖြစ်သူက စိတ်ရောလူပါ ပိုပင်ပန်းနေမည်ထင်သည်။

ကားပေါ်မှဆင်းပြီး တံခါးမှန်တွေကို အမျိုးသား





လိုက်ပိတ်၏။ အနားမှာရှိနေသော အမျိုးသမီးက လက်ကိုင်ပုဝါကို လှမ်းပေးရင်း...

'ကိုကိုတော့ စိတ်ရောလူပါ အရမ်းပင်ပန်းနေတာ သိသာလွန်းတယ်၊ ချွေးတွေသုတ်လိုက်ဦး ကိုကို'

'ကျေးဇူးပဲ 'မွန်မြတ်ဦး' ရယ်'

နှုတ်သာသင်းသင်းရနံ့ကြောင့် ရင်အေးသွား၏။ အလိုက်သိတတ်မှုကြောင့်လည်း အမျိုးသားခမျာ အမော အပန်းတွေ ပြေပျောက်သွားရ၏။

သူတို့နှစ်ဦး၏ အယုအယများကို ဘယ်သူပဲ ကြည့်ကြည့်၊ ဘယ်သူပဲမြင်မြင် ချစ်သူတွေဟု နားလည်ကြမည်။

တကယ့်ကို ရှေ့သွားနောက်လိုက်ညီသော အတွဲဟု ကောင်းချီးပေးကြမည်။ တကယ်တမ်းမှာလည်း ဘဝတစ်ခုကို ထူထောင်ကြဖို့ မင်္ဂလာဦးအတွက် နှစ်ဦးသား ပြင်ဆင်နေသော အချိန်အခါလည်းဖြစ်၏။

'အအေးမသောက်နိုင်သေးဘဲ ဘာတွေများ လုပ်နေတာလဲ မွန်မြတ်ဦး'

ကိုကို...ဟု အခေါ်ခံရသူ အမျိုးသား၏အသံက ကြီးနိုင်၏။ ဖျတ်ဖျတ်သော မွန်မြတ်ဦး၏မျက်နှာကလေး



www.burmeseclassic.com

www.burmeseclassic.com



က ရှင်းသန့်ပြီး မြင်ရသူကို စိတ်ရှင်းအေးစေသည်ပဲ။

'ဒီပစ္စည်းလေးတွေက တခြားတော့ မဟုတ်ဘူး ကိုကို၊ မွန်မြတ်ဦးတို့နှစ်ယောက်အတွက် နမူနာ အဖြစ် တိုင်ပင်လို့ရအောင် ဒေါ်လေးဆီကနေ မနည်းတောင်းယူလာရတာ'

'ဘာလဲ အဒေါ်အပျိုကြီးဆီကလား'

ချစ်စခင်စ သက်တမ်းတွေ ရှည်လျားခဲ့ပြီးပြီ။ ထိုဘဝတွေမှ တစ်ဆင့်တက်ပြီး မခွဲမခွာနေ့ည တို့နှင့်အတူ တပေါင်းတစည်းတည်း ဖြစ်ကြတော့မည်ပဲ။

'ဟုတ်တယ် ကိုကို၊ ဒေါ်လေးက အပျိုကြီးဖြစ် နေပေမယ့် မင်္ဂလာဆောင်ဖိတ်စာတွေကို အမှတ် တရသိမ်းတာ ဝါသနာပါတယ်လေ'

'ဖိတ်စာနမူနာတွေကိုး'

ဖိတ်စာတွေကိုကြည့်ပြီး အမျိုးသား၏အမူအရာ တို့ အားလျော့လျော့ဖြစ်သွား၏။ မွန်မြတ်ဦးဆိုသူကတော့ အလုံးစုံတက်ကြွရွှင်လန်းလို့နေသည်။

'ဘယ်လိုပုံစံမျိုးကြိုက်လဲ ကိုကို၊ မွန်မြတ်ဦး ကတော့ ဒီဖိတ်စာအရောင်လေးနဲ့ ဒီစာအိတ်ပုံ လေးကို အကြိုက်ဆုံးပဲ သိလား၊ ဒီအရောင် လေးပေါ်မှာပဲပေါ့၊ စွယ်တော်ရွက်လေးတစ်ရွက်





ကို သဘာဝအတိုင်းဖြစ်အောင် ထည့်ရိုက်ချင် တယ်'

ဖိတ်စာတွေကတော့ အမျိုးအမယ်စုံလွန်းလှ သည်။

အရောင်စုံ ဒီဇိုင်းစုံပင်...။

'မွန်မြတ်ဦး ကြိုက်တဲ့ပုံစံ၊ စိတ်ကူးထားတဲ့ အတိုင်းပဲ ပြောပြီး အပ်လိုက်ကြတာပေါ့၊ ဒါနဲ့ စာကြမ်းရော စီထားပြီးပြီလား'

'ရေးလာခဲ့တယ် ကိုကို၊ ဖတ်ကြည့်လိုက်ဦး၊ မွန်မြတ်ဦးစိတ်ကူးနဲ့ ရေးထားတာ၊ လိုတာပိုတာ တွေရှိရင် ရှိနေဦးမှာလေ'

မင်္ဂလာဦးအတွက်၊ ကြင်စဦးအတွက်၊ အကွက် စေ့အောင် မွန်မြတ်ဦးက စိတ်ကူးယဉ်ထား၏။

စာကြမ်းစီလာခဲ့ခြင်းဟု ပြောလို့မရသော အနေ အထား...။

ပြီးပြည့်စုံသော ဖိတ်စာတစ်စောင်နီးပါး၊ ကြို တင်ရင်ခုန် ခံစားထားခြင်းဖြစ်၏။

※ ※ ※

ချစ်သူဘဝမရောက်ခင်နှင့် ရောက်ပြီးစကာလ များမှာတော့ ယောကျ်ားတွေ၏ လှုပ်ရှားမှုအမူအရာတိုင်း



www.burmeseclassic.com

www.burmeseclassic.com



က သွက်လက်ပြီး သွေးဆူနေတတ်၏။

ထိုကာလများမှာတော့ မိန်းကလေးတိုင်း၏ တုံ့ပြန်မှုများသည် တစ်စုံတစ်ခုအတွက် ကြောက်ရွံ့နေသလိုမျိုး၊ ထုံထိုင်းထိုင်း လေးကန်နေတတ်၏။

မင်္ဂလာဆောင်ခါနီးမှာတော့ မိန်းကလေးအများစုမှာသွက်လက်စိတ်ပါပြီး၊ ရင်ခုန်နေသလောက်၊ယောက်ျားလေးများ၏ စိတ်ခံစားမှုများကတော့ ခြောက်ခမ်းစပြုနေသော ရေအိုင်သဖွယ်၊ လိပ်ပြာငယ်နေတတ်သည်လား။

အရာရာအတွက် လိပ်ပြာငယ်နေသော အမျိုးသားသည် ဖိတ်စာကြမ်းလေးကို လိုအပ်သည်ထက်ပိုပြီး အချိန်ယူဖတ်နေလိုက်သည်။

'အားလုံးအတွက် ပြောစရာမရှိအောင်ကိုပဲ မွန်မြတ်ဦးက စိတ်ကူးကောင်းနေတယ်၊ ဒီနေ့ဖိတ်စာအပ်ဖို့ရှိတာ သိပေမယ့် နှစ်ယောက်တွေ့တော့မှပဲ၊ ရေးကြသားကြမယ်လို့ တွေးထားခဲ့တာ။ ခုတော့ အားလုံးက အဆင်သင့်ပဲ။ တစ်ခုပဲပြောစရာရှိတယ် မွန်မြတ်ဦး'

'ဘာများလဲ ကိုကို'

မင်္ဂလာယူနေသောအချိန်ခါမျိုးမှာ အမှားအယွင်းကို အမျိုးသမီးက လက်ခံချင်ပုံမပေါ်ပေ။ သူမကိုယ်တိုင်





စိတ်ကူးဖြင့် တည်ဆောက်ထားရသော နန်းတော်ကြီးကို ပြိုမှန်မှု အစွန်းအထင်းမရှိချင်ပေ။

ပူပန်ကြောင့်ကြစိတ်ကြောင့်ပင် မွန်မြတ်ဦး မျက်နှာလေးငိုမဲ့မဲ့ ဖြစ်သွားလေ၏။

'ဘာမှ အရေးမကြီးပါဘူး မွန်မြတ်ဦးရယ်၊ အမှားလေးတစ်ခုပါပဲ၊ ပြီးတော့ ဖိတ်စာကလည်း ရိုက်ရသေးတာမှ မဟုတ်ဘဲ'

'ဘာများသွားသလဲဆိုတာကို ပြောမှာသာပြောစမ်းပါ ကိုကိုရာ'

အမျိုးသားအတွက် အသေးအဖွဲဆိုပေမယ့် အမျိုးသမီးအတွက်ကတော့ ကြီးကြီးမားမားဟု ခံစားနေ၏။

'တခြား မဟုတ်ဘူး၊ 'မင်းနိုင်အောင်' ဆိုတဲ့ ကိုကို့နာမည်အောက ရေးထားတဲ့ဘွဲ့ရဲ့ ဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်အသုံးအနှုန်းပဲ။Mathematic မဟုတ်ဘူး Mathematic၊ 'S' တစ်လုံး ပြုတ်ကျန်ခဲ့တယ်၊ ဒါကလည်း ဖြစ်တတ်ပါတယ်။ ကိုကိုလည်း ကြုံဖူးတယ်။ ကိုကိုတို့ သချာအသင်းရဲ့ အသင်းဝင်ကတ်ပြားမှာ ရေးထားတဲ့ ဆောင်ပုဒ်တစ်ခုမှာတောင် အဲဒီ 'S' ကျန်ခဲ့လို့ ရှာဘာတဲ့ဆိပ်နဲ့ ထပ်ရိုက်ထားတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြုံဖူးတယ်’

‘ဒါဆိုရင် ကိုကိုကိုယ်တိုင်ပဲ ဖြည့်ပြီးရေးလိုက်လေ၊ မွန်မြတ်ဦးလည်း သတိမထားဘဲရေးလိုက်မိတာ’

ဖိတ်စာအပ်ကြပြီဆိုကတည်းက သူတို့နှစ်ယောက် မင်္ဂလာပွဲမှာ သိပ်အဝေးကြီးမဟုတ်နိုင်တော့ပေ။

အမျိုးသမီးဖြစ်သူကတော့ ရိုးမြေကျအမြစ်တွယ်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်နေမှာ သေချာ၏။

‘ချစ်သူတွေ မဖြစ်ခင်တုန်းက တစ်မျိုးစိုးရိမ်ကြောင့်ကျခဲ့ရတယ်၊ အိမ်ထောင်သည်ဖြစ်တော့မယ်ဆိုတဲ့ အတွေးနဲ့လည်း ကြောင့်ကျနေရပြန်တယ်။ ဟိုတုန်းက ကြောင့်ကျမှုက နှစ်ယောက်တည်းနဲ့ဆိုင်ပြီး နှစ်ယောက်တည်းနဲ့ ဆုံးဖြတ်လို့ပြီးတယ်။ အခုကိစ္စတွေမှာက အသေးအဖွဲ့ကလေးကစပြီး နှစ်ယောက်တည်းသဘောနဲ့ မပြီးကြတာတွေက အများကြီးပဲနော် မွန်မြတ်ဦး’

ကြောင့်ကျခြင်းထက် စိတ်ကုန်ခြင်းဘက်သို့ ကူးပြောင်းချင်နေသောစကား၊ မင်းနိုင်အောင်ဆိုသူ၏ မျက်နှာကို မွန်မြတ်ဦးက စေ့စေ့ကြည့်ရင်းပြုံးလိုက်၏။

‘ဒါတော့ကွယ်၊ နှစ်ဖက်မိဘ အသိုင်းအဝိုင်းက





အကောင်းဆုံးကို ဖြစ်စေချင်ကြလို့ စေတနာတွေပိုနေကြတာပါ။ အခုချိန်က မွန်မြတ်ဦးတို့က စိတ်ချမ်းသာပြီးသားလေ။ သူတို့စိတ်ချမ်းသာဖို့ကိုပဲ လိုက်လျောပေးနေတာပါ။ အသေးအဖွဲကိစ္စလေးတွေအတွက်တော့ သူတို့တွေနဲ့ရောပြီး မွန်မြတ်ဦးတို့က လိုက်ခံစားနေလို့ မဖြစ်ဘူး။ မွန်မြတ်ဦးတို့နှစ်ယောက်က တသွေးတည်း၊ တသားတည်း စိတ်ထားနဲ့ လျှောက်ရမယ့်ခရီးက အရှည်ကြီးပါ၊ နှစ်ဖက်အသိုင်းအဝိုင်းကို နားလည်ပေးစမ်းပါကွယ်၊ မင်္ဂလာအခမ်းအနားပြီးသွားတာနဲ့ မွန်မြတ်ဦးတို့နှစ်ယောက်က တစ်ဘဝဖြစ်သွားပြီပဲဥစ္စာ…’

‘စိတ်အနှောင့်အယှက် သဘောမျိုးမဟုတ်ပေမယ့် တွေးကြည့်တာပါ’

‘မွန်မြတ်ဦးတို့အဖြစ်က တော်သေးပါတယ်နော်၊ အချို့တွေဆိုရင် မင်္ဂလာကိစ္စအတွက်နဲ့ ဝိုင်းစားကြတာနဲ့၊ ခေါင်းခြောက်ပြီး ခွာပြဲသွားရတဲ့သူတွေ နည်းတာမဟုတ်ဘူး’

မွန်မြတ်ဦးက အပြစ်ကင်းကင်း စိတ်ရှင်းရှင်းဖြင့် ပြောနေပေမယ့် ‘မင်းနိုင်အောင်’ဆိုသူကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျင်ဖက်…။

မင်းနိုင်အောင် ရင်ထဲမှာတော့ မွန်မြတ်ဦးလို မဟုတ်။

မင်္ဂလာဆောင်ခါနီးမှာ ဖြစ်ထရှိသော အသေးအမွှားကိစ္စကလေးများသည် မထင်မှတ်ဘဲ ကြီးကြီးမားမားတွေ ဖြစ်သွားခဲ့ကြတာ၊ သာဓကများစွာ ရှိခဲ့ဖူးကြသည်ပဲ။

⁂ ⁂ ⁂



# အဖွင့် (သုံး)

'နီနီခိုင်ဝေ'ဆိုသော အမျိုးသမီး ပရိဘောဂအရောင်းပြခန်းသို့ ရောက်လာခဲ့ခြင်းမှာ ပထမဆုံးအကြိမ်တော့ မဟုတ်ပေ။

ပထမဦးဆုံး ရောက်လာသည်။

သည့်နောက် အော်ဒါမှာထားသော ပစ္စည်းများကို လာကြည့်သေး၏။

သည်ကြားထဲ စိတ်ကူးပေါ်လာသောအခါတိုင်း လိုအပ်သည့် ပစ္စည်းများကို လာဝယ်တတ်သေး၏။

ငွေရှင်း၊ ဝယ်ခြမ်းပြီးသောပစ္စည်းများကို သူမ ညှိနှိုင်းထားသည့်စကားအတိုင်း ချက်ချင်း သယ်မသွားဖြစ်ခဲ့ပေ။

ပထမဆုံးအခေါက်မှာတော့ အားလုံးက နီနီ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝေ'ကို ဘယ်သူဘယ်ဝါဟု သတိမထားဖြစ်လိုက်ကြပေ။

ဆိုင်ကို နှစ်ခေါက်၊ သုံးခေါက်မက 'နီနီခိုင်ဝေ' ရောက်လာဖြစ်သောအခါ 'မော်ဒယ်(လ်)အေဂျင်စီ'တစ်ခုကို ဦးဆောင်ဖွင့်လှစ်ထားသော အမျိုးသမီးတစ်ယောက်မှန်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဆိုင်မှလူတွေ သိသွားကြ၏။

⁂ ⁂ ⁂

'မော်ဒယ်(လ်)မမတော့ ရောက်လာပြန်ပြီဟေ့'

ဝန်ထမ်းကောင်လေးတစ်ယောက်က အသံဖြင့် တပ်လှန့်လိုက်၏။ ဆိုင်ထဲရှိ ပုရိသအားလုံးတို့သည် ကြိုတင်မညှိနှိုင်းဖြစ်ဘဲ 'နီနီခိုင်ဝေ'ကို တစ်နည်းနည်းဖြင့် ကြည့်ဖို့ ကြိုးစားကြတော့၏။

ပုရိသတွေမှ မဟုတ်ပါလေ။

ဝန်ထမ်း ကောင်မလေးများကလည်း အလွတ် မပေးကြ။

နီနီခိုင်ဝေ၏ လှပကျော့ရှင်းမှု…၊ ဝတ်ပုံစားပုံ စတိုင်(လ်)အားလုံးကို တငေးတမော ကြည့်ခဲ့ကြတာ ချည်းပင်။





'မောင်လေးရေ ဧည့်သည်ပါလာသေးတယ်'

ထုံးစံအတိုင်းကားနားသို့ နှစ်ယောက်သုံးယောက် ပြေးသွားကြသည်။

နီနီခိုင်ဝေရှိသောဘက်ကိုသာ တံခါးဖွင့်ပေးဖို့ ကြိုးစားကြ၏။

နီနီခိုင်ဝေပြောလိုက်မှ အဖော်ပါလာသည်ကို သတိထားဖြစ်ကြသည်။

သို့သော် နောက်များစွာ ကျသွားခဲ့ပြီ။

အဖော်ပါလာသော အမျိုးသားက သူ့ဘာသာ ကားတံခါးဖွင့်ပြီး ဆင်းပြီးသားဖြစ်နေတော့၏။

အမျိုးသားမှာ နီနီခိုင်ဝေနှင့် အသက်မတိမ်း မယိမ်း။

'မင်္ဂလာခန်းဝင်အတွက်ရော၊ အိမ်အသုံးဆောင် ပစ္စည်းတွေအတွက်ပါ ဒီဆိုင်က ဈေးမှန်သလို၊ လက်ရာကောင်းပြီး ပစ္စည်းအသန့်ဆုံးပဲ၊ မင်း နိုင်အောင်'

နီနီခိုင်ဝေ ပြောလိုက်သော လေသံနှင့်အမူအရာတို့က ကြော်ငြာတစ်ခုကို မိတ်ဆက်ပြောပြနေသလိုမျိုး၊ အခမ်းအနားတစ်ခုမှာ မိတ်ဆက်စကားပြောနေသလိုမျိုး၊ အကြားအာရုံအတွက်ရော၊ အမြင်အာရုံအတွက်ပါ နားဝင်



www.burmeseclassic.com

www.burmeseclassic.com



ချို၊ ကြည့်ကောင်းစရာဖြစ်နေ၏။

မန်နေဂျာဖြစ်သူကလည်း နီနီခိုင်ဝေနှင့် အဖော် အမျိုးသားကို ခရီးဦးကြိုပြုလိုက်သည်။

'ညီမရေ၊ ဒီဇိုင်းအသစ်တွေ ဆိုင်မှာ ထပ်ရောက် နေတယ်။ ဆွယ်တာတော့ မဟုတ်ဘူးနော်။ အရင်ပစ္စည်းဒီဇိုင်းတွေကို မကြိုက်လို့ လဲချင်လဲ လို့ရတယ်၊ အဖိုးအခကိစ္စကိုတော့ လူရင်းတွေမို့ အထွေအထူး ပြောမနေတော့ပါဘူး'

ဒီတစ်ခါတော့ မန်နေဂျာကြီး ရောင်းချင်ဇော ကြီးသွားပုံရ၏။

နီနီခိုင်ဝေ ရောက်လာပုံ ထူးခြားကဲတည်းက သဘောပေါက်ဖို့ ကောင်း၏။

နီနီခိုင်ဝေက ပစ္စည်းထပ်ဝယ်ဖို့ ရောက်လာခြင်း မဟုတ်။

မင်းနိုင်အောင်ဆိုသောသူကို ဆိုင်သို့ခေါ်လာပြီး ဝယ်ထားသော ပစ္စည်းများကို သယ်သွားဖို့ပဲဖြစ်၏။

'ဒါနဲ့ မန်နေဂျာကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်'

အတူပါလာသူ အမျိုးသားအား နီနီခိုင်ဝေက တရားဝင်ပွဲထုတ်လေ၏။ အမျိုးသားကတော့ နီနီခိုင်ဝေ ၏ ဦးဆောင်မှုအောက်မှာ ရှိနေတာ သေချာ၏။





'မြင်ဖူးသလိုလိုပါပဲ'

'သူက 'မင်းနိုင်အောင်'တဲ့။ ကင်မရာမင်း တစ်ယောက်လေ။ ကျွန်မတို့နဲ့ လုပ်ငန်းချင်း ဆက်စပ်ပတ်သက်နေတဲ့သူပေါ့'

'ဒါကြောင့် မြင်ဖူးတယ်လို့ ပြောတာပေါ့၊ အခု မှပဲ လူနဲ့နာမည်တွဲပြီး အမှတ်ရတော့တယ်'

'မင်းနိုင်အောင်'ဆိုသောနာမည်ကို တကယ်ပဲ မန်နေဂျာကသိ၍ ပြောခြင်းလား။ ကင်မရာမင်းဆိုလိုက် ၍ ရောပြီးအလိုက်အထိုက် ပြောလိုက်တာလား မသိ။

တကယ်တမ်းမှာလည်း နီနီခိုင်ဝေ နာမည်ကြီး နေသလို၊ နီနီခိုင်ဝေကြောင့်ပင် 'မင်းနိုင်အောင်'ကို လူ တွေသိနေကြပြီပဲ။

မန်နေဂျာကြီးနှင့်တကွ ဆိုင်ထဲမှလူတွေအားလုံး နီနီခိုင်ဝေကြောင့်ပင် မင်းနိုင်အောင်ကို စိတ်ဝင်တစား ဂရုထား ကြည့်နေကြ၏။

မင်းနိုင်အောင်နှင့် နီနီခိုင်ဝေတို့ အတူတွဲပြီး ဆိုင် သို့ရောက်လာကြသည်။ အိမ်ထောင်ပရိဘောဂပစ္စည်းများ ကို နီနီခိုင်ဝေက ကြိုပြီး ဝယ်ယူထား၏။

'ကျွန်မဆီမှာပေးထားတဲ့ ပစ္စည်းစာရင်းအတိုင်း သေချာစစ်ဆေးပြီး ဒီကနေသယ်ဖို့ စီစဉ်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာကြီး၊ ပစ္စည်းတွေကို သယ်ထုတ်ရင်း မင်းနိုင်အောင်ကို ပြချင်တယ်'

'ရပါတယ်၊ အားလုံးအဆင်ပြေအောင် လုပ်ပေးရမှာပေါ့။ ဒီနေ့အပြီးသယ်မှာလား'

'ဟုတ်တယ် မန်နေဂျာကြီး'

နီနီခိုင်ဝေ ဝယ်ထားသည့် ပစ္စည်းများကို စတိုခန်းမှာ သပ်သပ်ဖယ်ထားပြီးသား ဖြစ်၏။

ပစ္စည်းတွေသယ်တော့မည်ဆိုမှ သိမ်းထားပေးရသည့်သက်တမ်းကို စိတ်မှန်းဖြင့် မန်နေဂျာကြီး တွက်ကြည့်မိ၏။

မှတ်မှတ်ရရ စပြီးဝယ်သည့်နေ့မှဆိုရင် နှစ်ပေါက်လုနီးပါး ကြာမြင့်သွားတာကို သတိထားဖြစ်လိုက်၏။

※ ※ ※

'ပစ္စည်းတွေက တော်တော်စုံပြီး အရမ်းများလှန်းနေပါလား နီနီခိုင်ဝေ'

သယ်ထုတ်လာသော ပစ္စည်းတွေကိုကြည့်ရင်း မင်းနိုင်အောင်က အံ့သြစွာပြောလိုက်၏။

မင်းနိုင်အောင်အဖို့ ထူးဆန်းနေပေမယ့် နီနီခိုင်ဝေအတွက်ကတော့ မထူးဆန်းတော့ပေ။





'ငါ့အနေနဲ့ ဒီပစ္စည်းတွေအားလုံးကို တစ်ရက်တည်း တစ်ထိုင်တည်း ဝယ်ထားခဲ့တာ မဟုတ်ဘူး၊ အနည်းဆုံး ငါးခေါက်လောက်လာပြီး ဝယ်ပြီး သိမ်းထားခိုင်းတာ၊ ဒါကြောင့် အားလုံးက အဆင်သင့်ဖြစ်နေတာပေါ့'

'စိတ်ရှည်ပြီး အပင်ပန်းခံတာကိုတော့ ငါ့အနေနဲ့ မချီးကျူးဘဲ မနေနိုင်ဘူး နီနီခိုင်ဝေ'

မင်းနိုင်အောင်က ထုတ်ဖော်ချီးကျူးနေပေမယ့် နီနီခိုင်ဝေကတော့ တုန်လှုပ်ကျေနပ်ခြင်းမပြပေ။

ဝယ်ထားသော ပစ္စည်းတွေကို ပြောပြနေပြန်၏။

'စာကြည့်စားပွဲကအစ စိတ်တိုင်းကျ လုပ်ထားပေးတာ၊ စာကြည့်ခန်းမှာထားဖို့ သစ်ထွင်းပန်းချီကားကိုပါ နန်းဆန်အောင် ငါ အော်ဒါမှာထားတာလေ၊ ဒီပစ္စည်းတွေအားလုံးက အသုံးဝင်ပြီး စိတ်ကျေနပ်စရာတွေချည်းပဲ၊ နင်သဘောကျတယ် မဟုတ်လား မင်းနိုင်အောင်'

အလုပ်သမားတွေကတော့ ချွေးတလုံးလုံးဖြင့် ပစ္စည်းတွေကို တစ်ခုချင်းသယ်ထုတ်နေ၏။

အလှအပကို ဂရုထားတတ်သော စတိုင်(လ်) ဖြစ်အောင် ဖန်တီးတတ်သော နီနီခိုင်ဝေ၏ အလေ့အထ



www.burmeseclassic.com

www.burmeseclassic.com



အရဲ ပရိဘောဂပစ္စည်းများကို စိတ်ကူးကောင်းကောင်းဖြင့် စုဆောင်းတတ်ခြင်းပဲလေ။

'ဒီပစ္စည်းတွေအားလုံးကို တစ်ခေါက်တည်းနဲ့တော့ သယ်လို့မဖြစ်ဘူး၊ ဆိုင်ကရှိတဲ့ကားနဲ့ လေးခေါက်လောက်တိုက်မှကုန်မှာ။ ပို့ပေးရမယ့် လိပ်စာကို လမ်းညွှန်ပါဦး'

မန်နေဂျာကြီးရော၊ အလုပ်သမားတွေအားလုံးပါ အလုပ်ရှုပ်သွားကြတာ အမှန်ပဲဖြစ်၏။

'ပေးမယ် မန်နေဂျာကြီး၊ အဲဒီအိမ်မှာ ကျွန်မလူတွေစောင့်နေကြတယ်၊ ပစ္စည်းစာရင်းမိတ္တူတစ်ရွက်လည်း သူတို့ဆီမှာ ရှိတယ်။ ဒီကသွားမယ့်လူက သေသေချာချာ ပစ္စည်းတွေအပ်ဖို့ မှာလိုက်ပါဦး'

'အမှားအယွင်း မရှိစေရပါဘူး'

'အေးအေးဆေးဆေး အချိန်ယူပါနော်၊ ချပြီးပို့ပြီးတာနဲ့ တာဝန်ကျေပြီလို့ သဘောမထားဖို့လည်း မန်နေဂျာကြီးရဲ့လူတွေကို မှာလိုက်ဦး၊ ဟိုကလူတွေ နေရာချပြီးတဲ့အထိ ရွှေ့လို့ပြောင်းလို့ပြီးတဲ့အထိ စိတ်ရှည်ရှည်စောင့်ပေးဖို့မှာလိုက်ပါ။ အလုပ်သမားခ ကုန်ကျစရိတ်ကို ကျွန်မ





ကပဲ သပ်သပ်ထပ်ရှင်းပေးပါ့မယ်'

ဒီပစ္စည်းတွေကို ပို့ပေးရုံတာဝန်သာမဟုတ်။ အိမ်မှာ နေရာတကျဖြစ်အောင် သယ်ဖို့ ရွှေ့ဖို့တာဝန်ကလည်း ရှိနေပြန်၏။ ဒီပုံစံအတိုင်းဆိုရင်တော့ ပစ္စည်းတွေသယ်တာ၊ နေရာချတာနှင့် တစ်နေကုန်သွားနိုင်၏။

'နင်ကတော့ အံ့သြဖို့ကောင်းလောက်အောင်ကို ပြင်ဆင်ပြီးမှ ငါ့ကို ခေါ်လာခဲ့တာပဲနော် နီနီခိုင်ဝေ'

'ဒါကလည်း ငါဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ မဟုတ်ဘူး၊ နင့်ကုသိုလ်ကံကိုက ကောင်းနေတယ်လို့ နင်ယူဆလို့ရတယ်လေ၊ မင်းနိုင်အောင်'

'ပရိဘောဂပစ္စည်းတွေ ဝယ်မယ်ဆိုတော့ ဆိုင်ကို ဒီတိုင်းသွားပြီး ဝယ်မယ်ထင်နေခဲ့တာ၊ ပစ္စည်းတွေ ကြိုဝယ်ထားမှာကို မတွေးမိသလို အိမ်မှာ နေရာချပြီး ပြင်ဖို့ဆင်ဖို့အထိ နင်စီစဉ်ပြီးသားဆိုတာကို ငါ တကယ်မတွေးဖြစ်ခဲ့ဘူး နီနီခိုင်ဝေ'

နီနီခိုင်ဝေကို တအံ့တသြကြည့်ရင်း မင်းနိုင်အောင် ချီးကျူးမြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အနေနဲ့ စိတ်ရောလူပါ အပင်ပန်းခံရမှာပေါ့၊ ဘဝတစ်ခုအတွက်၊ ကြင်စဦးအတွက်၊မကြောင့်မကျ စိတ်လက်ချမ်းသာစေဖို့ အနုပညာစိတ်နဲ့ ဖန်တီးထားတာပဲ၊ နင် ကျေနပ်ဝမ်းမြောက်ဖို့ပေါ့၊ စိတ်တိုင်းရောကျရဲ့လား မင်းနိုင်အောင်'

နီနီခိုင်ဝေ၏အကြည့်များကတော့ မင်းနိုင်အောင်လိုမှုဟုတ်၊ ရင်ထဲမှ စိတ်ခံစားမှုကြောင့် အသံများပင် အဖျားခတ်ပြီး တုန်ယင်နေ၏။

နီနီခိုင်ဝေကိုကြည့်ပြီး မင်းနိုင်အောင် အကြည့်များလည်း ရီဝေသွားရပြန်၏။

'စိတ်ကျေနပ်မှု ဖြစ်စေတာကတော့ အတိုင်းထက်အလွန်ပါပဲ နီနီခိုင်ဝေ၊ ဒီလောက်အထိ ကြီးကျယ်ခမ်းနားမှုမျိုးတွေနဲ့ ကြုံကြိုက်ရလိမ့်မယ်လို့ မထင်ထားခဲ့တော့၊ ဘယ်လိုစကားလုံးမျိုးနဲ့ ပြောပြရမှန်းတောင် ငါ မသိတော့ဘူး နီနီခိုင်ဝေ'

'နင် ကျေနပ်ဝမ်းမြောက်တယ်ဆိုရင် ပြီးတာပါပဲ မင်းနိုင်အောင်၊ ငါ့ဆန္ဒတွေလည်း ပြည့်ဝသွားပြီလေ'

ပရိဘောဂပစ္စည်းများကို မင်းနိုင်အောင် စိတ်





တိုင်းကျစေဖို့ 'နီနီခိုင်ဝေ'ကြိုးစားပမ်းစား လုပ်ထားပုံက အံ့မခန်းပါပဲဟု အားလုံးက ထင်မြင်ကြပေလိမ့်မည်။ တကယ်လည်း အချိန်ယူပြီး စနစ်တကျ နီနီခိုင်ဝေ ဖန်တီးခဲ့သည်ပဲ။

သည်ဖြစ်ရပ်တွေကြောင့်ပင် 'မင်းနိုင်အောင်'ကို ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ယောကျ်ားတစ်ယောက်ဟု အားလုံးက တွေးထင်ကြမှာ မလွဲပါလေ…။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com

၁။

ဖြတ်သန်းကျင်လည်ခဲ့ရသော ငယ်ဘဝနှင့် ပတ်ဝန်းကျင်သည် ငြိမ်းငြိမ်းချမ်းချမ်းနှင့် ခပ်ကျဥ်းကျဥ်းသာ ဖြစ်ခဲ့၏။

ငယ်ဘဝအိပ်မက်တွေကလည်း များများစားစား မျှော်လင့်ချက်မရှိခဲ့ပေ။

ဆယ်တန်းနှစ်မှာပင် မိမိမော်ဆိုသော သူငယ်ချင်းမတစ်ယောက်နှင့် သံယောဇဥ်ဖြစ်ကြသည်။

သူမနှင့် မိမိမော်တို့ကြားမှာ သံယောဇဥ်တွေ များများစားစား ရှိခဲ့ကြပေမယ့် အခြေအနေချင်းကတော့ မိုးနှင့်မြေလိုကွာ၏။

မိမိမော်၏ဘဝ...

အိပ်မက်တွေနှင့် ဝန်းကျင်တို့သည် သူမတို့နှင့်တော့ တထီးတန်းပင် ဖြစ်နေခဲ့၏။

လောကနတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းဖြေပြီးသောအချိန်၊ မိမိမော်၏အဆွယ်ကောင်းမှုကြောင့်ပင် သင်တန်းတွေ အတော်များများ တက်ဖြစ်ခဲ့ပြန်၏။

'အလှဓာတ်ပုံတွေကို ကောင်းကောင်းမွန်မွန် ငါ ရိုက်ရမယ် 'ရည်မွန်ဦး'၊ ဂျပန်က ငါ့ဒယ်ဒီနဲ့ မာမီတို့က လှမ်းတောင်းထားတယ်၊ ဘွားဘွား ကလည်း ရိုက်စေချင်နေတာ သည်းသည်းလှုပ်ပဲ၊ သမီးလေးတစ်ယောက်တည်း မွေးထားပြီးတော့ အရုပ်ဆိုးလိုက်တာလို့ အကဲ့ရဲ့မခံရအောင် ရိုက်မှဖြစ်မှာ'

အဘွားဖြစ်သူနှင့်မြန်မာပြည်မှာ မိမိမော်နေသော်လည်း မိဘများကတော့စီးပွားရေးလုပ်ငန်းများအရ ဂျပန်မှာအခြေကျနေသူများဖြစ်၏။

ဆယ်တန်းအောင်ပြီးရင်တော့ ဂျပန်ကို မိမိမော် လိုက်သွားဖြစ်မည်ဟု အကြမ်းဖျင်းသိထား၏။

'ဒါများ မိမိမော်ရယ်၊ ဓာတ်ပုံဆိုင်သွားပြီး ရိုက်ပို့ပေးလိုက်ပေါ့၊ ဒီလောက်လွယ်တဲ့ကိစ္စကိုများ နင်မို့လို့ ခေါင်းစားနေတာ'

'နင်ပြောသလို တွေ့တဲ့ဓာတ်ပုံဆိုင်မှာ ဖြစ်သလို ရိုက်လိုက်ရင်တော့ မလှမပ ငါ့ရုပ်ရည်က ပိုပြီး





ရုပ်ပျက်ဆင်းပျက်တွေ ထွက်လာမှာ သေချာနေပြီ၊ အဲဒါကိုရော သိရဲ့လား ရည်မွန်ဦး'

အလှဓာတ်ပုံရိုက်ခြင်းက သာမန်မဟုတ်ဘဲ ကြီးကျယ်ခမ်းနားဖို့ မိမိမော် ကြိုးစားချင်နေပုံရသည်။

'နင်က ဘယ်လိုပုံစံမျိုးရိုက်ချင်တာလဲ မိမိမော်' သိသင့်သည်ထင်၍ မေးလိုက်မိသည်။

မိမိမော်ကလည်း ဖြစ်ချင်သည့်ဆန္ဒများကို စီကာပတ်ကုံးပြောပြ၏။

'ငါရိုက်ဖူးတဲ့ဓာတ်ပုံတိုင်းဟာ ရိုးရိုးနဲ့ပြီးစလွယ်ရိုက်ဖြစ်တာ၊ နင့်လောက်ရုပ်မရှိတော့ ဓာတ်ပုံရိုက်တာကို ငါ ဝါသနာမပါဘူးလေ ရည်မွန်ဦး၊ အခုကိစ္စက ဂျပန်ကို လှမ်းပို့ပေးရမှာဆိုတော့ ပြီးစလွယ်နဲ့ဖြစ်သလိုရိုက်လို့ မဖြစ်ဘူး၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေက အလှစာမျက်နှာပုံတွေ အဖုံးပုံတွေကို မြင်ဖူးတယ်မဟုတ်လား၊ မိတ်ကပ်ကအစ၊ အဝတ်အစားဒီဇိုင်းအဆုံး သေသေချာချာ ပြင်ဆင်ပြီး ကင်မရာမင်းတစ်ယောက်ယောက်နဲ့ အသေအချာရိုက်မှဖြစ်မှာ၊ ဒါမှလည်း ငါ့ပုံတွေက ကြည့်ပျော်ရှုပျော်ပုံတွေ ထွက်လာမှာပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



မိမိမော် ရှင်းပြမှ သဘောပေါက်သွားသည်။

မဂ္ဂဇင်းအဖုံး၊ အတွင်းအလှစာမျက်နှာမှာပါဖို့ ငွေကုန်ခံပြီး တခမ်းတနားရိုက်ကြတာကို ကြားဖူးနားဝ ရှိထားဖူး၏။ မိမိမော်၏အခြေအနေကလည်း ကုန်ကျမည့်ငွေကြေးပမာဏကို ထည့်တွက်စရာမလို… တစ်ခုပဲ ပြောစရာရှိသည်က စာမျက်နှာတွေမှာ ဖော်ပြခံလောက်အောင် မိမိမော်မှာ ရုပ်ရည်မရှိခြင်းပဲဖြစ်၏။

'ဩော်… ဒီလိုမျိုး နှင်က ရိုက်မှာကိုး'

'ဟုတ်တယ် ရည်မွန်ဦး၊ အလှအပကိစ္စနဲ့ ဝတ်တာစားတာတွေကို ငါသိပ်ဂရုမစိုက်သလို၊ စိတ်မဝင်စားဘူးဆိုတာ နှင်သိနေတာပဲ၊ နှင်က ငါ့ထက်စာရင်တော့ အခုကိစ္စတွေမှာ တော်တော်များများ ပတ်သက်နေတဲ့သူ မဟုတ်လား'

'နှင်ပြောချင်တဲ့သဘောက ဘာလဲ မိမိမော်'

'နှင်ရိုက်ထားတဲ့ ဓာတ်ပုံလေးတွေကို ငါကြည့်ဖူးတယ်၊ နှင့်ရဲ့နဂိုရှိပြီးသားအလှက ကင်မရာမင်းရဲ့ ရိုက်ချက်တွေကြောင့်ပေါ်လွင်ခဲ့တာချည်းပဲ၊ နှင် ငါ့ကို မိတ်ဆက်ပေးဖူးတယ်လေ၊ နှင့်အစ်ကို ကိုမင်းနိုင်အောင်က ကင်မရာမင်းတစ်ယောက် မဟုတ်လား'





ကိုမင်းနိုင်အောင်အကြောင်းနှင့်နောက်ဆုံးအဆုံးသတ်လိုက်တော့မှ မိမိမော်ပြောချင်သည့် အဓိကအကြောင်းကို သိလိုက်ရ၏။

'ဘာလဲ… ဒါ့ခွ နှင်အလောသုံးဆယ်လုပ်ချင်နေလို့ ကိုမင်းနိုင်အောင်ရဲ့ အကူအညီကို လိုတာလား မိမိမော်'

မိမိမော် တောင်းဆိုတာကို ဘာမှ မကူညီစရာအကြောင်းမရှိပေ။

'ဟုတ်တယ် မွန်မြတ်ဦး၊ ဓာတ်ပုံရိုက်မယ့်ကိစ္စ အဝဝအတွက် နှင့်အစ်ကိုနဲ့ အခုချက်ချင်းကို တွေ့မှဖြစ်မယ်'

'နှင့်စိတ်ကို ငါသိပါတယ် မိမိမော်၊ နှင်ကလုပ်ချင်ပြီ ဖြစ်ချင်ပြီဆိုရင် တစ်စက္ကန့်လေးတောင် စောင့်ချင်တာ မဟုတ်ဘူး၊ နှင့်မှာကားရှိနေတာပဲ၊ သူ့အလုပ်ခန်းကို ငါတို့နှစ်ယောက် အခုသွားတွေ့လိုက်ကြတာပေါ့ဟာ'

ဓာတ်ပုံရိုက်ခြင်းကိစ္စက မိမိမော်အတွက် အရေးကြီးနေသောကိစ္စ။ ကိုမင်းနိုင်အောင်နှင့် မြန်မြန်တွေ့ပြီး မြန်မြန်အလုပ်ဖြစ်ဖို့ပဲ အရေးကြီးသည်လေ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ အပြင်ခဏသွားတယ်'

'ဘယ်သွားတာလဲ ကြာမှာလား'

အလုပ်ခန်းကို ရောက်သွားချိန်မှာတော့ ကိုမင်းနိုင်အောင်က ရှိမနေ။ တွေ့အောင်လာခဲ့မှတော့ တွေ့ရမည်ဆိုသောစိတ်က ကြီးစိုးနေ၏။

'ဧည့်သည်တွေနဲ့ လက်ဖက်ရည်ဆိုင် ခဏသွားတာပါ'

'ဘယ်နားကဆိုင်လဲ၊ ကျွန်မတို့ လိုက်သွားလိုက်မယ်လေ…'

အလုပ်ထဲမှလူတွေအားလုံးက ယောကျ်ားလေးတွေဖြစ်၏။ သူမကိုလည်း သိဖူးထားပုံ မြင်ဖူးထားပုံ မရှိကြပေ။ သူမဘက်က အပိုင်ဆိုပြီး မိမိမော်ကို ခေါ်လာခါမှ ကိုမင်းနိုင်အောင်က အဆင်သင့်ရှိမနေပြန်။

'ဓာတ်ပုံရိုက်ဖို့ ရက်ချိန်းယူမှာလား၊ ခဏလေး ဒီကပဲ ထိုင်စောင့်နေပါ၊ ကျွန်တော်တို့ပဲ သွားခေါ်ပေးပါ့မယ်'

'ဓာတ်ပုံရိုက်မယ့် ကိစ္စအတွက် လာခဲ့တာတော့ ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့လာတဲ့ မျက်နှာစိမ်းတော့ မဟုတ်ဘူး၊ မွန်မြတ်ဦးတို့ ထိုင်စောင့်နေတယ်လို့သာ သူ့ကို ပြောလိုက်ပါ…'





'ဟုတ်ကဲ့ပါ'

သူမ၏ အပြောအဆိုတွေကြောင့်ပင် ကိုမင်းနိုင်အောင်၏ အပေါင်းအသင်းများက ခေါင်းထောင်ကြည့်ကြ၏။

'ဟဲ့… မွန်မြတ်ဦး၊ ဒီကလူတွေက နင့်အစ်ကိုဆိုတာကို မသိကြဘူးလား၊ နင့်ကို မသိကြတာတော့ သေချာတယ်'

'ဒါကြောင့် ငါ တမင်စီးစီးပိုးပိုး ပြောလိုက်တာပေါ့၊ နင် အသာနေစမ်းပါ မိမိမော်ရာ'

'နင့်အစ်ကိုက ဓာတ်ပုံရိုက်တာပဲ ပြီးရင်ပြီးမှာ၊ မိတ်ကပ်တို့၊ အဝတ်အစားဒီဇိုင်းတို့ကျတော့ရော အဆင်ပြေပါ့မလား'

'အဲဒီအတွက် မစိုးရိမ်နဲ့ မိမိမော်၊ 'နီနီခိုင်ဝေ' ဆိုတာကို ကြားဖူးတယ် မဟုတ်လား'

'ဘာလဲ… မော်ဒယ်(လ်)အေဂျင်စီဖွင့်ပြီးနာမည်ကြီးနေတဲ့သူမဟုတ်လား'

'ဟုတ်တယ်၊ နီနီခိုင်ဝေက အဲဒါတွေအားလုံးကို လုပ်ပေးနိုင်တယ်၊ တစ်ခုတော့ရှိတယ်၊ နီနီခိုင်ဝေကတော့ ငါနဲ့မရင်းနှီးဘူး၊ ကိုမင်းနိုင်အောင်နဲ့တော့ အတော်လေးကို ရင်းနှီးတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအဆက်အစပ်အရရှောပုဂ္ဂိုလ်ရေးအပိုင်း ပါ ရင်းနှီးကြတာ၊ သူတို့က ကျောင်းတုန်းက တည်းက သူငယ်ချင်းတွေလေ'

'ဒါဆိုရင်တော့ အဆင်ပြေတာပေါ့ မွန်မြတ်ဦးရာ'

'တစ်ခုပဲ စိုးရိမ်စရာရှိတယ်'

'ဘာများလဲ မွန်မြတ်ဦး'

'တခြားတော့ မဟုတ်ဘူး၊ ကိုမင်းနိုင်အောင် အတွက်ကိုတော့ နင် ခေါင်းထဲမထည့်ထားရပေ မယ့် နီနီခိုင်ဝေအတွက်တော့ နင်ထည့်ထားမှ ဖြစ်မယ်၊ ဒီမိန်းမက မအောင်မြင်ခင်ကတည်း က နည်းနည်းဘဝင်မြင့်ပြီး ကြီးကျယ်တတ်တာ လို့ ငါ သိထားတယ်၊ အဖိုးအခကတော့ နင့် နေအောင်ယူမလား မသိဘူး၊ ဒီတစ်ခုတော့ နင် ကြိုသိထားသင့်တယ်'

'ငွေရေးကြေးရေးကပြဿနာမရှိဘူး၊ ဒီလောက် အလုပ်ရှုပ်နေတဲ့ အမျိုးသမီးက ငါ့လိုဘာမှ မဖြစ်စလောက်ကိစ္စလေးကို လုပ်ပေးပါ့မလား ဆိုတာအတွက်ပဲ စိုးရိမ်တာ'

'ဒီပြင့်လူအနေနဲ့ သူ့ဆီရောက်သွားရင်တော့ တစ်





မျိုးပေါ့၊ ငါလည်း အာမမခံနိုင်ဘူး။ ကိုမင်း နိုင်အောင်နဲ့ ပတ်သက်နေတော့ အိုက်တင်တော့ ခံမှာပဲ။ အလုပ်ဖြစ်မှာတော့ သေချာတယ်'

ကိုမင်းနိုင်အောင်နှင့် သူမတို့အနေအထား၊ ပြီးတော့ နီနီခိုင်ဝေနှင့် ကိုမင်းနိုင်အောင်တို့ဆက်ဆံရေးတွေကိုတော့ မိမိမော်တစ်ယောက် အလုံးစုံမသိနိုင်ပေ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

၂။

'နီနီခိုင်ဝေ… ငါပါ… မင်းနိုင်အောင်ပါ'

ကိုမင်းနိုင်အောင် ရောက်လာသည်နှင့် မိမိမော် ဖြစ်ချင်သော ပုံစံများကို ပြောပြလိုက်သည်။ ချက်ချင်း ဆိုသလိုပင် ကိုမင်းနိုင်အောင်က နီနီခိုင်ဝေထံသို့ ဖုန်း လှမ်းဆက်လိုက်၏။

'ဒါဆိုလည်း နင့်ရုံးခန်းကိုပဲ ငါတို့လာခဲ့မယ် လေ၊ အဲဒီရောက်မှပဲ စကားပြောကြတာပေါ့'

သူမနှင့်သာ အသိအကျွမ်း မဖြစ်ခဲ့ရင်တော့ နီနီ ခိုင်ဝေနှင့်မိမိမော်တို့ ပတ်သက်နိုင်စရာအကြောင်းမရှိပေ။

ကိုမင်းနိုင်အောင်လိုလူမျိုး ဖုန်းလှမ်းဆက်တာ တောင်မှ လေကုန်မှာစိုးလို့ စကားကြောမရှည်တာ သိ သာလွန်းသည်။





'သူ့ဆီကို မွန်မြတ်ဦးတို့ပါ လိုက်လို့ဖြစ်ပါ့မလား ကိုမင်းနိုင်အောင်၊ ကိုယ့်ဘာသာကိုယ်ပဲသွားပြီး ပြောကြည့်လိုက်ပါလား'

'လိုက်ခဲ့ပါ မွန်မြတ်ဦးရဲ့၊ သူက အကြံဉာဏ် ပေးနိုင်သလို လိုအပ်တာမှန်သမျှတွေလည်း အကူအညီပေးနိုင်ပါတယ်'

'ဟုတ်သားပဲ မွန်မြတ်ဦးရယ်၊ ငါတို့တွေ လိုက် သွားကြရအောင်'

အခုအနအထားမျိုးမှာ သူမတစ်ယောက်သာ နီနီ ခိုင်ဝေနှင့် မသိကျွမ်းလို၊ မဆုံလိုခြင်းရှိမည် ထင်၏။ ဘယ်သူမဆို နီနီခိုင်ဝေနှင့် သိချင် ခင်ချင်ကြမှာ သေချာ နေ၏။ ကိုမင်းနိုင်အောင်က အာမခံပြီးခေါ်နေမှတော့ ငြင်းလို့ မကောင်းတော့ပေ။ မိမိမော်ကလည်းတွေ့ချင်နေ တာ သည်းသည်းလှုပ်နေ၏။

'ခတ်ပုံရိုက်တာက တစ်ရက်ဆို လုံလောက် တယ်။ ပုံကူးတာလည်း ဘာမှမကြာဘူး။ မိတ် ကပ်ဆရာကလည်း ဒီလောက်မဟုတ်ဘူး။ မိမိ မော်နဲ့လိုက်မယ့် အဝတ်အစား ဒီဇိုင်းတွေချုပ်ဖို့ ဝယ်ဖို့အတွက်ပဲ ရက်ကြာမှာ'

'သူက ရုပ်သာမလှတာ၊ ကြွားချင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



လွန်ရောပဲ ကိုမင်းနိုင်အောင်၊ ရှိတဲ့အဝတ်အစားနဲ့ပဲရိုက်ရင် ကိစ္စပြတ်နေတာကို အလုပ်တမင်ရှုပ်တယ်'

'ငါက ဓာတ်ပုံရိုက်တာ နင့်လောက်ဝါသနာမပါပါဘူးဟာ၊ အခုလိုဖြစ်ရတာကလည်း ငါ့ဒယ်ဒီတို့ မာမီတို့က လှမ်းတောင်းလို့ သေသေချာချာလေး ရိုက်ချင်မိတာပါ'

သူမနှင့်မိမိမော်တို့ကတော့ ထုံးစံအတိုင်း စကားနာထိုးကြ၏။ ကိုမင်းနိုင်အောင်ကတော့ ဘာမှဝင်မပြောဘဲ ခပ်ပြုံးပြုံးလုပ်နေ၏။

x x x

'နီနီခိုင်ဝေ'တို့ဖွင့်ထားသော အချောင်စီကတော့တကယ့်ကို ထည်ဝါခမ်းနားလွန်းလှသည်။ ယောကျ်ားလေးတွေရော၊ မိန်းမတွေကပါ သူမတို့လို အရွယ်မျိုးလေးတွေပဲဖြစ်၏။

'ကဲ... ထိုင်ကြပါဦး၊ လာရင်းကိစ္စကို ပြောပြပါဦး မင်းနိုင်အောင်၊ ဒါနဲ့ ရှေ့အပတ်မှာလုပ်မယ့် ကုမ္ပဏီပရိုမိုးရှင်းအတွက် အခမ်းအနားမှာ နင်တို့အဖွဲ့က ဓာတ်ပုံရိုက်ပေးရမှာနော်၊ နောက်





ပြီးတော့ မင်္ဂလာဆောင်မျက်နှာဖုံးအတွက် ရိုက်ခိုင်းထားတဲ့ ပုံတွေရော ပြီးပြီလား'

'တလက်စတည်း ငါ ပါအောင်ယူလာခဲ့တယ်နီနီခိုင်ဝေ၊ အကောင်းဆုံးပုံသုံးပုံကို ငါရွေးခဲ့တယ်။ အဲဒီအထဲကမှ နင်စိတ်ကြိုက်ထပ်ရွေးပေါ့'

နီနီခိုင်ဝေနှင့် ကိုမင်းနိုင်အောင်တို့၏ ရင်းနှီးမှုကတော့ သိသာလွန်းသည်။ အခေါ်အပြောတွေကို နင်တွေငါတွေနှင့်သာ သုံးနှုန်းနေကြ၏။

လာရင်းကိစ္စကိုပြောဟု နီနီခိုင်ဝေက ပြောသော်လည်း သူမတို့နှစ်ယောက်ကို ရှေ့မှာထားပြီး အလုပ်ကိစ္စတွေကိုသာ နှစ်ယောက်သား ပြောဆိုနေကြ၏။

'ဒီတစ်ပုံပဲ စိတ်ကြိုက်တွေ့တယ်၊ မင်္ဂလာဆောင်တိုက်ကို ဒီပုံပဲ နင် ဝင်ပေးလိုက်ပါ။ ငါ ဖုန်းနဲ့လှမ်းပြောထားမယ်။ သူတို့ကလည်း ငါတို့ဆီကပုံကို စောင့်နေကြတာ မင်းနိုင်အောင်'

မိမိမော်ကတော့ နီနီခိုင်ဝေ၏ရုပ်ရည်နှင့် စတိုင်(လ်)တို့ကို တင်းတမောလုပ်ပြီး ကြည့်နေ၏။ သူမတောင်မှ နီနီခိုင်ဝေအကြောင်းကို ရင်းနှီးထားသော်လည်း လူချင်းမဆုံဖြစ်။ မင်္ဂလာဂျာနယ်တွေမှာသာ နီနီခိုင်ဝေကို တွေ့ဖူးမြင်ဖူးထား၏။ သိထားသောအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေသာ သူမစိတ်ကို မလွှမ်းမိုးထားပါက မိမိမော်လိုပင် သူမလည်း ငေးမောမိမှာ သေချာသည်ပဲ။

'အေးပါ... နင်နဲ့ မိတ်ဆက်ပေးရဦးမယ် နီနီခိုင်ဝေ၊ သူက မွန်မြတ်ဦးတဲ့၊ ဇော်မင်းဦးရဲ့ ညီမလေးပဲ၊ သူကတော့ မွန်မြတ်ဦးရဲ့သူငယ်ချင်းမိမိမော်၊ သူတို့နှစ်ယောက်စလုံးက ဆယ်တန်းဖြေထားကြတယ်'

နီနီခိုင်ဝေမှာတော့ ကိုမင်းနိုင်အောင် အပါအဝင် သူမတို့နှစ်ယောက်စလုံးမှာ အရှိန်အဝါ မဲ့နေကြ၏။

နီနီခိုင်ဝေကတော့ အတွေ့အကြုံရှိနေသော တကယ့်ဆရာမကြီးတစ်ယောက်...။

'နင်က ညံ့တာမဟုတ်ဘူး၊ တုံးတာလို့ပြောရမလိုပဲ မင်းနိုင်အောင်၊ ဇော်မင်းဦးမှာ ဒီလိုညီမမျိုးရှိနေတာကို ဘာလို့မပြောတာလဲ၊ အခုမှ ဘာလို့ခေါ်လာရတာလဲ၊ အေးလေ... နောက်ကျသေးတာတော့ မဟုတ်ပါဘူး၊ နင်လည်း ဒီနယ်ပယ်မှာ ကျင်လည်နေတာပဲ၊ မွန်မြတ်ဦးရဲ့ အမူအရာရော၊ မျက်လုံးတွေကိုရော နင် နီးနီးကပ်ကပ်နေပြီး မမြင်ခဲ့တာများလား'

'မဟုတ်ဘူး နီနီခိုင်ဝေ၊ မွန်မြတ်ဦးတို့က နင့်





ဆီမှာ သင်တန်းတက်ဖို့ လာခဲ့ကြတာ မဟုတ်ဘူး...'

မော်ဒယ်(လ်)ဆရာမကြီးကတော့ ရှေ့မှောက်ကို ရောက်လာသူတိုင်းကို သူမ အင်ပါယာထဲသို့ ဝင်ရောက်မည့်သူများဟု မှတ်ယူနေသလားမသိ။

အခုလည်း သူမတို့ရှေ့မှာပင် ကိုမင်းနိုင်အောင်ကို ချိုးချိုးဖဲ့ဖဲ့ပြောပြီး ထင်ရာတွေပြောနေပြန်ပြီ။

'ဟုတ်ပါတယ် မမနီနီခိုင်ဝေ၊ ကျွန်မတို့လာခဲ့ရခြင်းအကြောင်းကတော့ ဒီက ကျွန်မသူငယ်ချင်း မိမိမော်က ဓာတ်ပုံကိုကျကျနန ရိုက်ချင်လို့ပါ။ ကိုမင်းနိုင်အောင်ကပြောလို့ အဝတ်အစား ဒီဇိုင်း အကြံဉာဏ်တောင်းရအောင် လာခဲ့ကြတာပါ'

ကိုမင်းနိုင်အောင်က ရှင်းပြချိန်ပင် မရလိုက်ပေ။ သူမက သွက်လက်စွာဖြင့် ဖြစ်စဉ်ကို ပြောပြလိုက်သည်။

'ဘယ်လိုပဲလာခဲ့ လာခဲ့၊ ဘာပဲဖြစ်ဖြစ် မင်းကိုတော့ မမ စိတ်ဝင်စားသွားပြီ မွန်မြတ်ဦး၊ မင်းတို့လိုချင်တဲ့ အကြံဉာဏ်ကိုပေးဖို့ မခဲယဉ်းပါဘူး၊ မမ ကူညီလို့ရတယ်။ မွန်မြတ်ဦးကရော မမတို့အလုပ်ကို စိတ်မဝင်စားဘူးလား'

မထင်မှတ်ထားသော ချီးမွမ်းစကားနှင့် အမေး



www.burmeseclassic.com

www.burmeseclassic.com



စကားများကြောင့် ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားရ၏။

'စိတ်ဝင်စားတာပေါ့၊ မွန်မြတ်ဦးက မမပြောသလိုပဲ သူ့မှာစတိုင်(လ်)အပြည့်ရှိတယ်၊ ကိုမင်းနိုင်အောင် ရိုက်ပေးထားတဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး သမီးက အမြဲချီးမွမ်းနေခဲ့တာ၊ မမဆီမှာသာအနီးကပ်သင်ကြားပေးလိုက်ရင် တကယ့်ကို အောင်မြင်တဲ့သူဖြစ်မှာ'

သူမစိတ်ကိုအလုံးစုံသိနေသော ကိုမင်းနိုင်အောင်ကလည်း အဖြေခက်နေ၏။ သူမကိုယ်စား မိမိမော်က ဝင်ပြောပေးလိုက်၏။

ဘာမှ ပြင်ပြင်ဆင်ဆင်မရှိဘဲ တိုက်ဆိုင်မှုတစ်ခုကြောင့်ပင် သူမကိုတွေ့ပြီး နီနီခိုင်ဝေ ချီးမွမ်းနေ၏။

သူမစိတ်ထဲမှာ ဖွဲ့နေသော အကြောင်းတရားများကို သိရင်တော့ နီနီခိုင်ဝေတစ်ယောက် ဒီလိုချီးမွမ်းပါ့မလားမသိ။

'ဘာလဲ ဓာတ်ပုံရိုက်မှာက သမီးတို့နှစ်ယောက်စလုံးလား'

'မဟုတ်ပါဘူး မမ'

'ရိုက်မှတော့ နှစ်ယောက် စလုံးပေါ့၊ သမီးက





ဒယ်ဒီတို့ မာမီတို့ ဟိုမှာ ကြွားလို့ရအောင် ရိုက်မှာ၊ မွန်မြတ်ဦးကတော့ မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ သုံးဖို့ ဖော်ပြဖို့ အရိုက်ခံမှာ မမ...'

သူမကတော့ ဘာကိုမှ ရည်ရွယ်မျှော်လင့်မထားဘဲ ဖြစ်ချင်တာတွေ လျှောက်ဖြစ်နေရတော့သည်ပဲ။

မိမိမော်က စိတ်ပါလက်ပါဖြစ်နေတော့ ကိုမင်းနိုင်အောင်ကပါ ဝင်ပြောလာသည်။

'ဟုတ်တယ် မွန်မြတ်ဦး၊ နီနီခိုင်ဝေကလည်း မွန်မြတ်ဦးကို တကယ် သဘောကျနေတာလေ'

ဒီအတိုင်းကြီး ဆက်တင်းခံနေရင် မသင့်တော်မှန်းနားလည်လိုက်၏။

'ဒါဆိုလည်း အားလုံးသဘောပါပဲ'

'နီနီအောင်က ဘာမှ မခဲယဉ်းဘူးဆိုရင် သူတို့နှစ်ယောက်ကို ခပ်မြန်မြန်ရိုက်ပေးလိုက်မယ်'

'မခဲယဉ်းပါဘူး မင်းနိုင်အောင်၊ သူတို့နှစ်ယောက်အတွက် အဝတ်အစားဝယ်ဖို့ကိစ္စကို မနက်ဖြန်မှာ လူတစ်ယောက်ထည့်ပေးလိုက်မယ်၊ သူနဲ့ပဲ သူတို့ဝတ်ဖို့ ဒီဇိုင်းအဆင်တွေကို ငါပေးလိုက်မယ်၊ ချုပ်ရင် အချိန်ကြာမှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဒီမိတ်တွေပဲ ဝယ်လိုက်ပေါ့ ဟုတ်ပြီလား'

ဒီပုံအတိုင်းဆိုရင်တော့ ကိုမင်းနိုင်အောင်နှင့်ပတ်သက်ပြီး အမြင်မကြည်သော နီနီခိုင်ဝေနှင့် ဘယ်လိုဆက်ပြီး စခန်းသွားရဦးမည် မသိပေ။

နီနီခိုင်ဝေ၏ အချီးမွမ်းခံရသူအဖြစ် စိတ်ထဲမှာတော့ ကြိတ်ပြီး ကျေနပ်နေဖြစ်သည်။ သူမအတွက်နှင့်ပတ်သက်ပြီး မိမိမော်ရော ကိုမင်းနိုင်အောင်ပါ စိတ်ဝင်တစားရှိနေကြတာ သိသာလွန်းသည်လေ။



# ၃။

မိမိမော်တစ်ယောက်ကတော့ ဆန္ဒတွေပြည့်ဝသွားတာထက် ပိုလျှံနေပြန်၏။ နီနီခိုင်ဝေတို့ဆီမှ အပြန်မှာပင် ကိုမင်းနိုင်အောင်နှင့် လမ်းခွဲလိုက်ကြ၏။ ကိုမင်းနိုင်အောင်ကွယ်သည်နှင့် မိမိမော်တစ်ယောက် အမေးအမြန်းထူတော့၏။

'ငါ့ တကယ်မျက်စိလည်ပြီး ဘာတွေဘယ်လိုဖြစ်မှန်း တကယ်မသိလောက်အောင်ပဲ ရည်မွန်ဦး'

'ငါ့အဖြစ်ကိုလည်း နင်ပြောဦးလေ၊ ကိစ္စကနင့်ကိစ္စ၊ အခုတော့ ငါက နီနီခိုင်ဝေရဲ့သားကောင်အလိုလို ဖြစ်နေရော၊ အဲဒါကိုရော ဘာပြောချင်သေးလဲ မိမိမော်'

'ဒါကနင့်အတွက် ကံဇာတာတက်လာတဲ့အတိတ်နိမိတ်ပဲ မှန်မြတ်ဦး၊ နီနီခိုင်ဝေဆီမှာ တပည်းခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်သူတွေ သူ့ရဲ့အနုပညာကို မက်မောတဲ့သူတွေ က ဒုနဲ့ဒေး၊ နင်က သူ့ရဲ့ဖိတ်ခေါ်မှု၊ လိုလိုချင် ချင်ရှိမှုနဲ့ ကမ်းလှမ်းခံရတာလေ၊ ဒါတောင် နင် က မှုချင်နေသေးတယ်'

'နင်မသိတာတွေ အများကြီးရှိတယ် မိမိမော်၊ နင်ရော ငါရော သူ့ကို ဒီနေ့မှ လူချင်းတွေ့ဖူး ကြတယ်ဆိုပေမယ့် ငါကတော့ နင့်ထက်ပိုပြီး နီနီခိုင်ဝေရဲ့အကြောင်းကို အများကြီး ကြိုသိ ထားတယ် မိမိမော်'

သူများ တစ်ဖက်သား ကွယ်ရာမှာပြောရင်တော့ အတင်းအဖျင်းစကားဟု ဆိုရိုးရှိ၏။ သူမ သိထားတာ တွေက အတင်းအဖျင်းတော့ မဟုတ်။ မကောင်းကြောင်း လည်း မဟုတ်။

ကိုမင်းနိုင်အောင်နှင့်ပတ်သက်ပြီး ဘဝင်မကျ ချင်စရာ မကောင်းသော နီနီခိုင်ဝေ၏သဘောထားများ ပင် ဖြစ်၏။

'ငါကလည်း သိချင်တာတွေ မေးစရာတွေ အများကြီးရှိနေတယ်၊ ကိုမင်းနိုင်အောင်နဲ့ ပတ် သက်ပြီးတော့ရော၊ နီနီခိုင်ဝေနဲ့ ပတ်သက်ပြီး ပတ်သက်တာတွေပါ မေးမှာ'





'မေးပါ… ငါကလည်း နင့်ကို အေးအေးဆေး ဆေး ပြောပြမယ် မိမိမော်'

မိမိမော်နှင့် ကိုမင်းနိုင်အောင်ကို မိတ်ဆက်ပေး တုန်းက ငါ့ရဲ့အစ်ကိုပဲဟု ပြောဖြစ်ခဲ့သည်။ ပြီးတော့ လည်း ကိုမင်းနိုင်အောင်နှင့် အခေါ်အပြောမပျက် ဆက် ဆံတာတွေကို မိမိမော် သိသင့်သလောက်သိ၏။

အစ်ကိုအရင်းတစ်ယောက်ဟုပင် မိမိမော် ထင် မှတ်ထားပုံရ၏။

'ငါ ပထမဆုံး သိချင်တာက နင်နဲ့ ကိုမင်းနိုင် အောင်က ဘာတော်သလဲ၊ ငါသိတာက ကိုမင်း နိုင်အောင်က နင့်အစ်ကိုဆိုတာပဲ၊ ဒီနေ့မှ ဘယ် ကနေဘယ်လို ဇော်မင်းဦးဆိုတဲ့လူက နင့်အစ်ကို အဖြစ် ပေါ်လာရတာတုန်း၊ ငါသိတာတွေ့နေ တာက နင့်အနားမှာ ကိုမင်းနိုင်အောင်ပဲရှိနေ တာ'

'ဟုတ်တယ်၊ ငါနဲ့ကိုမင်းနိုင်အောင်က တကယ့် မောင်နှမအရင်း မဟုတ်ကြဘူး၊ ဇော်မင်းဦးဆို တာကမှ ငါ့ရဲ့အစ်ကိုအရင်းပဲ၊ ငါ့မှာ မောင်နှမ နှစ်ယောက်ပဲရှိတာ။ အရမ်းလည်းချစ်ကြတယ်'

'ငါနဲ့နင် သူငယ်ချင်းဖြစ်ကြတဲ့ အချိန်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီလူကို ငါ မတွေ့ဖူးဘူး၊ ငါတွေ့ဖူး မြင်ဖူးတာက ကိုမင်းနိုင်အောင်ပဲ၊ နင့်ပါးစပ်ကလည်း ဇော်မင်းဦးဆိုတဲ့လူအကြောင်းတစ်ခါမှ မပြောဘူး၊ ကိုမင်းနိုင်အောင်အကြောင်းတွေချည်းပဲ နင်ပြောနေခဲ့တာကိုး’

မိမိမော် ပြောမည်ဆိုလည်း ပြောလောက်သည်။ သူမအစ်ကို ကိုဇော်မင်းဦးအကြောင်းကိုတော့ မိမိမော်ကို မပြောပြဖြစ်ခဲ့ပေ။

‘ငါ့အစ်ကိုအရင်းနဲ့ ကိုမင်းနိုင်အောင်တို့က ဟိုးငယ်ငယ်ကတည်းက ပေါင်းခဲ့ကြတာ၊ ငါ့မိဘတွေကလည်း ကိုမင်းနိုင်အောင်ကို သားတစ်ယောက်လိုပဲ ခင်တွယ်ကြတယ်။ သူတို့သူငယ်ချင်းနှစ်ယောက်ကလည်း အရမ်းချစ်ကြတာ။ ဒီတော့ဟာ ငါလည်း ကိုမင်းနိုင်အောင်ကို အစ်ကို တစ်ယောက်လို သံယောဇဉ်ရှိခဲ့တာပေါ့၊ နင် ရှင်းပြီလား’

‘နင့်အစ်ကို ဇော်မင်းဦးကိုတော့ ငါမမြင်ဖူးဘူး၊ ဒါပေမဲ့ ကိုမင်းနိုင်အောင်ကတော့ ခန့်ချောကြီးပဲနော်၊ ယောကျ်ား ပီသတယ်၊ အားကိုးချင်စရာ ရင်ခုန်ချင်စရာကောင်းတယ်၊ ငါပြောတာ ဟုတ်





လား မှန်မြတ်ဦး’

မိမိမော်ကတော့ သူမစိတ်ကို လာပြီးထိုးဆွပေးနေ၏။ ကိုမင်းနိုင်အောင်နှင့် တကယ့်မောင်နှမ မတော်ဘူးဆိုတော့ တမင် စ,နောက်ပြီဆိုတာ ရှင်းနေသည်။

‘ငါ မငြင်းပါဘူး၊ အစ်ကိုတစ်ယောက်နဲ့ ချစ်ခင်နေတဲ့ လည်ပင်းဖက်ပေါင်းသင်းခဲ့တဲ့သူ တစ်ယောက်ကို ငါ သံယောဇဉ်ဖြစ်ခဲ့တယ်၊ ငါ တိတ်တခိုးတွယ်တာခဲ့တယ်၊ ငါ မရှက်မကြောက် ဝန်ခံပါတယ် မိမိမော်’

‘နင် ဝန်မခံလို့လည်း မဖြစ်ဘူးလေ၊ နင့်ပါးစပ်ဖျားမှာ အမြဲရှိနေတဲ့ ယောကျ်ားက နင်နဲ့သွေးမတော်ဘူးဆိုမှတော့ အဖြေက ရှင်းရှင်းလေးပဲ၊ ဘာလဲ… နင် နှိုနှိုခိုင်ဝေကို စိတ်ထဲမှာ မကြည်မလင်ဖြစ်နေရတာက သူတို့နှစ်ယောက်ကနောက်ကြောင်းရှိခဲ့ကြလို့လား’

‘ရှိခဲ့တာပေါ့၊ ငါက ငယ်သေးတဲ့အချိန်မှာပဲ သူတို့ဇာတ်လမ်းက နားရည်ဝနေခဲ့တာ။ ဒီအကြောင်းတွေကြောင့်ပဲ ငါ ကိုမင်းနိုင်အောင်ကို သနားရာကနေ တွယ်တာမိသွားတာနေမှာ၊ နှိုနှိုခိုင်ဝေရဲ့ အသည်းက အေးစက်မာကျောပြီး သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ သူ့အောင်မြင်မှုအတွက်ပဲ ကြည့်တတ်တာ။ ကိုမင်းနိုင်အောင်က အနားမှာဖဝါးမခွာ နေခဲ့ပေမယ့် ချစ်သူအဖြစ် အသိအမှတ်မပြုဘူး'

'နင်က ဒါကို သနားကရုဏာဖြစ်ပြီး အကြင်နာတွေ အိတ်သွန်ဖာမှောက်ပေးခဲ့မိတာပေါ့၊ ဟုတ်လား ရည်မွန်ဦး'

'ငါနဲ့ ကိုမင်းနိုင်အောင်က ဒီနေ့အထိ ဘာမှ မဖြစ်ကြသေးပါဘူး မိမိမော်၊ ငါ့ဘက်ကသာ ဖြစ်နေတာပါ၊ သူကတော့ ငါ့ကို ညီမလေးတစ်ယောက်လို ချစ်ခင်ပြီး အရိပ်ကြည့်စောင့်ရှောက် ပေးနေတာ'

'သူလည်း လူပဲ မွန်မြတ်ဦးရယ်၊ မသိဘဲနေမလား'

'သိရင် သိနေမှာပေါ့၊ ဒါပေမဲ့ သူလည်း အပြောရခက်နေမယ် ထင်တယ်၊ ဘာလို့လဲဆိုတော့ နီနီခိုင်ဝေနဲ့ပတ်သက်ပြီး သူ ခံစားဖြစ်ပျက်ခဲ့တာတွေကို ငါက အကုန်သိနေခဲ့တာလေ'

'ဘာလဲ… နင်က အမြဲပဲ သူ့အတွက်ဖြည့်ပြီး တွေးပေးနေတော့တာပဲနော်။ နင် နီနီခိုင်ဝေရဲ့ ဖိတ်ခေါ်မှုကို လက်ခံမှာလားဟင်'





'အင်း… သူပြောလိုက်တုန်းကတော့ အံ့သြပြီး ဘာပြောရမှန်းမသိခဲ့ဘူး။ သေသေချာချာ စဉ်းစားကြည့်ရင်တော့ ကိုမင်းနိုင်အောင်နဲ့ပတ်သက်ပြီးတော့ သူ့ရဲ့ဖိတ်ခေါ်မှုကို ငါ လက်ခံရလိမ့်မယ် မိမိမော်၊ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး နောက်ပိုင်းကျရင်တော့ ငါ အေးအေးဆေးဆေး ပြောပြပါမယ်'

သူမတို့သုံးဦး၏ ဆက်နွှယ်ပတ်သက်နေမှုက တစ်ထိုင်တည်းပြောလို့ ပြီးနိုင်မည်မဟုတ်ပေ။

⁂ ⁂ ⁂

နီနီခိုင်ဝေက သူမကို ရုတ်တရက်တွေ့ပြီး သင်တန်းတက်ရန် တကူးတက ဖိတ်ခေါ်မှုမှာ အထူးအဆန်း ပြောစရာဖြစ်ခဲ့ရသည်။

နေ့ကူးမခံဘဲ သူမ မပြောပြရသေးဘဲ တစ်အိမ်သားလုံးလည်း သိနေကြပြန်၏။ ကြားရသောစကားတွေအရ သူမကို အားမလို အားမရဖြစ်နေကြသည်။

ဒီသတင်းထူးကို အိမ်သို့သယ်ဆောင်လာသူက အစ်ကိုကြီး ဇော်မင်းဦးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'လာစမ်းပါဦး သမီးလေးရဲ့၊ သားကြီးပြောတဲ့ သတင်းက တကယ်အမှန်ပဲလား'

'ဘာမှ ဟိုလိုလို သည်လိုလို လုပ်မယ်မကြံနဲ့နော် ညီမလေး၊ မင်းနိုင်အောင်က ငါ့ကိုအားလုံး ပြောပြပြီးပြီ'

'သမီးလေးက အဲဒီ နီနီခိုင်ဝေပြောတာကို အင်တင်တင်လုပ်ခဲ့တာဆို'

ဖခင်ဖြစ်သူကပါ သူမကို မော်ဒယ်(လ်)တစ်ယောက်ဖြစ်ဖို့ ဒီထက်ပိုပြီး သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့ စိတ်ကူးယဉ်ပစ်လိုက်ပါပြီလား။

'အင်တင်တင် လုပ်နေတယ်ဆိုတာက သူက ရှတ်တရက်ကြီး ပြောလိုက်တာရယ်၊ ပြီးတော့ အဲဒီအနုပညာနဲ့ပတ်သက်ပြီး အစိမ်းကြီးဖြစ်နေတာရယ်ကြောင့်ပါ'

'နင် သင်တန်းတက်ရင်း နီနီခိုင်ဝေဆီမှာပညာသင်ဖို့ရယ်၊ နင့်တက်လမ်းအတွက် ဒီအလုပ်ကို အောင်မြင်အောင်လုပ်ဖို့ မင်းနိုင်အောင်ကငါ့ကို တိုက်တွန်းခိုင်းလိုက်တယ် ညီမလေး'

ကိုမင်းနိုင်အောင်ဆီမှ ဒီစကားမျိုး မကြားရလည်း ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် လုပ်ပြဖို့ စိတ်





ပိုင်းဖြတ်ပြီးသားဖြစ်၏။

'ညီမလေး လုပ်မှာပါ။ ဖြစ်အောင်ကိုလုပ်မှာ။ ဆယ်တန်းအောင်စာရင်း မထွက်သေးတော့ အစ်ကိုကြီးတို့ မေမေတို့ ခွင့်မပြုမှာစိုးလို့ ချက်ချင်း မပြောဖြစ်တာပါ'

'အောင်စာရင်းကို စောင့်သာစောင့်နေရတာပါ။ သမီးအောင်မယ်ဆိုတာကို ဖေဖေတို့သိနေပါတယ်။ အနုပညာမျိုးရိုးမရှိပေမယ့် အခုလို ကြုံတုန်းအခါမှာတော့ ငါ့သမီးလေးကို ဖြစ်စေချင်တာ အမှန်ပဲ'

'ဟုတ်တယ် သမီး၊ မောင်မင်းနိုင်အောင်လည်း ရှိနေတယ်။ ပြီးတော့ နီနီခိုင်ဝေဆိုတာကလည်း မောင်မင်းနိုင်အောင်နဲ့ သမီးအစ်ကိုကြီးတို့နဲ့ပါ ရင်းနှီးတဲ့သူလေ'

'မေမေတို့အားလုံး ခွင့်ပြုမယ်ဆိုရင်တော့ မနီနီခိုင်ဝေဆီမှာ ပညာယူပြီး အောင်မြင်အောင် သမီး စိတ်ရောလူပါနှစ်ပြီး ကြိုးစားပါ့မယ်'

သူမ၏ ကတိစကားကြောင့် မိသားစုဝင်များ အားလုံး ကျေနပ်သွားကြ၏။ သူမကတော့ သူမအိပ်မက် စိတ်ကူးနှင့် သူမအစီအစဉ်များကြောင့် ဒီလိုဆုံးဖြတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူမ၏ဆုံးဖြတ်ချက်ကိုတော့ ဘယ်သူမှ သိနိုင်မည်မထင်။ ကိုမင်းနိုင်အောင်လည်း သိမှာမဟုတ်ပေ။

'အစ်ကိုကြီး'

'ဘာလဲ ညီမလေး'

'တခြား မဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အစ်ကိုကြီးတို့ပြောဆိုခဲ့တာတွေကို ကြားခဲ့ရတာရော၊ ကိုမင်းနိုင်အောင်ကို သနားခဲ့တာတွေက အဲဒီမိန်းမနဲ့ ပတ်သက်ရမှာကို စိတ်ထဲမှာ တစ်မျိုးဖြစ်နေရတာ အမှန်ပဲ'

သူမ ဘာဆိုလိုသည်ကို အစ်ကိုကြီးကတော့ သဘောပေါက်ပုံရ၏။

'အင်း… မင်းနိုင်အောင်အပေါ် ပြုမူဆက်ဆံတာနဲ့ပတ်သက်ပြီး ညီမလေးလိုပဲ သူနဲ့မဆက်ဆံချင်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ နီနီခိုင်ဝေက တကယ်ရဲရင့်ပြီး တကယ်တော်တဲ့ မိန်းမတစ်ယောက်ပဲ၊ အင်းလေ… မင်းနိုင်အောင် ဘယ်လောက်ပဲ အနစ်နာခံခဲ့ ခံခဲ့၊ ချစ်သူအဖြစ် မရွေးချယ်တာ သဘာဝတော့ကျတယ်။ ဒါက မင်းနိုင်အောင်နဲ့ပတ်သက်ပြီး အစ်ကိုကြီးတို့ ခံစားတဲ့အပိုင်းပဲလေ'





'အဲဒီစိတ်က နှစ်ကြာလာခဲ့တာ၊ အစ်ကိုကြီးက ထားပါတော့၊ ညီမလေးဆို ဒီနေ့မှ လူချင်းဆုံဖူးတာ'

'ဒီကိစ္စကြီးကို ခေါင်းထဲကနေ ဖျောက်လိုက်ပေါ့ ညီမလေးရာ၊ မင်းနိုင်အောင်နဲ့က ဘယ်လိုမှမဖြစ်နိုင်တော့ဘူး၊ နီနီခိုင်ဝေက သူ့ဘာဝအတွက် လက်ထပ်ရမယ့်သူကို ရွေးချယ်ထားပြီးသားပဲ။ သူ့အောင်မြင်အောင်လုပ်တယ်။ သူ အောင်မြင်တော့ သံယောဇဉ်ဖြစ်ခဲ့ဖူးတဲ့ မင်းနိုင်အောင်ကို လုပ်ငန်းသဘောအရ ပြန်ကြည့်တာပဲ မဟုတ်လား။ အခုဆို အစ်ကိုကြီးတို့နဲ့ ပတ်သက်နေတဲ့ ညီမလေးကို မြေတောင်မြှောက်ပေးဖို့ သူ လုပ်လာတာပဲ မဟုတ်လား'

'မနီနီခိုင်ဝေမှာ လက်ထပ်ရမယ့် ချစ်သူရှိနေပြီဟုတ်လား'

'ဟုတ်တယ် ညီမလေး၊ သူနဲ့အလုပ်ချင်းဆက်စပ်တယ်လို့ ပြောရမှာပဲ၊ မြန်မာနိုင်ငံသားပါပဲ၊ ဂျပန်နိုင်ငံက အဝတ်အစားကုမ္ပဏီတစ်ခုမှာ ဒီဇိုင်နာလုပ်နေတဲ့သူလေ။ အဲဒီလူနဲ့ပဲ နီနီခိုင်ဝေ လက်ထပ်ဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသဘောအရပဲပြောပြော၊ သံယောဇဉ်အရပဲဆိုဆို၊ ကိုမင်းနိုင်အောင်ကတော့ နီနီခိုင်ဝေ၏ လက်အောက်ခံတစ်ဦးပင် ရှိနေသေး၏။

ကိုမင်းနိုင်အောင် ကိုယ်တိုင်ကိုက ဒီနေ့အထိ ရုန်းမထွက်နိုင်တာလား။ နီနီခိုင်ဝေကိုယ်တိုင်က ပညာသားပါပါဖြင့် ရင်ကွဲအောင် တမြည့်မြည့် ရက်စက်ပြနေတာလားဟု ဝေခွဲ၍မရပြန်။

ꕤ ꕤ ꕤ



၄။

သူမနှင့် မိမိမော်တို့နှစ်ယောက် ဝတ်ဖို့ အဝတ်အစားတွေကို တစ်နေ့တည်းအပြီး လိုက်ဝယ်ဖြစ်သည်။

နီနီခိုင်ဝေရော မင်းနိုင်အောင်ပါ မလိုက်ခဲ့ကြပေမယ့် နီနီခိုင်ဝေ ထည့်ပေးလိုက်သူက ဦးဆောင်ပြီး လိုက်ဝယ်ပေး၏။

ဓာတ်ပုံရိုက်မည့်နေ့မှာလည်း မိတ်ကပ်သမား၊ သူမတို့ထံသို့ အသင့်ရောက်လာ၏။

မိတ်ကပ်အစွမ်းနှင့် ပြင်ထားဆင်ထားလိုက်ပြန်တော့ မိမိမော်တစ်ယောက် သိသိသာသာ ရုပ်ကလေးထွက်လာ၏။

'ကြည့်စမ်းပါဦး၊ ဒီလိုကျတော့လည်း တယ်ဟုတ်နေပါလား၊ နင့်ဒယ်ဒီတို့ကတော့ ငါ့သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး ဘယ်ကနတ်ရေကန်ထဲဆင်းပြီး လှပလာသလဲလို့ ရင်သပ်ရှုမောဖြစ်ကြမှာ သေချာနေပြီ မိမိမော်’

သူမကို မိတ်ကပ်လိမ်းနေဆဲမှာပင် မိမိမော်က ပြင်ဆင်ပြီးသွား၏။ သူမ မေ့လျော့နေသောအချက်ကို မိတ်ကပ်ဆရာက ချွဲချွဲပျစ်ပျစ်လေသံဖြင့် ပြောလိုက်၏။

‘သူများကိုသာ ချီးမွမ်းနေတာ၊ ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်စမ်းပါဦး သမီးရယ်။ သမီးလေးလှတာမှ ပိုလို့တောင် ဖြူဥပြီးနေသေးတယ်။ မထိရက်၊ မတို့ရက်စရာကောင်းလောက်အောင် ယဉ်ကျေးကျော့ရှင်းနေတာ။ မာမီပြင်ထားပေးတာရယ်၊ မမနီဆင်မယ့်ဒီဇိုင်း၊ ပြီးတော့ ကင်မရာမင်းလေးရဲ့ လက်စွမ်းနဲ့ဆိုရင် မာမီတို့လောကမှာ နာမည်ကြီးနေတဲ့သူတွေအားလုံး သမီးလေးကို မော်ကြည့်ကြမှာ သိလား။ မာမီအခုကတည်းက နိမိတ်ဖတ်လိုက်မယ်။ အောင်မြင်ထင်ရှားတဲ့ နာမည်ကြီးမယ့် မင်းသမီးတစ်ယောက်ဖြစ်ရုံမကဘူး၊ နာမည်ကြီးမယ့် မင်းသမီးတစ်လက်အဖြစ်နဲ့ မာမီတို့ရှေ့လျှောက်မြင်ရမှာ သေချာတယ်’





မိတ်ကပ်ဆရာ၏ ချီးမွမ်းစကားကြောင့် သူမ မနေတတ်တော့ပေ။ မိမိမော်ကပါ ဝင်ပြီးပင့်ပြန်သည်။

‘ဟုတ်တယ် မွန်မြတ်ဦး၊ နင့်ရုပ်ရည်စတိုင်(လ်)က တကယ့်မင်းသမီးဖြစ်လောက်တဲ့ အစွမ်းတွေကို ပိုင်ဆိုင်ထားသလိုမျိုးပဲ’

‘ပြောထားကြ၊ တကယ်ဖြစ်လာခဲ့ရင်တော့ နင်ရော ဒီကမာမီပါ ငါ့ရဲ့ပထမဦးဆုံး ပုရောဟိတ်တွေလို့ အမြဲသတ်မှတ်ပါ့မယ်’

‘တကယ်နော်··· တကယ် နာမည်ကြီးလာတဲ့အခါကျမှ မာမီကိုတော့ ဆေးဖက်ကြောဖက်မလုပ်ဘဲ မနေနဲ့ဦးနော်၊ မာမီနဲ့ အမြဲတွဲရမှာနော်’

သူမတို့တွေ ပြင်နေဆင်နေသလိုပင် ကိုမင်းနိုင်အောင်ကလည်း ဓာတ်ပုံရိုက်ဖို့ ကင်မရာတွေမီးတွေအသင့်ပြင်ဆင်နေ၏။

‘မာမီရေ··· ကျွန်တော့်ဘက်ကတော့ အားလုံးအဆင်သင့်ပဲ။ မာမီတို့ပြီးရင် အဝတ်အစားလဲပြီး အင်ဒိုးပုံတွေ အရင်ရိုက်မယ်၊ အောက်ဒိုးတွေထွက်ရိုက်ဖို့လည်း နီနီခိုင်ဝေက ပြောထားသေးတယ်’



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းနိုင်အောင် လှမ်းပြောသောအသံကိုသာ ကြားရ၏။ အခန်းအပြင်ဘက်မှာ ရှိနေသည်မို့ ကိုမင်းနိုင်အောင်ကို လှမ်းမမြင်ရပေ။

⁂ ⁂ ⁂

'ဟာ… မိမိမော်က ဒီလိုကျတော့ မဆိုးပါဘူး'

အခန်းပြင်သို့ ပထမဆုံးထွက်သွားသော မိမိမော်ကိုကြည့်ပြီး ကိုမင်းနိုင်အောင် မှတ်ချက်ချ၏။

အဝတ်အစားလဲနေခိုက်မို့ မိမိမော်၏ပြန်ပြောသံကိုသာ ကြားရ၏။

'သမီးကိုချည်း ချီးမွမ်းမနေနဲ့ဦးနော်၊ မွန်မြတ်ဦး အပြင်ထွက်လာတဲ့အခါ ဘယ်လိုချီးမွမ်းရမယ်ဆိုတာကို အခုကတည်းက စကားလုံးစဉ်းစားထားဦး ကိုမင်းနိုင်အောင်'

'ကြားလား… သမီး၊ တော်ကြာ ကင်မရာမင်းလေး ဓာတ်ပုံမရိုက်ရက်ဘဲ ဒီတိုင်း ထိုင်ကြည့်နေမှာစိုးရတယ်'

'မာမီက ပြောတော့မယ်'

နီနီခိုင်ဝေဆိုသော အမျိုးသမီး၏ အစီအမံတွေကြောင့်ပင် ဒီလိုချီးမွမ်းခံနေရတာပဲဟု တွေးလိုက်မိ၏။





ကိုယ့်ကိုကိုယ် အထင်ကြီးစိတ်ဖြစ်အောင် ပတ်ဝန်းကျင်ကတော့ လမ်းဆုံးအထိ တွန်းပို့နေပြီပဲ။

'ကဲ… မွန်မြတ်ဦးရဲ့လှပမှုကို တွေ့ပြီမြင်ပြီမဟုတ်လား ကိုမင်းနိုင်အောင်'

'ဟုတ်ပါရဲ့၊ ငါ့ညီမလေး လှတယ်၊ ချောတယ်ဆိုတာကို သိထားပေမယ့် ဒီလို ထည်ထည်ဝါဝါမျိုးတွေ့ရလိမ့်မယ်လို့ မထင်ထားမိဘူး၊ နီနီခိုင်ဝေက မွန်မြတ်ဦးကိုစိတ်ဝင်စားတာတကယ်မမှားဘူး'

မိမိမော်ကို အစမ်းတစ်ပုံရိုက်ရင်းကပင် ကိုမင်းနိုင်အောင် ပြောလိုက်၏။

မာမီတို့ မိမိမော်တို့ မိန်းမချင်း ချီးမွမ်းတုန်းကနေသာသေး၏။ ကိုမင်းနိုင်အောင်က ချီးမွမ်းလာတော့နေရထိုင်ရ ခက်ရပြန်၏။

'သိပ်မမြှောက်နဲ့နော် ကိုမင်းနိုင်အောင်၊ ဒီနေရာကနေ မွန်မြတ်ဦး တကယ်ထွက်ပြေးသွားမှာ'

'ငါက အရှိကိုအရှိအတိုင်း ပြောတာပါ၊ ထွက်တော့မပြေးပါနဲ့။ နင့်ကိုကြည့်ရင်းကနေ ငါစိတ်ကူးရတယ်။ အောက်ဒိုးထွက်ရိုက်တဲ့အခါ ငါ့ဓာတ်ပုံပြိုင်ပွဲအတွက် နင့်ကို မော်ဒယ်(လ်)လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပုံကောင်းကောင်းရအောင် ရိုက်ရဦးမယ်'

'ဓာတ်ပုံမရိုက်နဲ့ဦးနော် ကိုမင်းနိုင်အောင်'

ကိုမင်းနိုင်အောင်စကားကြောင့်ပင် နီနီဝေခိုင် လွှတ်ထားသော အမျိုးသမီးက ဝင်ဟန့်လိုက်၏။

'ဘာဖြစ်လို့လဲ၊ အားလုံးအဆင်သင့်ဖြစ်နေပြီ ဥစ္စာ၊ အောက်ဒိုးထွက်ရိုက်ဖို့ အချိန်ကြည့်ရဦးမယ်။ ဒီမှာ ခပ်သွက်သွက်ရိုက်ထားမှ တော်ရုံကျမယ်'

'မဟုတ်သေးဘူး ကိုမင်းနိုင်အောင်၊ မမကိုယ်တိုင် ဒီကိုလာမယ်လို့ မှာလိုက်လို့ပါ။ ကျွန်မတို့ အားလုံးမစောင့်ဘဲ လုပ်ထားကိုင်ထားလို့မဖြစ်ဘူး။ မမ အကြောင်းကို ကိုမင်းနိုင်အောင်လည်း သိရဲ့သားနဲ့'

သူမတို့ဓာတ်ပုံရိုက်ကွင်းကို နီနီခိုင်ဝေ ရောက်လာပြီး လမ်းညွှန်သွန်သင်ဦးမည်ဆိုပဲ။

ကိုမင်းနိုင်အောင်ကတော့ ကင်မရာကိုချပြီး...

'နီနီခိုင်ဝေက ဒီကိုလာလိမ့်မယ် ဟုတ်လား'

'ဟုတ်တယ် ကျွန်မကို သေသေချာချာ မှာလိုက်တာလေ၊ ဟော... ပြောရင်းဆိုရင်း မမရဲ့ကား ရောက်လာပါပြီ'





ချယ်ရီစိုးဆိုသော အမျိုးသမီးကသူမတို့အတွက် အဝတ်အစားတွေ လိုက်ဝယ်ပေးသူဖြစ်၏။

နီနီခိုင်ဝေ ရောက်လာသောကြောင့် ချယ်ရီစိုး အပြေးသွားကြိုလေ၏။

နီနီခိုင်ဝေတစ်ယောက် ဒီလောက်ထိ ပါဝင်ပတ်သက်လိမ့်မည်ဟု သူမ မထင်ထားသလို ကိုမင်းနိုင်အောင်လည်း ထင်ထားမှာ မဟုတ်ပေ။

'တွေ့လား မှန်မြတ်ဦး၊ နင်ကံဇာတာကတော့ အရမ်းတက်နေတာ သေချာတယ်၊ မမနီနီခိုင်ဝေ ကိုယ်တိုင် တကူးတကနဲ့ ငါတို့ဓာတ်ပုံရိုက်ကွင်း အထိ ဆင်းလာတာကြည့်ပါလား'

သူမကို ဘာတွေခိုင်းပြီး ဘာတွေညွှန်ပြဦးမည် မသိပေ။

ထင်ထားသည်ထက်ပင် နီနီခိုင်ဝေက သူမကို ဂရုစိုက်လေ၏။ ရင်ထဲမှာတော့ ဒီကလူတွေချီးမွမ်းကြသည်ထက်ပိုပြီး ဘဝင်မြင့်နေမိပြန်သည်။

'ဒီနေရာကို နင်ကိုယ်တိုင် ရောက်လာလိမ့်မယ်လို့ ငါတကယ် မထင်ထားမိဘူး နီနီခိုင်ဝေ၊ ငါက ပုံတွေစရိုက်တော့မလို့။ ချယ်ရီစိုးက နင်လာလိမ့်မယ်လို့ သတိပေးတုန်းမှာပဲ နင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ။ ကင်မရာစမ်းရင်း မိမိမော်အတွက် တစ်ကွက်ရိုက်ထားဖြစ်သေးတာပဲရှိတယ်'

'ချယ်ရီစိုးကို ငါမှာလိုက်ပါတယ် မင်းနိုင်အောင်၊ ကုမ္ပဏီတစ်ခုရဲ့ ပရိုမိုးရှင်းပွဲလေးအတွက် စကားလက်ခံပြောနေရလို့ ငါနည်းနည်းနောက်ကျသွားတာပါ၊ ကဲ… နင်အလုပ်စလို့ရပြီ မင်းနိုင်အောင်'

နီနီခိုင်ဝေကတော့ သူ့ရှေ့မှာပင် မင်းနိုင်အောင်အား လက်အောက်ငယ်သားဆန်ဆန် ဆက်ဆံ၏။ တကယ်တော့ သူတို့ချင်းက တကယ့်သူငယ်ချင်းတွေ။ ဒီထက်ပိုပြီး ပြောရရင်တော့ မဖြစ်နိုင်မှန်းသိလျက်နဲ့ နီနီခိုင်ဝေကို ကိုမင်းနိုင်အောင်က စွဲလမ်းစွာ ချစ်ခဲ့ရသူပဲလေ။

'အခု အဝတ်အစားနဲ့ နှစ်ပုံလောက်ပဲရိုက်ရမယ် မှန်မြတ်ဦး၊ ပြီးရင် အဝတ်လဲမယ်။ မင်းနိုင်အောင်လည်း စိတ်ထင်တာ စွတ်မရိုက်နဲ့ဦးနော်။ ငါလိုချင်တဲ့ပုံစံမျိုးကို ပြောမယ်။ နင်က ကင်မရာအမြင်နဲ့ ရုပ်လုံးကြွအောင် ရိုက်ဖို့ပဲ'

အလုပ်ကို အလုပ်နှင့်တူအောင်တော့ စေ့စပ်စွာ လုပ်တတ် ကိုင်တတ်သည့်မိန်းမပဲဟု ချီးကျူးမိသည်။





အလုပ်ထဲမှာသာ အာရုံထားပြီး ကျန်တာတွေကို သိနိုင်စွမ်းမရှိသော ကဝေမတစ်ဦးလိုပင်။ နီနီခိုင်ဝေမှာ သံယောဇဉ်ဆိုတာတွေကို မထောက်ထားတတ်ရုံမက ဖြစ်ချင်တာ၊ လုပ်ချင်တာတွေကိုပဲ အာသာငမ်းငမ်းဖြင့် လုပ်တတ်ကိုင်တတ်သည့်သူတစ်ယောက်ဟု ရင်မောစွာ နားလည်လိုက်မိသည်။

✖ ✖ ✖



www.burmeseclassic.com

www.burmeseclassic.com

## ၅။

အပြင်ထွက်ပြီး ရှခင်းများကို နောက်ခံဖြင့် ရိုက်ကြပြန်သည်။ ကိုမင်းနိုင်အောင်ကတော့ စောစောက ပြောထားသည့်အတိုင်း သူ့စိတ်တိုင်းကျ ပုံများရအောင်ရိုက်ယူ၏။

ဒါကို နီနီခိုင်ဝေဆိုသော အမျိုးသမီး သတိထားမိသည်လား မပြောတတ်။ မိမိမော်ကတော့ နီနီခိုင်ဝေကို အစစအရာရာရှိန်ပြီး ကြောက်နေပုံရသည်။ သုံးလေးခါ ညွှန်ပြတာတောင်မှ အလွဲလွဲအချော်ချော်တွေဖြစ်၏။

နီနီခိုင်ဝေ၏အမိန့်သြဇာကို တစ်ခါသာကြားချင်သူမို့ သူမအတွက်ကတော့ အားလုံးကွက်တိဖြစ်ပြီး ချောချောမောမော ဖြစ်ခဲ့တာချည်းပင်။

အားလုံးပြီးစီးသွားတော့ သူမအနားသို့ ကိုမင်း





နိုင်အောင် ရောက်လာသည်။

'ဘယ်လိုလဲ မွန်မြတ်ဦး၊ တော်တော်လေး ပင်ပန်းသွားပြီး မောနေပြီလား'

ပထမဆုံး အတွေ့အကြုံဖြစ်သောကြောင့် စိတ်မောလူမောဖြစ်ရတာတော့ အမှန်ပင်ဖြစ်၏။

နီနီခိုင်ဝေတစ်ယောက်လည်း သူမတို့နီးပါးပင်ပင်ပန်းနေမှာ သေချာ၏။

'ဒီမှာ လူတွေအများကြီးရှိနေတာကို သူတစ်ယောက်တည်းမှရွေးပြီး ပင်ပန်းရမှာလား မင်းနိုင်အောင်၊ ငါလည်းပင်ပန်းတယ်၊ နင်လည်းပင်ပန်းတာပဲ မဟုတ်လား၊ အလကား အပိုစကားတွေပြောနေရတယ်လို့'

သူမကိုရွေးပြီး ဂရုတစိုက်လုပ်ပြတာကို နီနီခိုင်ဝေက သဘောမတွေ့။ တော်တော် နားလည်ရခက်တဲ့မိန်းမပဲဟု မှတ်ချက်ချမိသည်။

'မွန်မြတ်ဦးကို အားပေးတဲ့စကားပါပဲ၊ အားလုံးပင်ပန်းကြမယ်ဆိုတာကို ငါသိပါတယ် နီနီခိုင်ဝေ'

'နင့်ကိုပြောရဦးမယ်'

'ဘာများလဲ နီနီခိုင်ဝေ'



www.burmeseclassic.com

www.burmeseclassic.com



'တခြား မဟုတ်ဘူး၊ ငါမခိုင်းဘဲ မွန်မြတ်ဦးကို နင်စိတ်တိုင်းကျ လေးငါးကွက်လောက် ဓာတ်ပုံရိုက်ယူတဲ့ကိစ္စပဲ'

'ဒါလား… ဓာတ်ပုံပြိုင်ပွဲအတွက် စိတ်ကူးရတာနဲ့ ငါရိုက်လိုက်တာပါ နီနီခိုင်ဝေ'

'နင်လည်း သိထားတဲ့ကိစ္စပဲ၊ နင် ငါ့ကိုပြောပြီးလုပ်ရမယ်လေ၊ အခုကိစ္စက အရေးမကြီးဘူး။ မွန်မြတ်ဦးကလည်း ငါ့သင်တန်းသူမဖြစ်သေးသလို၊ စာချုပ်စာတမ်းတွေလည်း လုပ်မထားရသေးဘူး။ နောက်ဆိုရင်တော့ နင့်သဘောနဲ့ပဲဖြစ်ဖြစ်၊ သူ့သဘောနဲ့ပဲဖြစ်ဖြစ်၊ ငါ့ခွင့်ပြုချက်မရဘဲ ဘာတစ်ခုမှ လုပ်လို့မရတာကို နင်သိတယ်နော်'

'မွန်မြတ်ဦးက ငါ့ရဲ့လူရင်းပဲဆိုပြီး ငါ သတိလက်လွှတ်ဖြစ်သွားတာပါ။ ငါမှားသွားတယ်ဆိုတာကိုတော့ ဝန်ခံပါတယ် နီနီခိုင်ဝေ'

ဒီမိန်းမကတော့ စိတ်ပျက်ချင်စရာကောင်းလောက်အောင် အလုပ်သဘောဆန်ပြနေ၏။ ဒီလိုစရိုက်မျိုးတော့ ရွှံ့မိ၏။

ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ စာချုပ်ဖောက်ဖျက်





မှုနှင့် အချောင်စီးနှင့် မော်ဒယ်(လ်)တို့ပြဿနာဖြစ်သံတွေကိုတော့ ကြားဖူးနားဝရှိထား၏။

ဒါပေမဲ့ ရေရေရာရာ သေသေချာချာ မသိခဲ့ပေ။

'မမ…'

နီနီခိုင်ဝေ ရောက်မလာရင်လည်း သူမတို့ကို ကူညီပံ့ပိုးပေးခြင်းအတွက်တော့ ကန်တော့ဖို့အနုပညာကြေးကို မိမိမော်က အဆင်သင့်လုပ်ထား၏။

'ဘာများလဲကွဲ့… ဘာလုပ်ချင်လို့တုန်းသမီး'

'တခြားတော့ မဟုတ်ပါဘူး၊ သမီးတို့ကို စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ကြီးကြပ်ပြသပေးတဲ့အတွက်ပါ၊ မမရဲ့ပညာကို တန်ဖိုးထားတဲ့အနေနဲ့ သမီးတို့ ကန်တော့ချင်လို့ပါ'

မိမိမော်က အရာအားလုံးအတွက် တတ်နိုင်သည်။ ပြီးတော့လည်း နီနီခိုင်ဝေကို လေးစားတာလည်းပါ၏။

'မမအတွက် မလိုပါဘူး၊ မင်းနိုင်အောင်နဲ့ ကျန်တဲ့သူတွေကိုသာ သမီးတို့ ထိုက်သင့်တဲ့ငွေကြေးပေးလိုက်ပါ'

'မဟုတ်တာပဲ နီနီခိုင်ဝေ၊ ကလေးတွေက တကယ့်စေတနာနဲ့ နင့်ကို ကန်တော့တဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



မျိုးပါ’

သူမရှေ့မှာပင် ပုံစံအမျိုးမျိုး၊ စိတ်အမျိုးမျိုး ပြောင်းပြနေပါလား။ ဒီအမျိုးသမီးကိုတော့ နားလည်အောင် မနည်းကြိုးစားရဦးမည်ပဲ။

မိမိမော်က ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ လူကို အမြင်မကြည်လင်ပေမယ့် ကျေးဇူးဆိုတာကိုတော့ ပစ်ပယ်ထားလို့မရမှန်း သူမ သိသည်မို့…။

‘ဟုတ်ပါတယ် မမနီနီခိုင်ဝေ၊ သမီးတို့ကို ဒီလို စေတနာထားတဲ့အတွက် ကန်တော့တာကို လက်ခံစေချင်ပါတယ်’

‘မမဒီကိုရောက်လာတာရော၊ မင်းတို့အကူအညီ အကြံဉာဏ်ကောင်းစဉ်ကတည်းကရော၊ အလုပ်သဘောနဲ့ပြောခဲ့တာ တစ်ခုမှ မပါဘူး။ မမအကြောင်းကို မင်းနိုင်အောင် အသိဆုံးပါ။ ဒီပိုက်ဆံတွေကို ပြန်ယူထားပါ။ မင်းတို့ကန်တော့ချင်ရင် လက်ချည်းကန်တော့လို့ရတယ်’

နောက်ဆုံးမှာတော့ သူမနှင့် မိမိမော်တို့ လက်ချည်းသက်သက်ဖြင့် ကန်တော့ဖြစ်ခဲ့ကြသည်။

ꕥ ꕥ ꕥ





‘သမီးနဲ့ မမ စကားမပြတ်သေးဘူးနော်’

ပစ္စည်းတွေသိမ်းဆည်းပြီး ပြန်ဖို့ပြင်ဆဲမှာပင် နီနီခိုင်ဝေ ပြော၏။

‘ဘာများလဲ မမနီနီခိုင်ဝေ’

‘တခြား မဟုတ်ဘူးလေ၊ သမီးကို မမဆီမှာ သင်တန်းတက်စေချင်တယ်။ အောင်မြင်တဲ့သူ တစ်ယောက်ဖြစ်အောင် မမ မွေးဖွားပေးချင်တယ်။ သမီးဆီမှာရှိတဲ့ သမီးကိုယ်တိုင်မသိတဲ့ အရည်အသွေးကို လူတကာသိအောင် မမ လုပ်ပြပေးချင်တယ်’

စကားပြောဆိုပုံကတော့ တစ်ခါတည်း ကျသွားလောက်ပေ၏။ ကိုမင်းနိုင်အောင်နှင့် ပတ်သက်ပြီး စိတ်အခံသာရှိမထားပါက ခေါင်းပေါ်တင်ပြီး ကိုးကွယ်ထားမိမှာ သေချာ၏။

‘ဟုတ်တယ် မွန်မြတ်ဦး၊ မမရဲ့ဖိတ်ခေါ်မှုကိုတော့ နင် လက်ခံမှဖြစ်မယ်။ နင့်ပုံစံ နင့်စတိုင်(လ်)နဲ့ တကယ်လုပ်ရင် တကယ်အောင်မြင်မှာ’

‘ဒီစကားမျိုးကိုတွေ့ကတည်းက မမ ပြောဖြစ်ခဲ့တာနော် သမီး၊ မင်းနိုင်အောင်ကို အားမရတာ စိတ်တိုင်းမကျတာ ဒီကိစ္စပဲ၊ သမီး နဲ့ရှေ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးပြီး သူ့မှာ မျက်စိကန်းများနေသလား မသိဘူး’

‘ငါ စဉ်းစားထားပါတယ်။ သူက ဆယ်တန်းဖြေနေတာရယ်၊ စကားမစပ်လို့ မပြောဖြစ်တာရယ်ကြောင့်ပါ နီနီခိုင်ဝေ၊ နင် သူ့ကိုတွေ့ပြီးတဲ့နောက်ပိုင်း ဖော်မင်းဦးကို ငါ ပြောပြပြီးပြီ။ ဖော်မင်းဦးကလည်း လူကြီးတွေကို ပြောပြပြီးလောက်ပြီ’

နီနီခိုင်ဝေဆိုသော အမျိုးသမီး၏ စေတနာကိုတော့ သူမ အကြွင်းမဲ့ မယုံကြည်ချင်ပေ။ ကိုမင်းနိုင်အောင်ကိုတော့ သူမ ယုံကြည်၏။

‘သမီး စဉ်းစားထားပြီးသားပါ မမနီနီခိုင်ဝေ၊ သမီးကိုယ်တိုင်ကလည်း ဒီကိစ္စကို လိုလိုလားလားရှိပါတယ်။ မမနီနီခိုင်ဝေရဲ့ တပည့်အဖြစ် ပညာကုန်ယူဖို့ ဆုံးဖြတ်ထားပြီးသားပါ’

‘ဒါဆိုရင် မနက်ဖြန်ကစပြီး မမဆီကို မှန်မြတ်ဦး ပုံမှန်လာပေါ့၊ ဟုတ်ပြီလား၊ မနက်ဖြန်တစ်ရက်တော့လူကြီးတွေခေါ်လာခဲ့။ အလုပ်သဘောအရ ထုံးစံအတိုင်း စာချုပ်ချုပ်ကြတာပေါ့။ နင်ကလည်း မှန်မြတ်ဦးနဲ့ လူကြီးတွေသိသင့်သိ





ထိုက်တာတွေကိုပြောပြထားဦး မင်းနိုင်အောင်’

သူမဆီက လိုချင်သော စကားရပြီးသည်နှင့် နီနီခိုင်ဝေ ပြန်သွားတော့၏။ မိမိမော်ကတော့ ဒီကိစ္စဖြစ်မြောက်သွားသည့်အတွက် ကြားထဲကနေပြီး ဝမ်းသာအားရဖြစ်နေ၏။

⁜ ⁜ ⁜

‘ငါ့သူငယ်ချင်း ကံဇာတာ အရမ်းတက်လာပြီ။ ငါ ထင်တယ်။ နင်ကသိလ်ထူးတယ်။ ဖြစ်ချိန်တန်တာလည်းပါမယ်။ သူများတကာတွေက ဒီအသိုင်းအဝိုင်း ဒီလောကထဲကို ခြေချခွင့်ရဖို့ ငွေရော၊ လူပါ အားစိုက်ပြီး ကြိုးစားနေရတာ။ နင့်အတွက်ကတော့ တကယ် သက်သက်သာသာပဲ။ ကိုမင်းနိုင်အောင်တို့ မမနီနီခိုင်ဝေတို့ရှိနေပြီးသားဆိုတော့ တကယ် အောင်မြင်ဖို့ အခွင့်အလမ်းများနေပြီ မှန်မြတ်ဦး’

‘သိပ်လည်း အတပ်မပြောနဲ့ဦး မိမိမော်။ ဒီကိစ္စမျိုးက တကယ်နတ်ကြီးတယ်လို့ နင်လည်းကြားဖူးမှာပါ။ ဘယ်လောက်ကြိုးစား ကြိုးစား ငှ့တိုင်းဖြစ်ချင်မှ ဖြစ်တာ။ သင်တန်းတက်တော့



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း ဘယ်မှာအကုန်ဖြစ်လို့လဲ’

သူမတော့ အထင်ကြီးစိတ်ကို တမင်ချိုးနှိမ်ထား၏။ နီနီခိုင်ဝေ၏ လိုလိုလားလား ဖိတ်ခေါ်ခြင်းကြောင့် ဒီအထိ လုပ်ဖြစ်ခဲ့ခြင်းပဲလေ။ ကိုမင်းနိုင်အောင်နှင့်ပတ်သက်ပြီး လုပ်ပြချင်တဲ့စိတ်ကြောင့် သဘောတူလိုက်ရခြင်းဖြစ်၏။

‘နင် တကယ်ဖြစ်မှာ ညီမလေး၊ နီနီခိုင်ဝေက ဒီလောကမှာတော့ ဆယ်နှစ်ကြိုးစားပြီးတဲ့ကဝေ တစ်ပါးပဲ။ သူ့ မျက်စိကျတဲ့ လူတိုင်းဟာ နေရာတစ်ခုခုရသွားကြတာချည်းပဲ။ နင်နဲ့ပတ်သက်ပြီး သူ ဒီလောက် စိတ်ဝင်စားလိမ့်မယ်လို့ ငါ မထင်ခဲ့ဘူး ညီမလေး’

‘အားလုံးကတော့ သမီးကို အရှေ့ရောက်ပို့ပေးကြတာပဲနော်။ တော်ကြာ လမ်းခုလတ်မှ ဒီအတိုင်း ပစ်ထားခဲ့ရင်တော့ မွန်မြတ်ဦး ထော်လော်ကန့်လန့်ဖြစ်မှာ သေချာတယ်။ ကိုမင်းနိုင်အောင် အားကိုးနဲ့ သမီး မိုက်မိုက်မဲမဲ လုပ်ဖြစ်တာနော်။ သမီးကို ဘယ်တော့မှ ပစ်မထားရဘူးနော်’

‘ငါတို့တွေက အခုမှ သိကြတာမှ မဟုတ်ဘဲ ညီမလေးရာ။ သံယောဇဉ်ဖြစ်ခဲ့ကြတာ နှစ်နဲ့ချီ





နေပြီပဲ။ ညီမလေး ဒုက္ခရောက်မယ့်လမ်းမျိုးကိုတော့ ငါက ဘယ်ရွေးချယ် တိုက်တွန်းပေးပါ့မလဲ’

‘ညီမလေးတွေ ဘာတွေလုပ်မနေကြနဲ့ဦး’ ဗိုက်ထဲမှာ အရမ်းဆာနေပြီ။ တစ်ခုခုစားရင်း ပြောချင်တာတွေ ဆက်ပြောကြ။ ဒီမှာပဲ အချိန်ကုန်လို့မဖြစ်ဘူး’

‘ဟုတ်ပါရဲ့၊ ဇော်တွေနဲ့ဆိုတော့ ဆာလို့ဆာမှန်းတောင် သတိမရဖြစ်ဘူး။ မိမိမော် အစားပုပ်တာ ကိုမင်းနိုင်အောင်လည်း သိသားနဲ့။ သူ တကယ်ဆာတာနေမှာ’

မိမိမော်သာ ခွာတ်ပုံရိုက်ဖို့ကိစ္စ မလုပ်ခဲ့ပါက ဒီအခြေအနေမျိုး ရောက်လာစရာအကြောင်းမရှိပေ။

နီနီခိုင်ဝေဆိုသော မိန်းမနှင့်လည်း ဆုံဖြစ်မှာမဟုတ်။ အခုတော့ ဘယ်လိုဆက်ပြီး ရှေ့စခန်းသွားရမည်ဆိုတာကို တွေးရင်း ရင်လေးနေဖြစ်ပြန်၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## ၆။

ဆယ်တန်း အောင်စာရင်းတွေထွက်တော့ သူမရော မိမိမော်ပါ အတူတူအောင်ကြ၏။ မိမိမော်ကတော့ သူမထက် တော်သူမို့ ဂုဏ်ထူးငါးခုပါသည်။ သူမကတော့ သင်္ချာဂုဏ်ထူးတစ်ခုသာပါ၏။

'ငါတို့နှစ်ယောက် ဆယ်တန်းအောင်တဲ့အတွက်ရော၊ ရက်ပိုင်းအတွင်းမှာ တိုးတက်ပြောင်းလဲသွားတဲ့ နင့်အတွက်ပါ ငါ အရမ်းအားရကျေနပ်တာပဲ မွန်မြတ်ဦး'

သူများတကာတွေက မော်ဒယ်(လ်)လောကထဲ အနုပညာလောကထဲသို့ ဝင်သည်နှင့် နာမည်တွေပြောင်းကြ၏။

နီနီခိုင်ဝေကတော့ 'မွန်မြတ်ဦး'ဆိုတဲ့နာမည်





လေးက သူ့အလိုလို အောင်မြင်ဖို့ လူသိများဖို့ ပြည့်စုံပြီးသားဟုဆိုကာ နာမည်ပြောင်းဖို့ကိစ္စကို အားမပေးခဲ့ပေ။

'ငါက သင်တန်းသူလို့သာ ပြောတယ်။ မမနီနီခိုင်ဝေရဲ့ ညီမတပည့်တစ်ယောက်လိုပဲ။ အခြားလူတွေက ငါ့လောက် နီးနီးကပ်ကပ်မနေရသလို ပညာစုံရဖို့လည်း မလွယ်ဘူး'

'နင်နဲ့ သူနဲ့က လူကြီးတွေပြောကြသလို ပဋ္ဌာန်းဆက်ပါတာမျိုးပဲနေမှာပေါ့။ နင့်ကို သံယောဇဉ်ရှိပြီး အားကိုးချင်တာလည်းပါမယ်။ နင့်ကို သူများတွေထက် အရမ်းဖြစ်စေချင်တာ သိသာတယ်။ အခြားလူတွေဆိုရင် ပွဲတိုင်းကို ခေါ်ခေါ်သွားတာ မဟုတ်ဘူး။ အခု ဂျာနယ်တွေမှာ နင့်သတင်း၊ နင့်ပုံတွေက မမနဲ့ရောပြီး လူသိများနေပြီ'

မိမိမော်ပြောတာလည်း မမှားပေ။ နီနီခိုင်ဝေအတွက်တော့ မြွေပွေးခါးပိုက်ပိုက်သလိုမျိုး ဖြစ်နေမည်လား။

ဒါပေမဲ့ နီနီခိုင်ဝေကတော့ သူမ၏လက်ဦးဆရာရင်းပင်။ တစ်နေ့တစ်မျိုး နီနီခိုင်ဝေထံမှ ပညာများကိုသူပေး၍ဖြစ်စေ၊ ကိုယ့်ဘာသာကိုယ်ယူ၍ဖြစ်စေ ရရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပါလား။

'ပဋ္ဌာန်းဆက်တော့ မဟုတ်နိုင်ဘူး။ သူ့ဆီမှာ ငါ အနီးကပ်နေပြီး သူ့ဆီက ပညာတွေ၊ အခွင့်အရေးတွေကိုသာ ငါယူနေတာ။ ငါ့စိတ်ထဲမှာတော့ သူ့ကို တစ်မျိုးဖြစ်နေတာ အမှန်ပဲ'

သူမ ပြောချလိုက်သော စကားကြောင့် မိမိမော် တစ်ယောက် မျက်လုံးပြူးသွားလေ၏။

'ဘာဖြစ်လို့လဲ၊ နင့်စကားက အထူးအဆန်းပါလား မွန်မြတ်ဦး'

'ဘာဖြစ်လို့လဲဆိုတော့ နင်လည်း နည်းနည်းတော့သတိထားမိမယ် ထင်တာပဲ။ ငါနဲ့တိုက်ရိုက်ပတ်သက်ပြီး သူ့ကို စိတ်ထဲမှာ အလိုမကျဖြစ်တာတော့ မဟုတ်ဘူး။ သူ ကိုမင်းနိုင်အောင်ကို ဆက်ဆံတာ နင်မြင်တယ် ကြားတယ် မဟုတ်လား'

'တွေ့စကြားစကတော့ တစ်မျိုးဖြစ်တာပေါ့။ ဒါပေမဲ့ဟာ သူတို့တွေက ငယ်သူငယ်ချင်းတွေ မဟုတ်လား။ ပြောမနာ ဆိုမနာဖြစ်နေကြမှာပဲ'

'သူငယ်ချင်းထက်ပိုတဲ့ အခြေအနေကို ကိုမင်းနိုင်အောင်ဖြစ်ခဲ့ဖူးတယ်လေ။ ငါ သိခဲ့ကြားခဲ့





ရတာ ကြာပါပြီ။ ကိုမင်းနိုင်အောင်ကို သူ အရှမ်းနှိမ်တာပဲ။ ဒါကလည်း ဟိုးကတည်းက သူ အနိုင်ကျင့်ခဲ့တာ။ အဲဒီယောကျ်ားကလည်း ဒီမိန်းမရဲ့လောင်းရိပ်အောက်ကကို လွတ်အောင် မနေနိုင်ရှာဘူး'

'သြော်... ဒီလိုကိုး။ နင်က ကိုမင်းနိုင်အောင်ကြီးအတွက် မမကို မျက်မာန်တော်ရှနေခဲ့တယ် ဆိုပါတော့၊ ဟုတ်လား မွန်မြတ်ဦး'

'ဟုတ်တယ်လို့ ငါ ရဲရဲဖြေရဲပါတယ် မိမိမော်၊ ငါလေ ကိုမင်းနိုင်အောင်အတွက် သူ့ထက်အောင်မြင်အောင် ငါကြိုးစားပြချင်တယ်။ အဲဒီစိတ်နဲ့ပဲ ငါ သူနဲ့လက်တွဲဖြစ်တာ'

'အဲဒီလိုကြီးတော့ဟာ'

'ငါ ဆရာကို ဘာမှမဖြစ်ခင်က အာခံချင်တဲ့ သဘောမျိုးတော့ မဟုတ်ဘူး။ သူက ငါ့ဆရာဖြစ်တာက တစ်ပိုင်း၊ ကိုမင်းနိုင်အောင်အတွက် လုပ်ပြချင်တာကတစ်ပိုင်းပါ။ နင် နားရှုပ်သွားပြီလား'

'ဘာလဲမွန်မြတ်ဦး၊ နင်ကမော်ဒယ်(လ်)လောကမှာတင် မဟုတ်ဘူး။ သရုပ်ဆောင်ပိုင်းမှာပါ



www.burmeseclassic.com

www.burmeseclassic.com



လျှမ်းလျှမ်းတောက်ဖြစ်အောင် လုပ်မယ်။ အဲဒီအခါကျမှ မမကို မချိတင်ကဲဖြစ်အောင်လုပ်ဖို့ ကိုမင်းနိုင်အောင်ကို လက်တွဲပြီး နန်းသိမ်းပွဲခံမယ်ဆိုတဲ့ အိပ်မက်လား'

မိမိမော်က ကျော်ပြီးတော့ မြင်တတ်နေပြီပဲ။

'သိပ်ဟုတ်တာပေါ့ မိမိမော်။ မရှက်တမ်းပြောရရင်တော့ ကိုမင်းနိုင်အောင်ဟာ ငါ့ကို ပထမဆုံးရင်ခုန်စေတဲ့ ယောကျ်ားပဲ။ ငါ့ဘဝမှာ သူဆိုတာပဲရှိရမယ်။ သူ့ကိုလွှမ်းမိုးထားတဲ့ အဲဒီမိန်းမရဲ့အရိပ်ကို ငါ လုံးဝမြေလှန်ပစ်မယ်'

'ဘုရား… ဘုရား ကိုမင်းနိုင်အောင်နဲ့ မမတို့က အခုအချိန်မှာရော နောင်တစ်ချိန်မှာပါ ခင်ကြမင်ကြရုံကလွဲပြီး ထူးထူးခြားခြား ပတ်သက်စရာမှမရှိဘဲ။ နင့်တိုက်ကွက်က အလကားပဲဖြစ်မှာနော်။ နင် ကိုမင်းနိုင်အောင်ကို သံယောဇဉ်ရှိနေတာ ငါအပြစ်မပြောချင်ဘူး'

'ရိုးရိုးလေးပါပဲ။ ဒီမိန်းမနဲ့ မပတ်သက်ရင်လည်း တစ်ချိန်ချိန်မှာ ကိုမင်းနိုင်အောင်နဲ့ငါချစ်သွားကြမှာပဲ။ ဒါပေမဲ့ ငါ့လိုသာမန်မိန်းကလေးမျိုးကိုပဲ မင်းနိုင်အောင်က ရအောင်ယူ





နိုင်မယ်ဆိုတာပဲလို့တော့ သူထင်သွားမှာကို ငါမလိုလားဘူး။ အနည်းဆုံးတော့ဟာ သူနဲ့ပါဝါအတူတူဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို မင်းနိုင်အောင် ရသွားပါလားဆိုတဲ့ အသိမျိုးတော့ သူနားလည်သွားစေချင်တယ်'

'ငါပြောရင်လည်း နင်က သဘောကျချင်မှ ကျမယ်၊ နင့်အကြံအစည်ကို ငါ မတားတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရိုးရိုးတန်းတန်းစိတ်နဲ့ နင် ကြိုးစားတာထက်၊ အဲဒီစိတ်မျိုးနဲ့ ဒီလောကထဲကို နင် ဝင်သွားတာက တွန်းအားတစ်ခုပိုဖြစ်မယ်။ ဒါကြောင့် နင့်စိတ်ထဲရှိတာတွေကို ငါအပြစ်မမြင်ချင်တော့တာပဲ…'

ဘယ်လိုနည်းနှင့်ပဲတူတူ သူမ၏ဆန္ဒများကိုတော့ မိမိမော်တစ်ယောက် လက်ခံသွားသောကြောင့်ကျေနပ်မိ၏။

✕ ✕ ✕

'မိမိမော် ဒယ်ဒီနဲ့မာမီတို့က ညီမလေးကို ဂျပန်လိုက်လည်ဖို့ခေါ်နေတယ်ဆို'

သင်တန်းတက်ခိုက်မှာပင် ကိုမင်းနိုင်အောင်နှင့် အေးအေးလူလူ စကားပြောဖြစ်၏။ ကျန်သည့်အချိန်များ



www.burmeseclassic.com

www.burmeseclassic.com



မှာမြင်နေ တွေ့နေရပေမယ့် စကားကောင်းမပြောဖြစ်။ နီနီခိုင်ဝေ၏ မျက်စိရှေ့မှာမို့ သူမရော၊ ကိုမင်းနိုင်အောင်ပါ အနေကျပ်ခဲ့ရတာချည်းပင်။

အားလပ်ချိန်တိုင်းမှာ သူမနှင့် ကိုမင်းနိုင်အောင်တို့ တစ်ခုခုစားရင်း သောက်ရင်း စကားပြောနေကြဖြစ်၏။

'ဟုတ်တယ် ကိုမင်းနိုင်အောင်၊ ဒီမှာက အလုပ်တစ်ဖက်ကြီးနဲ့ဆိုတော့ ဘယ်သွားလို့ဖြစ်မလဲ၊ သွားရင် နှစ်ပတ်သုံးပတ်လောက် မိမိမော်နဲ့ အတူနေရမှာလေ'

'ညီမလေး သွားချင်ရင် နီနီခိုင်ဝေကို ပြောပေးမယ်လေ'

'ရတယ် ကိုမင်းနိုင်အောင်၊ စာချုပ်တွေဘာတွေရှိနေတာဆိုတော့ မပျက်တာ အကောင်းဆုံးပဲ။ သူကိုယ်တိုင်ကလည်း သမီးကို အရမ်းဖြစ်စေချင်တာဆိုတော့ မသွားတာ အကောင်းဆုံးပဲ။ ဟိုမှာကျောင်းတက်ဖြစ်ရင်တောင် သူ့အသွားကို မခွဲနိုင်တာနဲ့ မိမိမော်က မကြာခဏ ပြန်လာမှာလေ။ ဒီတစ်ခေါက် မလိုက်ဖြစ်တောင်မှ တစ်ခေါက်တစ်ခေါက်တော့ မိမိမော်နဲ့အတူလိုက်ဖြစ်





မှာပဲ'

'နီနီခိုင်ဝေကတော့ ညီမလေးကို ဂရုအရမ်းစိုက်တယ်။ ကုန်ပစ္စည်းကြော်ငြာတစ်ခု လာအပ်တယ်။ သူ့စိတ်ကြိုက်လုပ်ရမှာဆိုတော့ ညီမလေးကို တော်တော်များများ စမ်းသပ်ဖို့ သူပြင်ဆင်နေတယ် ညီမလေး…'

'ဟုတ်လား၊ ဒါကြောင့် ဒီရက်ပိုင်းမှာ အမူအရာတွေကို ကြုံရင်ကြုံသလို ပြောပြောပြနေတာကိုး။ အဖွဲ့လိုက်ထဲမှာ ဝင်ပါနိုင်းမှာ မဟုတ်ဘူးလား'

'အဖွဲ့လိုက်ဆိုပေမယ့် ညီမလေးကိုတင်တဲ့အနေနဲ့ တည်ပြီးရိုက်ဖို့ ညှိနေတာ'

'ကင်မရာမင်းက မင်းနိုင်အောင်လား'

'သူ့ခြေ သူ့လက်အားလုံးလုပ်ခွင့်ရတဲ့ ကိစ္စတိုင်းမှာ ကိုယ်ကလွဲပြီး အခြားဒါရိုက်တာတွေ ကင်မရာမင်းတွေကို သူ သုံးလေ့မရှိဘူး။ ပိုင်ရှင်က ဘယ်သူဘယ်ဝါလို့ တောင်းဆိုတဲ့အခါမျိုးမှာသာ ကိုယ့်ကို သူမသုံးတာလေ'

ရီရီခိုင်ဝေကတော့ တကယ့်ကို အားချင်းဖြစ်ဖို့ လုံးပန်းနေသည်ပဲ…။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်လောလောကြီးနဲ့ ညီမလေး ဖြစ်ပါ့မလား ကိုမင်းနိုင်အောင်၊သူထင်ထားတဲ့အတိုင်း ညီမလေးလိုက်မလုပ်နိုင်ရင် ခက်နေဦးမယ်'

'ဖြစ်တယ် ညီမလေး၊ ကြော်ငြာဆိုတာ သိပ်အားထည့်ပြီး လုပ်ရတာမျိုးမှ မဟုတ်တာဘဲ။ စက္ကန့်အတွင်းမှာ လူအများအာရုံစိုက်အောင် တစ်ခုနှစ်ခုပဲလုပ်ပြရတာ။ ပံ့ပိုးပေးမယ့် အပိုင်းတွေလည်း ပါနေတာပဲ'

'ကိုမင်းနိုင်အောင်ကို မေးရဦးမယ်'

'ဘာများလဲ ညီမလေး'

'တခြားတော့ မဟုတ်ဘူး။ မမနီနီခိုင်ဝေနဲ့လက်တွဲပြီး အလုပ်လုပ်ရတာကို ပျော်ရောပျော်ရဲ့လားဟင်...'

ကိုမင်းနိုင်အောင် ဒီဘဝ ဒီအခြေအနေရောက်အောင် နီနီခိုင်ဝေက တင်ပေးထားတာကို သိနေ၏။

'ဘာလဲ ညီမလေးက မပျော်လို့လား၊ စိတ်ကျဉ်းကျပ်နေလို့လား။ ကိုယ်သိရတွေ့ရသလောက်ကတော့ ညီမလေးကို သူ တကယ်သံယောဇဉ်နဲ့ ဆက်ဆံနေတာပဲ'

'ညီမလေး မပျော်လို့ မမနီနီခိုင်ဝေကို သဘော





မကျလို့ မေးတဲ့မေးခွန်းမဟုတ်ဘူး။ ကိုမင်းနိုင်အောင်အတွက် ညီမလေးက ဘေးကကြည့်ပြီး မေးမိတာပါ'

ကိုမင်းနိုင်အောင်မျက်နှာလေး အနည်းငယ် ညှိုးသွား၏။

'ဟိုးငယ်ငယ်ကတည်းက သူ့ဝသီက ကိုယ့်အပေါ်မှာ ဒီနေ့အထိ မပြောင်းလဲသေးဘူး။ သူ့ကျေးဇူးတွေရှိတယ်။ ပြောတတ်ဆိုတတ်တာကို နာပြီးထွက်သွားရင် သူ ဘာဖြစ်ကျန်ခဲ့မလဲလို့ အမြဲတွေးပြီး နေနေရတာ။ သူ့ဝသီပါ။ နောက်ပြီးတော့ သူနဲ့မကင်းနိုင်သေးတဲ့ ကိုယ့်ဝဋ်ကြွေးဆိုလည်း ပြောလို့ရရင်ရမှာပေါ့လေ'

ကိုမင်းနိုင်အောင်၏စကားကြောင့်ပင် ရင်ထဲမှာ ထိခိုက်နာကျင်သွားမိ၏။

သူမသာ ကိုမင်းနိုင်အောင် နေရာမှာရှိနေရင် ဒီမိန်းမမျိုးနှင့်တစ်စက္ကန့်တောင် အတူနေနိုင်မှာမဟုတ်ပေ။

ပြုတဲ့သူကပြုပြီး ခံနေတဲ့သူက မငြိုငြင်တာတောင် သူမအနေဖြင့် အမြင်မတော် ဖြစ်နေရသေးသည်ပဲဟု တွေးမိပြန်၏။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

## ၇။

သူမ ခေါင်းဆောင်ပါဝင်သော တီဗီကြော်ငြာလေးမှာ လွှင့်လွှင့်ခြင်းမှာပင် လူအများ၏ပါးစပ်ဖျား၌ ရေပန်းစားပြီးသွား၏။ သူမတို့ လောကမှစကားနှင့်ပြောရရင်တော့ 'ပေါက်'သွားသည်ဟုပြောရမည်ဖြစ်၏။

သူမ သတင်းနှင့် ဓာတ်ပုံများမှာလည်း မဂ္ဂဇင်း၊ လူငယ်အသီးသီးတွင် တော်တော်လေးနေရာယူသွားခဲ့၏။

'မိတ်ဆက်စာတွေ လာတာ အများကြီးပါလား မွန်မြတ်ဦး၊ ငါ ဂျပန်မသွားခင်တော့ ဒီစာတွေကို ကုန်အောင် ပြန်ပေးလိုက်မယ်'

မိမိမော်တစ်ယောက်တည်း ဂျပန်သွားဖို့ အတော်နီးနေပြီ။

ဂျပန်မသွားခင်စပ်ကြားမှာ အတူတူနေရအောင် ဆိုပြီး မိမိမော်နှင့်အတူတူ လိုက်နေဖြစ်၏။





'နင် ဂျပန်သွားရင်တော့ ငါတစ်ယောက်တည်းဖြစ်ပြီ မိမိမော်။ နင့်ကားနဲ့ နင့်ဟန်းဖုန်းရှိနေတော့ ငါ့အတွက် တော်တော်လေး အဆင်ပြေနေတာ၊ အဲဒီအတွက်လဲဘာလုပ်ရမှန်းမသိဘူး'

'ငါ စဉ်းစားပြီးသားပါ မွန်မြတ်ဦးရယ်၊ ငါ ဂျပန်သွားရင် ဟန်းဖုန်းရော၊ အခုစီးနေတဲ့ ကားပါ နင့်ကိုပေးထားခဲ့မှာ၊ ငါ့ဘွားဘွားကို ပြောပြီးပြီ၊ ဒရိုင်ဘာမရှိတာ တစ်ခုပဲ ပြောစရာရှိတယ်။ အခုလည်း နင်ကိုယ်တိုင် မောင်းနေတာပဲ။ ဒရိုင်ဘာတော့ ငှားမနေနဲ့'

မိမိမော်ကတော့ သူမကို ညီမအရင်းလို ချစ်ခင်၏။ သူမ ဒီအခြေအနေထိဖြစ်လာအောင် စိတ်ရောကိုယ်ပါဖြင့် အနားမှမခွာဘဲ မိမိမော် အနွံတာခံပေးတာလည်းပါသည်။

အကြောင်းမသိသူများကတော့ ဖုန်းတွေ၊ ကားတွေကို သူမအပိုင်ဟု ထင်ကြမှာလေ။

'ချစ်စရာကောင်းလိုက်တဲ့ သူငယ်ချင်းရယ်၊ နင် ဂျပန်မှာပဲအကြာကြီး မနေနဲ့ဦးနော်'

'အခုတစ်ခေါက်က ကျောင်းတက်ဖို့ကိစ္စတွေ စီစဉ်ရမှာဆိုတော့ ကြာနိုင်တယ်။ ကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အခါမှာလည်း ဘွားဘွားနဲ့ နင့်ကိုသတိရလို့ ပြန်လာဖြစ်ရင်ခဏတဖြုတ်လောက်ပဲနေမှာ'

'ငါတော့ နင့်ကို သတိရနေမှာ အမှန်ပဲ မိမိမော်'

မိတ်ဆက်စာတွေကတော့ အမျိုးမျိုး။ အချို့က ရိုးရိုးသားသား မိတ်ဆက်၏။ အချို့ပုရိသတွေကျပြန်တော့လည်း မရိုးမသားဖြင့် လှမ်းပြီး အိပ်မက်မက်ပြနေသေး၏။

'မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာပါတဲ့ လိပ်စာက ငါ့အိမ်လိပ်စာပဲ မဟုတ်လား။ ဘွားဘွားက တောင်ပြောနေတယ်။ ငါမရှိရင်လည်း ဒီအိမ်မှာပဲ နင်နေပါတဲ့။ ငါ့ကိုယ်စား နင်ရှိနေတော့ သူတို့အလွမ်းပြေတယ်တဲ့။ ငါမရှိတော့ရင်လည်း ဒီအတိုင်းပဲ အိမ်မှာဆက်နေပေါ့။ နင့်အိမ်ကို ခဏတဖြုတ်ပဲပြန်နေလေ'

အသိုင်းအဝိုင်းကောင်းပြီး တောင့်တင်းသော မိမိမော်လို သူငယ်ချင်းမျိုးရှိနေခြင်းက သူမအတွက် ရေကန်အသင့်ကြာအသင့်ဆိုတာမျိုး ဖြစ်နေ၏။

'အင်း... နင်ပြောတာ မဆိုးဘူး။ ဒီအိမ်မှာနေတာကို မေမေတို့ကလည်း စိတ်ချတယ်။ ငါ့အိမ်ကျတော့ ရပ်ကွက်ထဲမှာဆိုတော့ သွားရလာရ





တာ၊ နေရထိုင်ရတာသိပ်လွတ်လပ်မှာမဟုတ်ဘူး၊ဒီမှာနေတော့ ငါ့အတွက်ပိုကောင်းတာပေါ့'

'နင်က ငါတို့ထင်ထားသလို အရမ်းအောင်မြင်မှာပါ။ အခုဆို ကြော်ငြာတစ်ခုပဲ ရိုက်ရသေးတယ်။ နင်ဖြစ်သွားပြီလို့ ပြောလို့ရတယ်။ နင်တကယ်အောင်မြင်လာတဲ့အခါ ဒီထက်မက ခမ်းနားတဲ့ ပိုင်ဆိုင်မှုတွေကို နင်မလိုချင်တောင် သူ့အလိုလို ဖြစ်လာမှာသေချာတယ် မွန်မြတ်ဦး၊ အဲဒီအခါကျမှ ငါတို့ကို မေ့မသွားနဲ့ဦးနော် ကောင်မ...'

'မေ့လို့ဖြစ်မလား၊ နင်တို့ ကိုမင်းနိုင်အောင်တို့ မမနီနီခိုင်ဝေတို့ဆိုတာ ငါ့ရဲ့ပထမဦးဆုံးကျေးဇူးရှင်တွေပဲ'

မိတ်ဆက်စာတွေကို ပြန်ဖို့ နှစ်ယောက်သား တိုင်ပင်ကြနေစဉ်မှာပင် အိမ်ရှေ့ဧည့်ခန်းဆီမှ စကားသံတွေ ကြားရ၏။

'မွန်မြတ်ဦးရေ၊ အပြင်မှာ ဘယ်ကဧည့်သည် ရောက်နေလဲ မသိဘူး၊ ငါခဏသွားကြည့်လိုက်ဦးမယ်'

နားနားနေနေ နေခိုက်မှာမို့ မိတ်ဆက်စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အကုန်ဖတ်ကြည့်ဖြစ်သည်။ ရှေ့လျှောက်ဒီလိုပဲ စာတွေလာနေတော့မှာပဲဟု တွေးမိပြန်၏။

'မွန်မြတ်ဦးရေ… နည်းနည်းပါးပါး ပြင်ဆင်ပြီး ထွက်တွေ့လိုက်ဦး။ နင့်ဆီကလာတဲ့ ဧည့်သည်တွေပဲ'

'ဒုက္ခပါပဲ၊ လူကိုယ်တိုင်ရောက်လာပြီး အိမ်တိုင်ရာရောက် မိတ်ဆက်ပြီထင်တယ်'

'မဟုတ်ဘူးဟ၊ အလုပ်စကားပြောမလို့ဆိုလားပဲ။ နင်နဲ့ဆွေးနွေးချင်လို့တဲ့'

'အဲဒါမဖြစ်ဘူးထင်တယ်။ မမနီနီခိုင်ဝေရဲ့ခွင့်ပြုသဘောတူမှုမရဘဲ ငါ ဘာမှလုပ်လို့မရဘူးလေ'

'အေးပါ၊ အဲဒါကိုပဲ ငါကိုယ်တိုင်ထွက်ပြီး ပြောပြလိုက်ပါလား။ အိမ်ရောက်လာပြီးမှ နင်ထွက်မတွေ့ရင် အထာကိုင်တယ်လို့ ပြောနေကြလိမ့်မယ်'

ဒီကိစ္စအဝဝကို မမနီနီခိုင်ဝေကပဲ အားလုံးစီမံဖို့ ကြိုးကိုင်ထားသည်ပဲ။ ကြည့်ကောင်းအောင် သူတို့သဘောပေါက်အောင်တော့ ပြောပြဖို့ တာဝန်ရှိသည်လေ။

※ ※ ※





'ဘယ်လိုလဲ မွန်မြတ်ဦး။ နင်နဲ့တွေ့ပြီး လာဆက်သွယ်တဲ့ ကိစ္စတွေကို ရှင်းသွားအောင် မမနီနီခိုင်ဝေကို ပြောပြလိုက်ပါလား။ ဒီတစ်ခါအင်တာဗျူးလုပ်တဲ့အခါတိုင်းမှာ အဲဒီကိစ္စကိုထည့်ပြောရင် နင်ထွက်တွေ့ပြီး ရှင်းရလင်းရမယ်၊ ဒုက္ခအေးသွားမယ်'

'နင်ပြောတဲ့ အကြံကောင်းတယ်၊ မနက်ဖြန်ကျရင် မမနီနီခိုင်ဝေကို ပြောရဦးမယ်။ လူတွေကလည်းဟာ ငါ့ဆီပဲလာချင်ကြတာ။ မမနဲ့ဆက်သွယ်ပြီးလုပ်ပါဆိုတော့ အင်တင်တင်ဖြစ်သွားကြတယ်'

မနေ့ကလည်း နှစ်ဖွဲ့လောက်ကို ကြော်ငြာရိုက်ဖို့ကိစ္စအတွက် ရှင်းပြရသည်။

ဒီနေ့မှာလည်း ပြက္ခဒိန်ရိုက်ဖွဲ့တစ်ဖွဲ့၊ ဝေါ်ရှိလ်ပိုစတာရိုက်ဖွဲ့တစ်ဖွဲ့ ထပ်ရောက်လာကြသေး၏။

ဒီကြားထဲမှာ မဂ္ဂဇင်း၊ မျက်နှာဖုံးနှင့် အင်တာဗျူးလုပ်ဖို့ အဖွဲ့ကလည်း ရောက်လာသေး၏။

'အဲဒါတွေပေါ့။ နင်က ရုပ်လေးဘာလေးရှိတာသိတော့ ပေါ်ချောင်ကောင်းရမလားဆိုပြီး ဆက်သွယ်ကြတာနေမှာ။ ဒီလောကကလူတွေအား



www.burmeseclassic.com

www.burmeseclassic.com



လုံးကလည်း ထဲထဲဝင်ဝင်နေကြည့်မှ မလွယ်ဘူးဆိုတာ သိရတော့တယ်။ မမအဖို့ အလုပ်သဘောဆန်ဆန် ဆက်ဆံတာ မမှားဘူးလို့ပြောရမယ်။ မဟုတ်ရင် သူက ကိုယ်ဖိရင်ဖိ ကြိုးစားပမ်းစားတင်ပေးပြီး သူများလက်ထဲရောက်သွားရမှာပေါ့'

သူမမှ မဟုတ်။ နီနီခိုင်ဝေနှင့်ပတ်သက်သောသူ အားလုံးမှာလည်း စာချုပ်အသီးသီး ချုပ်ဆိုထားရ၏။ စာချုပ်ဖောက်ဖျက်ပါကပြန်လျော်ရမည့် ငွေကြေးပမာဏကလည်း အတော်လေးများလွန်းလှသည်။

'နင် မြန်မာပြည်မှာမရှိတော့တဲ့ အချိန်မှာ ငါ အားငယ်ရမှာ အမှန်ပဲ၊ နင်ရှိနေတော့ ဘာကိစ္စဖြစ်ဖြစ် အချိန်မရွေးတိုင်ပင်လို့ရတယ်လေ'

'ဒါများတွေးပူမနေနဲ့၊ နင့်အနားမှာ ညီမလေးလို တဖွဖွခေါ်ပြီး စောင့်ရှောက်ပေးနေတဲ့ ကိုမင်းနိုင်အောင်တစ်ယောက်လုံး ကျန်နေပါသေးတယ်'

'ကိုမင်းနိုင်အောင်နဲ့ ပြောတာလား'

'ဟုတ်တယ်၊ ငါက နင်တို့နှစ်ယောက်ကို ဒီထက်ပိုပြီး ရင်းနှီးချင်လို့ မီးထိုးပေးလိုက်တာ။ တစ်ခါတည်း အဲဒီလူကြီး ရင်ဖွင့်ပြတော့တာပဲ'





'ဘာတွေများ မဟုတ်ကဟုတ်ကတွေ သွားပြောရတာလဲ မိမိမော်...'

'ဟုတ်တာတွေပြောတာပါ၊ ငါပြောပြမယ်၊တစ်နေ့တုန်းက သူနဲ့ငါ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားအကြာကြီး ပြောဖြစ်တယ်။ ငါက သူမခံချင်အောင် သူ အန့်ထွက်လာအောင် လုပ်လိုက်မယ်။ ကိုမင်းနိုင်အောင်က မွန်မြတ်ဦးကို အစောကြီးသိနေပြီးတော့ ဒီလောကထဲကို ဆွဲခေါ်ဖို့ ဘာလို့လက်တွန့်ရတာလဲ။ မွန်မြတ်ဦးကတော့ သံယောဇဉ်ကြီးပြီး အားကိုးနေတဲ့ဟာကိုပေါ့ဟာ။ ငါ သာသာထိုးထိုးလေးတွေ ပြောပြလိုက်တယ်။ အခုဆိုရင် မွန်မြတ်ဦးကို ခင်မင်ချစ်ခင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ ကျွန်မတို့တောင် ဘေးကနေမနာလိုဖြစ်တယ်ပေါ့ဟာ'

'သူနဲ့ပတ်သက်ပြီး ငါပြောပြထားတာတွေ အားလုံးကိုရော ပြောပြလိုက်တယ်ပေါ့ ဟုတ်လား မိမိမော်'

'အကုန်နီးပါးဆိုပေမယ့် နင်ပြောပြသလောက်တော့ ဗီလင်မပါပါဘူးဟာ။ ရင်ဖွင့်တယ် သို လား။ သူ့ကိုအမြင်မစောင်းဖို့ပြောတယ်။ နှား



www.burmeseclassic.com

www.burmeseclassic.com



လည်ပေးဖို့ပြောတယ်။ ငါကတစ်ဆင့် နင်နားလည်အောင် ပြောပေးပါတဲ့။ နင့်ကို သူ့ကိုအရိပ်ကြည့်နေချင်တာတဲ့။ သူ့မှလွဲပြီး အခုလို လူတွေစိတ်ဝင်စားခံရတာမျိုးကို သူ မလိုချင်ဘူးတဲ့။ သူ့ညီမလေးကို သူအမြဲပဲ မြတ်မြတ်နိုးနိုးနဲ့စောင့်ရှောက်ချင်တာပါတဲ့ဟာ။ ပြီးတော့ နင့်ကို သူချစ်နေတယ်ဆိုတာကိုပါ ဝန်မခံခံအောင် ငါက ရအောင်မေးဖြစ်လိုက်တယ် သိလား'

'သူ ဘာပြောလဲ မိမိမော်'

'ဘာပြောရမှာလဲ၊ နင့်ကို သူ ချစ်နေတာပဲ။ ချစ်တယ်လို့ နောက်ဆုံးမှာ ဝန်ခံရတာပေါ့။ နင်ကလည်း ဒါကိုပဲကြားချင်နေတာ မဟုတ်လား။ မမနဲ့ ပတ်သက်နေတာကိုတော့ ငါကလည်း အစမဖော်သလို သူကလည်း မပြောဘူး။ ငါ ထပ်ပြီး မီးထိုးပေးလိုက်သေးတယ်'

မိမိမော်ကတော့ စိတ်ထင်ရာတွေကို လျှောက်လုပ်ခဲ့တာ သေချာနေ၏။ မိမိမော်တစ်ယောက် ဂျပန်မသွားခင်အားရအောင် မွှေသွားခဲ့သည်လား။

'ဘာတွေများ မီးထိုးပေးရတာလဲ'

'တခြားမဟုတ်ပါဘူး၊ ချစ်နေရင်လည်း ဒီအခြေ





အနေမှာ မြန်မြန်ဖွင့်ပြောဖို့ တိုက်တွန်းတာ။ နင် အောင်မြင်လာတာနဲ့ နင်နဲ့ပို့ပြီးဝေးရမယ်ဆိုတာကိုအကြောင်းပြပြီး မီးလောင်ရာ လေပင့်လုပ်ပေးလိုက်တာပေါ့။ နင်ကလည်း ဒီအကြောင်းတွေသိနေပြီမဟုတ်လား။ သိပ်မူမနေနဲ့၊ ကိုမင်းနိုင်အောင်ကြီး သနားပါတယ်။ မမနဲ့ပတ်သက်ပြီး ခံထားရတာများတော့ နင့်ကိုတော့ သူ ဒီလိုအဖြစ်မခံဖို့လေ။ ဒါပဲနော်၊ နင်ဘယ်ဘဝရောက်ရောက် နင့်အနားမှာ ကိုမင်းနိုင်အောင်ရှိနေတာကိုပဲ ငါမြင်ချင်တွေ့ချင်တယ်'

ဒီစကားတွေအရဆိုရင်တော့ ကိုမင်းနိုင်အောင်တစ်ယောက် အနေးနှင့်အမြန်ဆိုသလို ဖွင့်ပြောလာတော့မှာ သေချာနေ၏။

မိမိမော်ကို ဖွင့်ဟဝန်မခံဖြစ်ပေမယ့် သူမ ပြောရမည့်စကားကတော့ ဟိုးအရင်ကတည်းက ရှိပြီးသားဖြစ်၏။

သူမရင်အစုံကိုသူမှတပါး အခြားသောယောကျ်ားတစ်ယောက်ယောက်က အပိုင်စိုးနိုင်ဖို့ လွယ်ကူလိမ့်မည်မထင်ပေ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

၈။

ဂျပန်မသွားခင် အချိန်အတောအတွင်းမှာပင် သူမနှင့် မိမိမော်တို့ နေ့နေ့ညည မခွဲမခွာ အတူတူနေဖြစ်ကြ၏။ အရင်ကတည်းက နှစ်အိမ်တစ်အိမ်ကူးပြီး နေခဲ့ကြပေမယ့် မိမိမော်တို့အိမ်မှာ အနေများခဲ့တာချည်းပင်။

'သမီး သူငယ်ချင်း မိမိမော်ကတော့ သမီးအနားမှာ အရိပ်လိုရှိနေတာပဲနော်။ မသိကြတဲ့လူများကဆိုရင် ညီအစ်မတွေလို့ ထင်ကြမှာ သေချာတယ်။ သမီးအတွက်လည်း တကယ့်ကို အပင်ပန်းပြီး ပါရမီဖြည့်ပေးရှာတာ'

'ဟုတ်တယ် မမနီနီခိုင်ဝေ၊ မမတို့ဆီရောက်ကတည်းက သူ့ဟန်းဖုန်းနဲ့ သူ့ကားကို အမြဲလိုလိုပေးထားတာ။ သူ့အိမ်မှာလည်း ပြောင်းနေဖြစ်တယ်'





'သူ ဂျပန်သွားရင်တော့ သမီး ပျင်းကျန်ရစ်ခဲ့မှာပဲ၊ သူ မရှိတော့ သမီးအတွက် လက်ရုံးတစ်ခုပြုတ်သွားသလိုမျိုး ဖြစ်မှာပေါ့နော်'

'သူ မတတ်သာလို့သာ သူ့မိဘတွေဆီသွားရတာ။ သူ့ဘွားဘွားကို အချစ်ဆုံးလေ။ သူ သွားရင်တောင် သူ့ဘွားဘွားအိမ်မှာပဲ သူ့ကိုယ်စားနေပေးဖို့ ပူဆာထားတယ်။ သူ့ဖုန်းနဲ့ သူ့ကားကိုလည်း သမီးသုံးဖို့ ပေးထားခဲ့မှာ။ ဟိုရောက်သွားရင်လည်း သမီးအတွက်ရော၊ မမအတွက်ပါ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ အမြဲလှမ်းပို့ပေးဖို့ အခုကတည်းက အစီစဉ်ဆွဲနေတာ...'

'သူ့လိုလူမျိုး သူငယ်ချင်းတော်ရတာ သမီးအတွက် အများကြီးကံကောင်းတယ်'

မမနီနီခိုင်ဝေနှင့် သူမတို့ စကားပြောနေကြစဉ်မှာပင် မိမိမော် ရောက်လာ၏။ လက်ထဲမှာလည်း စားစရာအထုပ်တွေ ပါလာသေး၏။ ဒီရက်ပိုင်းတွေမှာတော့ ဂျပန်သွားဖို့အတွက် မိမိမော် နည်းနည်း အလုပ်ရှုပ်နေ၏။

'အသက်ရှည်ဦးမယ် မိမိမော်၊ ငါနဲ့ မမတို့သာ နှင့်အကြောင်းကို ပြောနေကြတာ'



www.burmeseclassic.com

www.burmeseclassic.com



‘ငါလည်းသိတယ်။ ဒါကြောင့်မို့ နင်တို့ မမတို့ စားဖို့ ဖက်ထုပ်ကြေးအိုး ဝင်ဝယ်လာခဲ့တာလေ’

‘အတော်ပဲကွယ်၊ မမလည်း ဆာနေတာ။ မိမိမော်ပါ တစ်ခါတည်း စားမှာမဟုတ်လား။ မမ ပြင်ခိုင်းလိုက်မယ်’

‘ကောင်းတာပေါ့ မမ’

‘မိမိမော်သာ ဂျပန်သွားရင်တော့ ဒီလိုအစားအသောက်တွေကို လမ်းကြုံလို့ဆိုပြီးတကူးတက ဝယ်လာပေးမယ့်သူ ရှိတော့မှာ မဟုတ်ဘူး’

ရယ်ရယ်ပြုံးပြုံးဖြင့် နီနီခိုင်ဝေပြော၏။

အပြောင်အနောက်သဘောမျိုးဖြင့် ပြောလိုက်သော်လည်း မိမိမော်တစ်ယောက် ခွဲသွားတော့မှာပါလား ဆိုသော အသိကြောင့် စိတ်မကောင်းဖြစ်သွားသည်။

※ ※ ※

‘အလုပ်တွေရှုပ်တာနဲ့ မင်းတို့နဲ့ အေးအေးဆေးဆေး စကားနဲ့မပြောဖြစ်ဘူး။ ဒီနေ့တော့ စားပြီးသောက်ပြီး အလုပ်မရှိတာနဲ့ စကားထိုင်ပြောကြရအောင်’

မိမိမော်သွားခါနီး လာခါနီးမို့ ရင်းရင်းနှီးနှီးနေ





ဟန်ပြတာလား မပြောတတ်ပေ။ အလုပ်ကိစ္စတွေအပေါ်မှာသာအာရုံထားတတ်ပြီး တခြားစကားတွေမပြောတတ်သောကြောင့် နီနီခိုင်ဝေအား နားလည်ရခက်ပြန်သည်။

‘ဟုတ်တယ် မမရဲ့၊ မမနဲ့ခင်နေပေမယ့် နွေးနွေးထွေးထွေးနဲ့ စကားဝိုင်းမပြောဖြစ်ဘူး။ မမက လည်း အလုပ်အမြဲရှုပ်နေတာကိုး’

‘အခုလို စကားပြောကြတုန်းမှာတော့ မမနည်းနည်းစပ်စုကြည့်ချင်တယ်နော်။ တစ်မျိုးတော့ မထင်ကြနဲ့ဦး’

စကားပလ္လင်ခံနေပုံထောက်တော့ သူမနှင့်မိမိမော်တို့၏ ကိုယ်ရေးကိုယ်တာအကြောင်းကိစ္စပဲ ဖြစ်မည်ဟု တွေးယူကြည့်မိသည်။

‘သမီးတို့နဲ့ပတ်သက်ပြီး မမအနေနဲ့ အားလုံးစပ်စုပိုင်ခွင့်ရှိပါတယ်’

‘မိမိမော်ရော မွန်မြတ်ဦးပါ ဆယ်တန်းအောင်ပြီးစ ဆယ်ကျော်သက်အရွယ်လေးတွေ။ လှပပျိုမြစ်ခြင်းရဲ့အစွမ်းကုန် အချိန်အခါ မိမိမော်က အခုဆိုရင် မိဘတွေရှိတဲ့ ဂျပန်ကိုသွားပြီး ပညာသွားသင်တော့မှာ။ မွန်မြတ်ဦးဆိုရင်လည်း အနုပညာလုပ်ငန်းမှာ အောင်မြင်မှုရဖို့အတွက် ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတွေတစ်ခုပြီးတစ်ခု ပြင်ဆင်နေတဲ့အချိန် အခါမျိုးပဲ'

သူမတို့နှစ်ယောက်အတွက် မှတ်သားစရာ၊လိုက်နာစရာ စကားတစ်ခုခုကို လက်ဆောင်ပါးဖို့ အစပျိုးနေ၏။ သူမရော မိမိမော်ပါ နီနီခိုင်ဝေ၏မျက်နှာကို စိတ်ဝင်တစားဖြင့် စေ့စေ့ကြည့်နေမိ၏။

'မမသိချင်တာက ဒီလိုအချိန်မျိုးမှာ သမီးတို့နှစ်ယောက်စလုံးအတွက်ရင်ခုန်ဖက်တစ်ယောက် ယောက်ရှိနေပြီလားဆိုတာပဲ . . .'

'သမီးကတော့ မရှိသေးပါဘူးလို့ ချက်ချင်းပြောလို့ရတယ် မမ၊ မမအမေးကိုတော့ဖြေဖို့အတွက် မွန်မြတ်ဦးကတော့ စဉ်းစားနေကောင်း စဉ်းစားနေလိမ့်မယ်'

မိမိမော်ကတော့ သူမကို တွန်းပို့လုပ်ပြီး ကိုယ်လွှတ်ရုန်းထွက်သွားလေ၏။

'မိမိမော်ပြောတာ ဟုတ်နေလား မွန်မြတ်ဦး'

'ဟုတ်သလိုလိုတော့ ရှိတယ် မမ။ ဒီစကားမျိုးဘာလို့ ပြောရတာလဲဆိုတော့ သမီး ညာမပြောချင်လို့ပဲ'

'မမ ထပ်မေးမယ်၊ အဲဒီလူက မွန်မြတ်ဦးရဲ့





အနီးအနားမှာ ရှိနေတာမဟုတ်လား'

မိမိမော်ကတော့ ပါးစပ်လေးအဟောင်းသားဖြစ်သွား၏။

သူမနှင့် ကိုမင်းနိုင်အောင်တို့၏ အခြေအနေကို နီနီခိုင်ဝေက ကောင်းကောင်းရိပ်စားမိနေပြီပဲ . . .။

'မင်းမဖြေခင်မှာပဲ ထပ်ပြောလိုက်ပါဦးမယ်။ မင်းနိုင်အောင်ပဲ မဟုတ်လား မွန်မြတ်ဦး၊ သမီးရော သူပါ စိတ်ထဲမှာရှိနေကြပေမယ့် တရားဝင်သဘောမျိုးအထိတော့ မရောက်ဖြစ်ကြသေးဘူးဆိုတာကို မမ သိတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မမ ပြောတာဆိုတာကို မွန်မြတ်ဦး နားထောင်မလား။ ကိုယ့်ကိစ္စနဲ့ ကိုယ့်အတွက်လို သဘောထားပြီး ပြောမယ့်စကားပါ'

'နားထောင်ပါမယ် မမ၊ ပြောပါ'

သူမ အဖြေစကားက အဓိပ္ပာယ်နှစ်ခွထွက်လာသောစကား။ နီနီခိုင်ဝေပြောတာကိုကြားချင်လို့နားထောင်လိုခြင်းဖြစ်၏။ နီနီခိုင်ဝေ ပြောသမျှ ဆိုသမျှကို ကြည်ဖြူစွာဖြင့် လက်ခံပြီး ခေါင်းညိတ်မည့် သဘောမျိုးတော့ မဟုတ်ပေ။

'အရင် မွန်မြတ်ဦး ဘဝမှာတုန်းက မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ရင်ခုန်ခဲ့တာ သဘာဝကျတယ်။ အခု အနေအထားမှာတော့ သဘာဝမကျဘူး။ မွန်မြတ်ဦးလည်း သိရင်သိနေလိမ့်မယ်။ မင်းနိုင်အောင်က မမကို ချစ်ခဲ့ဖူးတယ်။ အဲဒီအခါက တည်းက မမ ပြတ်ပြတ်ပြောခဲ့တယ်။ သံယောဇဉ်ရှိတာမှန်ပေမယ့် သူဟာ မမအတွက် အဖော်ကောင်းတစ်ယောက် မဟုတ်ဘူးလို့။ မင်းနိုင်အောင်ဟာ အစွမ်းအစရှိပေမယ့် ဒါတွေကို သူ့ဘာသာသူ ကျေနပ်ပြီး ဖျက်စီးပစ်နေတဲ့ လူစားမျိုးပဲ၊ မိန်းမတစ်ယောက်ကို သစ္စာရှိရှိ စွဲလမ်းစွာချစ်ရုံနဲ့ အဲဒီယောက်ျားကိုအကြွင်းမဲ့အားကိုးအားထားပြုလို့ ဘယ်ဖြစ်ပါ့မလဲ။ မမတို့လို၊ မွန်မြတ်ဦးတို့လို အောင်မြင်တိုးတက်ချင်တဲ့ မိန်းကလေးတွေအတွက် အဲဒီလိုချစ်ခြင်းမျိုးဟာ ခလုတ်ကန်သင်းတစ်ခုပဲ။ မမ ပြောတာရှင်းတယ်နော်။ မိန်းမဆိုတာ ဈေးတွက်တွက်တတ်ကြတယ်လို့ လူတွေက ပြောတယ်။ သူတို့ယောက်ျားတွေပဲ ပြောကြတာပါ။ အဲဒီတော့ အရပ်ဈေးတွက်တော့ မတွက်မိစေနဲ့ပေါ့ မွန်မြတ်ဦးရာ…'

ကိုမင်းနိုင်အောင်သာ ကြားရင်တော့ ရင်ကွဲမှာ





သေချာ၏။

ရင်ထဲမှာ ဖြုန်းခနဲဖြစ်သွားပေမယ့် အခုအချိန်အခါမျိုးမှာ အရမ်းအတိုက်အခံကြီး လုပ်လိုက်ရင် မျက်နှာပျက်စရာတွေ ဖြစ်မည်။

သူမကိုလည်း အရပ်ဈေးတွက် တွက်တတ်သူ၊ သာမန်မိန်းမတစ်ယောက်မျိုးဟု နီနီခိုင်ဝေ ထင်သွားပေလိမ့်မည်။ သူမ တစ်ခုခုပြန်ပြောမှာကို မိမိမော်ကလည်း စိုးရိမ်နေ၏။

စကားတွေ အစွန်းမထွက်စေဖို့ အခြေအနေကပင် သူ့အလိုလို စစ်ပြေငြိမ်းစေတော့၏။

✕ ✕ ✕

'သြော်… နီနီက ကလေးတွေနဲ့ ဒီမှာစကားပြောနေတာကိုး'

'ဟာ… ကိုပြေဇော်ပါလား။ လာမယ်ဆိုလည်း ဖုန်းလေးဘာလေး ကြိုဆက်တာမဟုတ်ဘူး။ သူ့အလုပ်မအားဘူးထင်လို့ နီနီတောင်မှ ဖုန်းလှမ်းမဆက်ဘဲ သူတို့လေးတွေနဲ့ စကားကောင်းနေလိုက်တာလေ'

ဂျပန်မှာ ဒီဇိုင်နာအဖြစ် အလုပ်လုပ်နေသောသူ။



www.burmeseclassic.com

www.burmeseclassic.com



ကိုပြေဖော်ဆိုသောသူကတော့ ကိုမင်းနိုင်အောင်တို့နှင့် အသက်တူအရွယ်တူလောက်ပဲ ဖြစ်မည်ထင်၏။ ဒါပေမဲ့ ကိုမင်းနိုင်အောင်ထက်တော့ ကိုပြေဖော်က ပါဝါတွေများနေလေ၏။

'ကိုပြေဖော်ကြီး မီးမီးကို သေချာကြည့်ပါဦး။ မိမိမော်ဆိုတဲ့ မီးမီးလေ။ မှတ်မိရဲ့လား'

'ဝင်လာတုန်းကတော့ မမှတ်မိဘူး၊ အခုတော့ မှတ်မိပြီ မီးမီး၊ ဒါနဲ့ မီးမီးက ဂျပန်ကိုလာ တော့မလို့ဆို'

နီနီခိုင်ဝေ၏ မော်ဒယ်(လ်)အေဂျင်စီမှာ မိမိမော် ကိုတွေ့လိုက်ရသောကြောင့် ကိုပြေဖော် အံ့သြသွားပုံရ၏။

'ဟုတ်တယ် ကိုပြေဖော်၊ ရှေ့အပတ်ထဲမှာ သွားမှာ၊ ဒယ်ဒီတို့ကတောင် ကိုပြေဖော် ရန်ကုန် ပြန်ရောက်နေတယ်။ အဆက်သွယ်လုပ်ပြီးအတူ တူလာခဲ့ဖို့ ပြောသေးတယ်။ ဒုက္ခမပေးချင်တာ နဲ့ ဒီတိုင်းနေလိုက်တာ'

'ဒါဆို လေယာဉ်တစ်စီးတည်း စီးရအောင်လို့ စီစဉ်လိုက်မယ် မီးမီး၊ တော်ကြာ ဒယ်ဒီတို့က လူချင်းတွေ့ရဲ့သားနဲ့၊ ခေါ်မလာရကောင်းလား ဆိုပြီး ပြောနေဦးမယ်။ မီးမီးတို့ရဲ့ ဒယ်ဒီကြောင့်





ပဲ ဂျပန်ရောက်သွားဖြစ်ပြီး အလုပ်ဝင် လုပ်ဖြစ် တာလေ နီနီ...'

'ကိုပြေဖော်နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက မီးမီးရဲ့ အချစ်ဆုံးသူငယ်ချင်း မွန်မြတ်ဦးတဲ့။ မမနီနီခိုင်ဝေကြောင့်ပဲ မကြာခင် ဖူးပွင့်လာတော့ မယ်။ အနုပညာငွေကြယ်ပွင့်ပဲ။ တော်ကြာ ဒီမှာတွေ့လို့ မော်ဒယ်(လ်)လုပ်မလို့လားဆိုပြီး အထင်ကြီးမှာစိုးလို့ ပြောရတာ။ မွန်မြတ်ဦးကို ဖြစ်စေချင်လွန်းလို့ အနားမှာ အဖော်လုပ်ပေးနေ တာ'

သူမတို့စကားတွေ စကားပြောနေကြစဉ်မှာပင် ကိုမင်းနိုင်အောင် အပြင်မှပြန်ရောက်လာ၏။

သူမတို့နှင့် ခပ်လှမ်းလှမ်းခုံမှာပင် ထိုင်နေရှာ၏။

နီနီခိုင်ဝေကလည်း အဖက်လုပ်ပြီး ညွှန်သည်နှင့် မိတ်ဆက်ပေးဖို့ စိတ်ကူးမရှိပေ။

နီနီခိုင်ဝေကတော့ ကိုပြေဖော်နှင့် အတူတူတွဲပြီး ရယ်ရယ်ပြုံးပြုံးဖြင့် အပြင်ထွက်သွားလေတော့၏။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

## ၉။

မနေ့က ကိုပြေဇော် ရောက်လာသည်။ ဒီနေ့ အစောပိုင်းကလေးပဲ နီနီခိုင်ဝေ ခဏရောက်လာပြီး တစ်နေကုန် ပျောက်နေ၏။

ကိုပြေဇော်နှင့် လျှောက်လည်ကြတာပဲနေမှာဟု အားလုံးက နားလည်လိုက်ကြ၏။

နေကုန်အောင် မစောင့်တော့ဘဲ အိမ်ပြန်ဖို့ ပြင်ဆင်ကြ၏။

'ဒီနေ့ မိမိမော်ကို မတွေ့ပါလား'

'ရှေ့အပတ်ထဲ ဂျပန်သွားဖို့အတွက် သူ အလုပ်ရှုပ်နေတာ။ ဒီနေ့ မလာနိုင်ဘူး။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပြန်ရမှာ။ ကားရော လူပါ ရောက်လာမှာမဟုတ်ဘူး ကိုမင်းနိုင်အောင်'

'ဒါဆို အတူတူပြန်ကြတာပေါ့'





အိမ်ပြန်ရောက်ရင်လည်း မိမိမော်က မိုးချုပ်မှာဆိုတော့ သူမ တစ်ယောက်တည်း နေရမှာသေချာသည်။

'ဒီကနေ အပြန် မေမေတို့ဆီ သွားမလားလို့ စဉ်းစားနေတာ။ မေမေတို့ဆီ မပြန်ဖြစ်တာ ရက်တော်တော်ကြာသွားပြီလေ...'

'ဒါလည်း ကောင်းတာပဲ၊ ဒေါ်လေးတို့နဲ့ မတွေ့ရတာကြာပြီ။ ဇော်မင်းဦးနဲ့သာ အပြင်မှာ တွေ့ဖြစ်ကြတာ'

'လမ်းမှာ အအေးသောက်ရင်း တစ်ဆိုင်ဆိုင် ထိုင်ကြရင်ကောင်းမလား ကိုမင်းနိုင်အောင်'

'ညီမလေး သဘောပဲလေ၊ ကိုယ်လည်း အားနေတာပဲ၊ ဒေါ်လေးတို့ဆီမှာ ညစာစားပြီးမှ အေးအေးဆေးဆေး ပြန်မှာလေ၊ မိမိမော်တို့ အိမ်ကို ပြန်သွားဦးမှာလား'

'ဒီညတော့ မေမေတို့ဆီမှာပဲ အိပ်မလားလို့၊ မိမိမော်ကအပြန် မိုးချုပ်မှာလေ'

လမ်းမပေါ်ရောက်တော့ မောင်းလာသော အငှားကားတစ်စီးကို လှမ်းတားလိုက်၏။ သူမတို့ ထိုင်နေကျဆိုင်နေရာကို ကိုမင်းနိုင်အောင်က လမ်းညွှန်လိုက်သည်။

'ကိုပြေဇော်ဆိုတဲ့လူက မမနီနီခိုင်ဝေရဲ့ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဟုတ်လား၊ ကိုမင်းနိုင်အောင်'

သိသိကြီးနှင့် တမင်မေးလိုက်သည်။

'ဟုတ်တယ် ညီမလေး၊ လက်ထပ်ဖြစ်ကြဖို့ အထိ သဘောတူပြီးသားလေ'

သံယောဇဉ်ကုန် မကုန် မျက်နှာကို အသေအချာ အကဲခတ်လိုက်မိသည်။

'မမကိုကြည့်ပြီး ကိုမင်းနိုင်အောင် မနှမြောဘူးလားဟင်၊ နှစ်ရှည်လများ မမအနားမှာ နေခဲ့တာတွေအတွက်ရော နောင်တရမနေဘူးလား'

'အခုချိန်မှာပြောရင် ကိုယ် မရလိုက်လို့ ဒီစကားမျိုးပြောတာလို့ထင်မှာပဲ၊ ကျင့်သားရခဲ့တာ ကြာခဲ့ပြီပဲ၊ သိပ်တော့ ထွေထွေထူးထူးမဖြစ်ပါဘူး'

သေချာရဲ့လားဆိုသော အကြည့်ဖြင့် ထပ်ကြည့်လိုက်သည်။

အကြည့်ချင်းအဆုံမှာ ကိုမင်းနိုင်အောင် ခပ်ယဲ့ယဲ့ပြုံးလေ၏။

※ ※ ※

'ဒီက လူတွေတော်တော်များများက ကိုမင်းနိုင်အောင်တို့ နောက်ကြောင်းကို သိကြတဲ့သူ ခပ်





ရှားရှားပဲ၊ အကြောင်းသိထားတဲ့ ညီမလေးကျတော့ မမ ဆက်ဆံပြောဆိုတာတွေကိုကြည့်ပြီး ကြားထဲက အခံခက်ရတယ်'

'ကိုယ် ဘယ်သူ့ကိုမှ မမုန်းချင်ပါဘူး ညီမလေး၊ ချစ်ခြင်းတွေကို မရခဲ့ပေမယ့် သူ့အကူအညီ သူ့သံယောဇဉ်တွေနဲ့တော့ ဒီနေ့အထိ မကင်းလွတ်နိုင်သေးဘူး'

'ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ သူနဲ့ ကိုယ်နဲ့က သံယောဇဉ်ပဲရှိကြတာ၊ လုပ်ငန်းအရ ဆက်ဆံနေရတာပဲ၊ ကိုယ့်စိတ်ကို ကိုယ်နိုင်နေမှတော့ ဒါတွေကို ဘယ်တွေးဖြစ်တော့မလဲ'

တကယ်ပြောချင်တာက ဒီအကြောင်းတွေတော့ မဟုတ်။ သူမနှင့် ကိုမင်းနိုင်အောင်တို့၏ အကြောင်းတွေသာဖြစ်၏။

သူမ စ,မပြောရင်လည်း ကိုမင်းနိုင်အောင်က ဒီအတိုင်းပဲနေသွားမှာ သေချာ၏။ မိမိမော်ကို သူမနှင့် ပတ်သက်ပြီး ရင်ဖွင့်ပြခဲ့တာ ဟုတ်ရော ဟုတ်ပါ့မလား ဟု သံသယမကင်းပြန်။

'ကိုယ်နဲ့ မိမိမော်နဲ့တောင် မကြာသေးခင် ရက်တွေတုန်းက စကားအေးအေးဆေးဆေး ပြော



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ကြသေးတယ်'

သူမ သိနေပြီဟုယူဆပြီး ပြောတာလား၊ သူမ မသိသေးဘူးဟု သိအောင်ပြောဖို့ ကြိုးစားတာလားဆို တာ ကွဲပြားအောင် တွေးမရပေ။

'ဘာတွေပြောကြတာလဲ၊ ညီမလေးအကြောင်း ရောပါရဲ့လား ကိုမင်းနိုင်အောင်'

မသိသလိုလို မာယာများပြလိုက်သည်။

'ဒီပြင် အကြောင်းတွေ မပါပါဘူး၊ ညီမလေး အကြောင်းပဲ ပြောဖြစ်တာပါ'

မိမိမော်ကသာ စကားတွေဖြင့် သွေးထိုးလှုံ့ဆော် ခဲ့သည်မသိပေ။ ကိုမင်းနိုင်အောင်တစ်ယောက် အရင်က တော့ ရဲရဲတင်းတင်း ဖြစ်နေ၏။

'ဟုတ်လား'

သိပြီးသားအကြောင်းတွေဖြစ်နေပေမယ့် အကုန် သိပြီးပြီဟု ပြောဖို့ခက်သည်။

'ညီမလေးနဲ့ ပတ်သက်ပြီး နှုတ်ကစောင့်စည်း ဖြစ်ခဲ့တဲ့ အချက်နှစ်ချက်ရှိပါတယ်'

ရဲတင်းလာခဲ့ပြီးမှ စကားတွေကို ဆက်မပြောဘဲ ကိုမင်းနိုင်အောင် ရပ်ထားလိုက်၏။ လည်ချောင်းထဲမှာ ပင် စကားလုံးတွေက တစ်ဆို့ကုန်ပြီလားမသိ။





ကမန်းကတမ်း ရေတစ်ခွက်သောက်လိုက်သေး ၏။ အလိုက်တသိပင် ဆက်ပြောဖြစ်အောင် လမ်းဖွင့်ပေး မိသည်။

'ဘယ်လို အချက်တွေများလဲ ကိုမင်းနိုင်အောင်'

'ပထမဆုံးအချက်က ညီမလေးဟာ ကိုယ့်ရဲ့ သူငယ်ချင်းရဲ့ ညီမအရင်းဖြစ်နေတာရယ်။ ပြီး တော့ ကိုယ်နဲ့ နီနီခိုင်ဝေတို့ရဲ့ နောက်ကြောင်းကို ညီမလေး သိနေတာပဲဆိုတဲ့ အချက်ပဲ'

'အဲဒါတွေက…'

သူမ စကားဝင်မထောက်ဘဲ ဒီတိုင်းလွှတ်ပေး ထားရင်း၊ ဟိုရောက်ဒီရောက် ဖြစ်ကုန်မှာ သေချာ၏။

'အဲဒီ အချက်နှစ်ချက်ကြောင့်ပဲ ညီမလေးငြိုငြင် မှာစိုးလို့ ဒီနေ့အထိ ဖွင့်မပြောဘဲနေလာခဲ့တာပဲ'

'ရည်းစားကားဆိုတာက အမိပွာယ်ပေါ့လွန်း တယ်။ ကိုယ်ပြောချင်တာက ညီမလေးကို ချစ် နေတယ်ဆိုတဲ့စကား၊ မြတ်နိုးတဲ့စိတ်နဲ့ နှစ် ယောက်ပိုရင်းနှီးစေတဲ့ စကားပါ။ သံသရာ အထိ တွယ်ငြိစေချင်တဲ့ စကားပါ'

တကယ်ကြားရပြန်တော့ ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်သွားရ၏။ တခဏလေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီလောက် မြန်မြန်ဆန်ဆန် ကြားရလိမ့်မည်ဟု ထင် မထားခဲ့ပေ။

'သံယောဇဉ်နဲ့နေခဲ့ကြတဲ့ ကာလတွေကို ဖျောက်ဖျက်ပစ်ဖို့ စိတ်ကူးမရှိဘူးဆိုရင်တော့ ကိုယ်ဖွင့်ပြောရကျိုးနပ်မှာပါ။ တကယ်လို့များ ညီမလေး ငြိုငြင်ရင်တော့ ဒီစကားပြောမိတဲ့ ကိုယ့်ကိုကိုယ် တစ်သက်လုံး ခွင့်လွှတ်လို့ရမှာမဟုတ်တော့ဘူး'

ပြောပါ၊ ရင်ထဲရှိတာတွေကို အားမနာစတမ်း ပြောပြလိုက်ပါလေ။

'ကိုမင်းနိုင်အောင်ကို ညီမလေး သံယောဇဉ်ရှိတယ်။ မမနဲ့ ပတ်သက်ပြီး ဖြစ်ခဲ့ပျက်ခဲ့တာတွေ အခုဖြစ်နေတာတွေကို မြင်နေတွေ့နေပြီးတော့ ကရုဏာဖြစ်ခဲ့တယ်။ အချစ်ဆိုတာ ညီမလေးတို့ နှစ်ယောက်ကြားမှာ ဘယ်အချိန်ကစပြီး ဖြစ်စေခဲ့တယ်ဆိုတာကိုတော့ ညီမလေးလည်း ပြောမပြတတ်ဘူး'

'မှန်မြတ်ဦး'

ခေါ်သံကြားပေမယ့် ကိုမင်းနိုင်အောင်မျက်နှာကို မော်မကြည့်ရဲ။ သူ ဝမ်းသာသွားပြီး ရွှင်ပျနေပုံကို မြင်ချင်ပေမယ့် သတ္တိနည်းခဲ့သည်ပဲ။





'ချစ်တယ်လို့ပြောလိုက်တဲ့ စကားထက် အဆပေါင်းများစွာ ပြီးပြည့်စုံတဲ့စကားပါပဲ'

'ချစ်တယ်လို့ မပြောရသေးပါဘူးနော်'

'ဒါပေမဲ့ အဲဒီလိုပြောတာထက်ပိုပြီး အဓိပ္ပာယ်ပြည့်စုံနေတယ်လေ။ ကိုယ့်မျက်နှာကို မော်ကြည့်ပါဦး'

နူတ်ဖြင့်လည်း ခိုင်းစေသလို မေးဖျားလေးကိုလည်း ကိုယ်ထိလက်ရောက် ပြုမူ၏။

'မကြည့်ချင်ပါဘူး၊ ညီမလေးကို အိမ်ရောက်အောင်ပြန်ပို့ပေး'

'ပို့ပေးမှာပေါ့၊ ဒါပေမဲ့ ကိုယ့်ရဲ့ရင်ထဲမှာတော့ ညီမလေး ထာဝရရှိသွားခဲ့ပြီနော်'

'မသိဘူး'

ဒီအချိန်မှာ နူတ်မှထွက်ဖြစ်သော သူမ စကားအားလုံးတို့သည် ဆန့်ကျင်ဘက်တွေ ဖြစ်နေမှာသေချာ၏။

အမှတ်တမဲ့ တုံ့ပြန်ဖြစ်သော အငြင်းစကားလုံးများသည် ဝန်ခံခြင်း၊ နားလည်ခြင်း၏ နိမိတ်ပုံတွေဟု ထင်မှတ်နိုင်စွမ်း ရှိလိမ့်မှာပါလေ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com

၃။

'ဒီစာအိတ်ထဲက ဘာလဲ မင်းနိုင်အောင်၊ နင် ငါ့ကိုပေးတာလား'

စတွေ့ကတည်းက မင်းနိုင်အောင် အမူအရာတွေ ပျက်နေ၏။ စကားပြောတာတွေကလည်း တောင်တောင် မြောက်မြောက်တွေ ဖြစ်နေသည်။

'ဟုတ်တယ်'

'ဘာလဲ ရည်းစားစာလား။ ဘယ်သူက မြှောက် ပေးလို့ လာပေးရတာလဲ၊ ဘယ်သူပေးခိုင်း တာလဲ'

မင်းနိုင်အောင်ကို စသိခဲ့တာ တက္ကသိုလ်ရောက် မှတော့မဟုတ်။ ရှစ်တန်းကျောင်းသားကတည်းကဖြစ်၏။

ယောကျ်ားလေး အပေါင်းအသင်း ရှိသင့်သ လောက် ရှိခဲ့သော်လည်း သူမ ထားရာနေ၊ စေရာခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သမျှ နေတတ်ခဲ့သော မင်းနိုင်အောင်ကိုတော့ သံယောဇဉ် ဖြစ်ခဲ့မိသည်။

'ဘယ်သူမှ ပေးခိုင်းတာ မဟုတ်ဘူး နီနီခိုင်ဝေ၊ ငါ့သဘော ငါ့စိတ်ကူးနဲ့ ငါ့ဖာသာ နင့်ကိုပေး တာ'

'နင်က ငါ့ကို ရည်းစားစာပေးတာ ဟုတ်လား'

မင်းနိုင်အောင်ကိုကြည့်ရင်း ငိုအားထက် ရယ် အားသန်ခဲ့ရသည်။ မင်းနိုင်အောင်စိတ်ထဲမှာ ဒီလိုအတွေး မျိုး ဖြစ်လာတာကို မတွေးတတ်ခဲ့။ သူမစိတ်ထဲမှာတော့ မင်းနိုင်အောင်ကို ဒီသဘောမျိုး မထားဖြစ်ခဲ့ပေ။

'မှန်မှန်ပြောစမ်း မင်းနိုင်အောင်၊ နင်နဲ့ငါ ပေါင်း လာတာ ကြာပြီနော်၊ တစ်ယောက်ယောက်က မမြှောက်ပေးဘဲ နင် ဒီလိုစိတ်မျိုး မကူးဘူး။ မှန်းစမ်း၊ ငါ့နှာခေါင်းမှာ ချဉ်စုပ်စုပ်အနံ့ ရသလို ပဲ'

မနက်ခင်းကတည်းက တစ်ချိန်လုံးရှိနေပြီး နာရီ ပိုင်းသာသာလောက် ပျောက်သွားပြီးမှ မင်းနိုင်အောင် ပြန်ရောက်လာ၏။

'အရက်နံ့ပါလား၊ ကြည့်စမ်း... ကွမ်းလည်း စားထားသေးတယ်။ နင် မူးပျက်နေတာ သေချာ





တယ်။ နင့်ကို ဘယ်သူက အရက်တိုက်ပြီး မြှောက်ထိုးပင့်ကော် လုပ်ပေးတာလဲ။ အဲဒီ ကောင်နဲ့ စာရင်းရှင်းရမယ်'

တကယ်ဆို မင်းနိုင်အောင်က ငယ်တော့တာ မဟုတ်။ ဒုတိယနှစ်တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်နေပြီ။

'မရှင်းပါနဲ့ဟာ၊ ငါစိတ်ရဲအောင်ဆိုပြီး နည်း နည်းသောက်ခဲ့တာပါ။ ငါ မမူးပါဘူး'

'နင် အခုလို ကြိုတင် အစီအစဉ်ဆွဲတာ နင် တစ်ယောက်တည်း အကြံတော့ မဟုတ်ဘူး၊ နင့် အကြံပေးက ဘယ်သူလဲ၊ ဇော်မင်းဦးမဟုတ် လား'

မင်းနိုင်အောင်က ဟိုးငယ်ငယ်ကတည်းက လူ အေးတစ်ယောက်ဖြစ်၏။ ပန်းချီဆွဲတာ၊ ဓာတ်ပုံရိုက်တာ ဝါသနာပါပြီး အပေါင်းအသင်းနည်းတာလည်း အသိဆုံး ဖြစ်၏။ အထက်တန်းတုန်းက လည်ပင်းဖက်ပြီး ပေါင်း တဲ့သူမရှိ။ တက္ကသိုလ်ရောက်မှ ဇော်မင်းဦးနှင့် လုံးလား ထွေးလားနေ၏။

'ဇော်မင်းဦးပါ ၊ပါတယ်ဆိုတာတော့ဟုတ်တယ်၊ ငါကိုယ်ကိုင်ခံစားနေရလို့ ဒီကောင်က မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရက်လို့ အကြံပေးတာပါ။ ငါကိုယ်တိုင်က ဖြစ်နေတာပါ'

'နင်ကိုယ်တိုင်ကဖြစ်တာ၊ နင်ကိုယ်တိုင်က ခံစားရတာ ဟုတ်လား၊ ငါ့အနားမှာ ငါနဲ့ပေါင်းသင်းနေပြီး ဒီလို မရိုးမသားအကြံတွေ ဘယ်တုန်းကတည်းက နင်ဖြစ်ခဲ့တာလဲ မင်းနိုင်အောင်'

စာအိတ်ကတော့ သူမ လက်ထဲမှာပင် ရှိသေး၏။ စာထဲမှာ ဘယ်လိုဘာတွေ ရေးထားသည်တော့ မပြောတတ်ပေ။

မင်းနိုင်အောင်ဂ့ို တစ်ခုချင်း စစ်ဆေးမေးမြန်းမိ၏။

'နင်နဲ့ စတွေ့တဲ့အချိန်ကတည်းက ဆိုပါတော့ဟာ'

မူးယစ်စေသော သေရည်သေရက်ကြောင့်တော့ မဖြစ်တန်ရာ။

'ဒါဆိုရင်တော့ ငါ လူကဲခတ်မှားတာပဲ။ နင်ဒီလိုလုပ်တာ ငါ့ရဲ့ခင်မင်မှု၊ အလေးပေးမှုကို စော်ကားတာပဲ၊ နင့်နေရာမှာ တခြားယောကျ်ားတစ်ယောက်ယောက်ဆိုရင်တော့ ဒီထက်မက



ပိုးစိုးပက်စက်ပြောပြီး ငါ လက်ပါ,ပါမိတာ သေချာတယ်'

'အခုလည်း နင်ကြိုက်သလို လုပ်နိုင်ပါတယ်။ ဘာမှမပြောဘဲ နှစ်ရှည်လများ ဒီအတိုင်းကြီး နေရတာထက်စာရင် တစ်ခုခုတော့ ငါ သက်သာရာရသွားမှာပါ'

သူမနေရာမှာ ဒီပြင် မိန်းကလေးတစ်ယောက်ယောက်ဆိုရင်တော့ အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်နိုင်၏။

မင်းနိုင်အောင်၏ ဒိုင်ယာလော့ကတော့ ကြွေကျသွားလောက်၏။

'ဒီလိုဖြစ်လာရင် ဒီစကားတွေပြောဖို့ တော်တော်လေ့ကျင့်ထားပုံရတယ် ဟုတ်လား၊ အေး...ငါက နင့်ကို လုံးဝအထင်မကြီးတော့ ဘယ်လိုမှ မနေဘူး။ ငါ့စိတ်ဓာတ်ကို နင်မသိလို့ ဒီလိုအကဲစမ်းတာလား။ နင် ရှုံးနေသလား မင်းနိုင်အောင်...'

'နင့်အတွက်နဲ့ ငါရှုံးနေတာတော့ သေချာတယ်၊ ငါပေးတဲ့စာကို နင် ဖတ်ကြည့်ပါ။ နင် ဖတ်သင့်ပါတယ်'

လောကနတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်အောင်ကတော့ တစ်ဆင့်ထက်တစ်ဆင့် ကဲလာ၏။

'နင်ရေးတာ ဟုတ်မဟုတ် ငါဖတ်ကြည့်တာနဲ့ သိတယ် မင်းနိုင်အောင်၊ ငါ ဖတ်ပေးမယ်'

မင်းနိုင်အောင်ကို သင်ခန်းစာပေးမှဖြစ်တော့မည်ဟု နားလည်လိုက်၏။ တဖွဲ့တနွဲ့ရေးထားမည်ဖြစ်သော ရည်းစားစာကို အသံထွက်ပြီး ခပ်ကျယ်ကျယ်လေး ဖတ်ပြလိုက်သည်။

'နီနီခိုင်ဝေ… တဲ့။ 'ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး အမှတ်တရတွေ စုဆောင်းထားတာ များခဲ့ပါပြီ' ဆိုပါလား။ ဘာတဲ့… 'သံယောဇဉ်ဆိုတာ မိုးကောင်းကင်ဖြစ်တယ်' ဆိုရင် နင်ဟာ ငါ့ကို အစဉ်အုပ်မိုးထားတဲ့သူ'

'တော်ပါတော့ နီနီခိုင်ဝေရယ်၊ နင် အဲဒီလောက်တော့ ငါ့ကို ပျက်ရယ်မပြုပါနဲ့ဟာ'

'နင်ဖတ်ဆိုလို့လည်း ဖတ်ပြရသေးတယ်လေ'

'မဟုတ်သေးဘူး နီနီခိုင်ဝေ'

မင်းနိုင်အောင်တစ်ယောက်တော့ သင်ခန်းစာပေးမှုကြောင့် မျက်နှာကြီးရဲတက်နေ၏။ ဗီလင်တွေလည်း အရမ်းအောက်မှာ သေချာ၏။





'မဟုတ်တာက နင်ပဲ မင်းနိုင်အောင်။ ဇာတ်လမ်းစတာလည်း နင်ပဲ။ နင့်ဘက်က ဒီလိုစိတ်ကူးမိလည်း ငါ့အကြောင်းကို နင် သိနေတာပဲ။ နင် မှတ်ထားဦး… ငါမှ မဟုတ်ဘူး။ ဘယ်မိန်းမ ,မဆို သူ အထင်ကြီးလောက်စရာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ ရင်ခုန်မှာမဟုတ်ဘူးဆိုတာပဲ…'

'ငါ့ကို အထင်မကြီးပေမယ့် ငါ့သံယောဇဉ်၊ ငါ့အချစ်ကိုတော့ သေးသိမ်အောင် ပြက်ရယ်မပြုပါနဲ့'

'လူကို အထင်မကြီးဘူးဆိုမှတော့ အဲဒီအချစ်တွေ၊ သံယောဇဉ်တွေက ဘာများ အသုံးဝင်တော့မှာလဲ မင်းနိုင်အောင်ရာ။ နင် ဒီလို စိတ်ကူးယဉ်ရမယ့် မိန်းကလေးဟာ ငါမဟုတ်ဘူး။ အဲဒါကို နင် သိကိုသိနေရမယ်'

အမြဲတမ်း အနားမှာနေပြီး သူမ စေခိုင်းသမျှ လုပ်တတ်သော ယောကျ်ားတစ်ယောက်။ ယောကျ်ားတို့၏ အတ္တမာနတွေကို မေ့လျော့သွားခဲ့၏။ မင်းနိုင်အောင် ဒီလိုလုပ်ပြလိုက်တာလည်း သူမအတွက်တော့ သင်ခန်းစာတစ်ခုပါပဲ…။



www.burmeseclassic.com

www.burmeseclassic.com



'ငါလေ ဒီထက်မကတဲ့စကားတွေ ပြောပြဖို့ ရင်ထဲမှာရှိနေတယ်။ ဒါပေမဲ့ ဒါတွေကို မပြောပြရဘဲနဲ့ အားလုံးဟာ သဲထဲရေသွန်သလို ပျက်စီးသွားပြီဟာ'

'နင် လွှမ်းပြတဲ့ စကားလုံးတိုင်းဟာ ငါ့အတွက်တော့ ပျက်လုံးတွေချည်းပဲ မင်းနိုင်အောင်၊ နင့်ကိုယ်နင်ကြည့်ဦး၊ မိန်းမတစ်ယောက်ကို စကားပြောဖို့ သတ္တိနည်းပြီး အရက်သောက်လာရတယ်လို့၊ ဘဝတစ်ခုကို ဦးစီးဦးဆောင်ပြုရမယ့် ယောကျ်ားတစ်ယောက်ရဲ့ အမူအကျင့်ဟာ ဒါတွေမဟုတ်ဘူး။ နင်ကိုယ်တိုင်က လွဲနေတော့ နင့်အချစ်၊ နင့်မေတ္တာကို ဘယ်မိန်းမက ယုံယုံကြည်ကြည်နဲ့ စိတ်ချပြီး ကိုးကွယ်တော့မှာလဲ'

'နင် ငါ့ကို ဆုံးမနေတာလား နီနီခိုင်ဝေ၊ နင့်ကိုချစ်မိတဲ့ ငါ့ကို ဒီလိုပဲ လက်တုံ့ပြန်တာလား'

'ငါ့မှာ သံယောဇဉ်သာ မရှိဘူးဆိုရင် ဒီလောက်ရှည်ရှည်ဝေးဝေးတွေ ပြောပြနေတော့မှာ မဟုတ်ဘူး။ ဒီကိစ္စတစ်ခုတည်းနဲ့ နင့်ကို ဆုံးမရတာမဟုတ်ဘူး။ အမြဲတမ်း နင် လုပ်ပုံကိုင်ပုံတွေ၊ တွေးပုံခေါ်ပုံတွေက ခပ်တုံးတုံးဖြစ်နေလို့ ငါ





ဆုံးမခဲ့တာ နင်မေ့သွားပြီလား'

မင်းနိုင်အောင်မှာ ရုပ်ရည်မရှိတာတော့ မဟုတ်။ မိန်းကလေးတွေ မက်လောက်သော ရုပ်ရည်ရှိပေမယ့် အပြုအမူ အတွေးအခေါ်က ရိုးစင်းလွန်း၏။

အရည်အသွေးကောင်းများ ရှိနေသော်လည်း အသုံးမချတတ်သလို၊ တစ်ကိုယ်ရည် စိတ်ချမ်းသာမှုအတွက် ခပ်အေးအေးနေချင်သော စရိုက်မျိုးဖြစ်နေ၏။

'နင့်အတွက်တော့ ငါဟာ မှားကောင်းမှားနေလိမ့်မယ် နီနီခိုင်ဝေ၊ ဒါပေမဲ့ နင့်ကိုချစ်တာ ဘယ်တော့မှ မှားတယ်လို့ ငါ မယူဆဘူးသိလား...'

'အေး... ဒါကတော့နင့်အပိုင်းပဲ မင်းနိုင်အောင်၊ ငါကလည်း နင့်ကို ပြောလိုက်ဦးမယ်။ နင့်စိတ်ထဲမှာ ငါ့ကို ရိုးရိုးသားသား ခင်မင်တာကလွဲပြီး ကျန်တာတွေ စွန်းထင်းနေသမျှ ငါ့ဆီကို ဘယ်တော့မှ နင် မလာနဲ့။ အဲဒီအချစ်တွေ ပေကျံစွန်းထင်းနေတဲ့ နင့်စိတ်ကိုရော၊ နင့်ကိုယ်ကိုပါ ငါ မပတ်သက်ချင်ဘူး။ နင် ထွက်သွားတော့ မင်းနိုင်အောင်၊ နင့်ကံကြမ္မာကို နင့်ဖာသာနင် ဖန်တီးခဲ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာမကောင်းပေမယ့် ဒီပြဿနာကို ဒီလို ကိုင်တွယ်မှ ဖြစ်မည်။ ရောဂါမရင့်မီမှာပင် မင်းနိုင်အောင် စိတ်ကို ဓာတ်ကြမ်းတိုက်ပြီး ကုသမှ တော်ရုံကျတော့မည်ပဲ။ မင်းနိုင်အောင်ကတော့ ခေါင်းငိုက်စိုက်ချပြီး တဖြည်းဖြည်းချင်း ထွက်ခွာသွားခဲ့လေ၏။

※ ※ ※



၂။

'ဒါဆိုရင်တော့ ဒီကမ္ဘာမှာ ကံအကောင်းဆုံး ယောကျ်ားတစ်ယောက်လို့ ဂုဏ်ယူရမှာပေါ့နော် နီနီ . . .'

ကိုပြေဇော်က သူမ၏ 'မောင်'ဖြစ်လာခဲ့သည်မှာ သိပ်တော့ မထူးဆန်းပေ။ မောင့်အသိုင်းအဝိုင်း၊ မောင့်စိတ်ဓာတ်နှင့် မောင့်အမူအကျင့်များက သူမ သဘောကျအားကိုးချင်စရာဖြစ်သလို၊ အထင်လည်း ကြီးမသသောကြောင့်ဖြစ်၏။

'ဂုဏ်ယူပေါ့ မောင်၊ နီနီနဲ့ပတ်သက်တဲ့ မှတ်မှတ်ရရ ယောကျ်ားတစ်ယောက်အကြောင်း ပြောပါဆိုလို့ ပြောပြရတာ။ မောင့်မှာရော နီနီနဲ့မတွေ့ခင်တုန်းက ရင်ခုန်စရာ ကောင်မလေးတွေရှိခဲ့ဖူးသေးလား'



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်မောင်တို့ အေးအေးဆေးဆေး တွေ့ခိုက်မှာပင် ရှေးဟောင်းနှောင်းဖြစ်တွေကို အပြန်အလှန်ပြောဖြစ်ကြ၏။ မောင်က သူမ နောက်ကြောင်းကိုသိလို၍ မကွယ်ဝှက်စတမ်း ပြောခိုင်းသည်။

ပြောစရာယောကျ်ားအကြောင်းဆို၍ မင်းနိုင်အောင်တစ်ယောက်ပဲ ရှိခဲ့၏။

'မောင်လည်း အမှန်အတိုင်းပြောမယ်နော်'

'ပြောပါ မောင်ရဲ့၊ မကွယ်ဝှက်စတမ်းပေါ့။ ပြီးခဲ့တာတွေကို သိထားရတော့ စိတ်လုံတာပေါ့။ မောင်ပြောပြလို့ သိရတာထက် တိုက်ဆိုင်မှုဖြစ်လာတဲ့အခါ တစ်စုံတစ်ယောက်ပြောမှ သိရတာ မတူဘူးလေ'

မောင့်ရုပ်ရည်၊ မောင့်အဆင့်အတန်းနှင့် ငြိတွယ်ခဲ့ဖူး၊ ရင်ခုန်ခဲ့ဖူးမှာတော့ သေချာ၏။

'ငယ်ငယ်တုန်းက တစ်ယောက်ရှိတယ်။ ဆယ်တန်းအောင်စမှာ ဖြစ်ခဲ့ကြတာ။ သူငယ်ချင်းတွေ အောင်သွယ်ကောင်းတာရော၊ ကိုယ်တိုင်က ရင်ခုန်မိတာရောပါတာပေါ့ နီနီ။ အဲဒီတစ်ယောက်နာမည်က ပန်းအိချို့တဲ့။ သိပ်တော့ မကြာလိုက်ဘူး။ တက္ကသိုလ်တက်ဖြစ်တော့ ဘယ်ကနေ





ဘယ်လိုပြတ်သွားသလဲ မပြောတတ်ဘူး။ အဲဒီတစ်ယောက် ဆယ်တန်းကျကျန်ခဲ့လို့ အနေဝေးတာလည်း ပါမယ်ထင်တာပဲ'

မောင့်လေသံကတော့ အခုအချိန်ကျမှ ခွာပြရခြင်းကို သတိရပြီး ကောက်ချက်ချပုံပေါ်နေ၏။

'ဒီတစ်ယောက်နဲ့တင် ပြီးသွားရောလား မောင်၊ မောင့်စတိုင်(လ်)က တစ်ယောက်တည်း မကလောက်ပါဘူး'

နောက်သလို၊ ပြောင်သလိုမျိုး မောင့်ဆီကစကားထွက်လာအောင် ဆွပေးလိုက်မိ၏။ အတိတ်ကအကြောင်းကို ရိုးသားပွင့်လင်းစွာ မောင်ပြောပြ၏။

'နောက်တစ်ယောက်ပဲ ကျန်တော့တာပါ နီနီ။ တက္ကသိုလ်မှာ တွေ့ဖြစ်ကြတာ။ အဲဒီအချိန်တုန်းက ပျော်ပျော်ပါးပါးနေခဲ့တဲ့ အချိန်လေ။ ဘဝရှေ့ရေးအတွက် အကြောင့်ကျမဲ့စွာ နေခဲ့တယ်ပေါ့။ ဒီတစ်ယောက်အတွက်နဲ့ မောင် နည်းနည်းခံလိုက်ရသလိုပဲ။ နှလုံးသားကို တည့်တည့်ထိသွားခဲ့တာ။ မိန်းမတွေအပေါ်မှာလည်း နည်းနည်းတော့ ယုံကြည်မှုလျော့သွားသလို အထင်ကြီးချင်စိတ်လည်း မရှိတော့တာ အမှန်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



အတိတ်က အဖြစ်အပျက်သည် မောင့်အတွက် ကြေကွဲစရာကောင်းမည် ထင်၏။ လှည့်စားတတ်သော မိန်းမတစ်ယောက်နှင့် မောင် ကံဆိုးစွာ တွေ့ခဲ့ရသည် လား။

'ပြောပါဦး မောင်၊ တကယ့်ဖီလင်ဇာတ်လမ်း မျိုးလား၊ နီနီ စိတ်ဝင်စားတယ်'

'ဒီတစ်ယောက်နာမည်က ချယ်ရီတဲ့ နီနီ။ ချယ်ရီပန်းလေးတွေလိုပဲ ချစ်စရာကောင်းတယ်။ လှလည်းလှတယ်။ သူနဲ့အကြောင်းကို အိမ်ကလူတွေတောင်သိတယ်။ တမင် သိအောင်လည်း မောင်ကိုယ်တိုင် လုပ်ယူခဲ့တာ။ သူ့ကို တစ်ဘဝလုံးအတွက် ရည်ရွယ်ခဲ့တယ်။ မောင့်ပတ်ဝန်းကျင်မှာ မောင်က စန်းပွင့်တဲ့သူတစ်ယောက်ဖြစ်ပေမယ့် မျက်နှာ မများတတ်တဲ့သူပါ။ လေးလလောက်အကြာမှာတော့ သူ့ပကတိဇာတိရုပ်ကို မောင် သိလိုက်ရတာ။ မောင် သူ့ကို စပြီး စိတ်ဝင်စားကတည်းက သူ့မှာ ချစ်သူရှိနေခဲ့တာ။ ဒါကို သူက လျှို့ဝှက်ထားခဲ့တယ်။ မောင်က တရားဝင်ဖွင့်ပြောဖြစ်တာနဲ့ အရင်လူကို လုံးဝ အဆက်ဖြတ်လိုက်တာလေ။ အဲဒီအကြောင်းကို





မောင်လည်းသိတယ်။ အိမ်ကလူတွေလည်း သိသွားကြတယ်။ မောင်လေ ရှက်တာရော၊ ကြေကွဲတာရောပေါင်းပြီး မျက်နှာမပြရဲခဲ့ဘူး။ အဲဒီနောက်ပိုင်း နီနီကို မတွေ့ခင်အထိပဲဆိုပါတော့။ ဘယ်မိန်းကလေးကိုမှ မောင် စိတ်မကူးမိတော့ဘူး...'

မောင့်စကားတွေကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီးမှ...

'ဒါဆိုရင်တော့ အဲဒီတစ်ယောက်ကို နီနီက ကျေးဇူးတင်ရမှာနော်'

'ဘာဖြစ်လို့ နီနီက ကျေးဇူးတင်ရမှာတုန်း'

'ဪ... မောင်ရယ်၊ ချယ်ရီကြောင့်သာ မောင်နှလုံးသား အထိတ်တလန့် မဖြစ်ခဲ့ဘူးဆိုရင် ချယ်ရီနဲ့ မြဲကောင်းမြဲနေမယ်။ ဒါမှမဟုတ် မောင့်အနားမှာ တစ်ယောက်ယောက်ရှိရင်လည်း ရှိမှာပေါ့။ အဲဒီလိုဆိုရင် မောင်နဲ့နီနီတို့ တွေ့ကြပေမယ့် တစ်ဘဝလုံးဆုံဖို့အတွက် ချစ်သူတွေ ဖြစ်လာမှာမဟုတ်ဘူးလေ'

သူမပြောတာကို မောင် လက်ခံ၏။

သူမစကားတိုင်းသည် မောင့်စိတ်ကို တိမ်းညွှတ်



www.burmeseclassic.com

www.burmeseclassic.com



စေရော့လားကွယ်။ သူမက လွှမ်းမိုးထားနိုင်လို့သာ ရေခြားမြေခြားမှာ နေကြရပေမယ့် စိတ်ချင်းရင်းနှီးနေတာ ဖြစ်နိုင်သည်ပဲ။

'ဟုတ်တယ်နော် နီနီ၊ မောင့်အစ်ကိုနဲ့ ပတ်သက်ပြီး နီနီနဲ့ လူချင်းတွေ့ကောင်း တွေ့မယ်။ ရိုးရိုးတန်းတန်းပဲ မေးထူးခေါ်ပြောဆက်ဆံဖြစ်ရင် ဆက်ဆံဖြစ်မှာ။ အခုလိုတော့ တရင်းတနှီးဖြစ်ပြီး ချစ်သူတွေဘဝကိုတော့ ရောက်ဖြစ်မှာ မဟုတ်ဘူး…'

'မောင့်ကို စတွေ့ကတည်းက ဒီက ကြွေသွားခဲ့တာနော်။ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး ရင်မခုန်စတတ်တဲ့ မိန်းမက မောင့်ကိုမြင်တော့ ဘာဖြစ်သွားလဲ မပြောတတ်ဘူး။ အကျွမ်းတဝင်ဖြစ်ချင်သွားတာ။ မောင့်မှာ ပိုင်ရှင်ရှိနေရင် ဒုက္ခပါပဲလို့တောင် တွေးပြီး အိပ်ပျော်ခဲ့တာ မဟုတ်ဘူး။ မမမေကို မေးကြည့်တော့မှ မောင့်အကြောင်းကို သိပြီး စိတ်အေးခဲ့ရတာ'

'မောင်နဲ့ နီနီတို့ အခုလို ဖူးစာဆုံဖြစ်တာက မောင့်အစ်ကိုနဲ့ မမမေတို့ ပယောဂမကင်းဘူးနော်'





'ဒါပေါ့မောင်၊ အဲဒီအချိန်မှာ မောင်က ဂျပန်မှာ ရောက်နေပြီးသား။ ရန်ကုန်ကို အလုပ်နဲ့ ပြန်လာတုန်းမှာ တွေ့ကြတာပဲ။ နီနီကလည်း နောက်ဆုံးနှစ်မှာပဲ ဗြူတီပါလာကိုဦးစီးပြီး ဖွင့်ထားတဲ့အချိန်။ မောင့်ရဲ့အကူအညီ အကြံဉာဏ်တွေနဲ့ စင်္ကာပူမှာ ဒီပလိုမာသင်တန်းတွေ ဘာတွေတက်ဖြစ်ပြီး အခု အေဂျင်စီကို ဖွင့်ဖြစ်ခဲ့တာလေ။ မောင်နဲ့မတွေ့ဖြစ်ရင် ဗြူတီပါလာလောက်နဲ့ပဲ အခုချိန်ထိ နပန်းလုံးရင် လုံးနေရမှာ။ နီနီ အခုလိုအောင်မြင်နေတာ မောင့်ကျေးဇူးမကင်းဘူး၊ အခုထိ မောင့်အကူအညီ အကြံဉာဏ်တွေကို ယူနေရတာပဲမဟုတ်လား'

ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်းကမင် မောင်နှင့် ပတ်သက်ခဲ့တာတွေကို ကျေးဇူးသိတတ်ဆဲဖြစ်ကြောင်း ဖော်ထုတ်ပြလိုက်၏။

'မောင်ကလည်း အစ်ကိုနဲ့ပတ်သက်ပြီး နီနီကို တွေ့တွေ့ချင်းမှာ စိတ်ဝင်စားသွားတာ။ အစ်ကိုကို အပူကပ်ပြီး စကားအစ်ကြည့်တယ်။ နီနီ ဘယ်လောက်တော်တယ်၊ ဘယ်လောက်ထက်ပြီးအရည်အချင်းတွေရှိတယ်ဆိုတာကိုပါ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



က ပြောတာလေ။ ဒါကြောင့်ပဲ နီနီဖြစ်ချင်တာတွေအားလုံးကို မောင်က ဖြစ်လာအောင် လုပ်ပေးတာပေါ့’

‘နီနီထက် မောင်ကပိုထက်ပြီး ပိုတော်တာပါနော်၊ နီနီကတော့ ရှိတဲ့အရည်အချင်းလောက်နဲ့ပဲ ဒီမှာ ဆရာကြီးလုပ်နိုင်နေတာ။ မောင်တို့လိုတော့ ရေခြားမြေခြားမှာ ပွဲမတိုးနိုင်သေးပါဘူးနော်’

‘တကယ်တော့ အတူတူလောက်ပါပဲ။ ဟိုမှာက ဒီမှာထက် ပိုပြီးကျယ်ပြန့်တာပဲရှိတယ်။ နီနီလိုတော့ ဆရာကြီးတစ်ဆူအဖြစ်နဲ့ နေနေရတာမှ မဟုတ်ဘဲ။ နီနီကတော့ မော်ဒယ်(လ်)အေဂျင်စီနဲ့ပတ်သက်ပြီး ဒီမှာ အစောဆုံးလုပ်နိုင်ပြီး ဆရာမကြီးဖြစ်နေတာပဲ’

‘အမယ်လေးနော်၊ မောင်တို့က ဟိုမှာ သိပ်ပင်ပန်းရတာမဟုတ်ဘူး။ နီနီကတော့ ဒီမှာ တစ်ယောက်တည်း တတ်သမျှ နားလည်သမျှနဲ့ အားစိုက်လုပ်ရတာ၊ တစ်ခါတစ်ခါ အလုပ်တွေပိလာ၊ စိတ်မလွတ်လပ်ဖြစ်တာများပြီး ထွက်ပြေးချင်စိတ်တောင် ပေါက်တယ်သိလား’





မောင့်ကို စကားအရာဖြင့်သာ ပြောမိခြင်းဖြစ်၏။ တကယ်တော့ ဒီလိုနေထိုင်ရခြင်းကို ခုံမင်မြတ်နိုး၏။ အောင်မြင်သည်ထက် အောင်မြင်အောင်၊ ဆက်ခါဆက်ခါ ကြိုးစားနေဦးမှာဖြစ်၏။

‘အလုပ်ကိစ္စတွေဆီ ရောက်သွားတာနဲ့ တွေးထားတာလေးတောင် မေ့မေ့လျော့လျော့ ဖြစ်သွားတော့မလို့’

‘မောင်က ဘာမေးချင်သေးလို့လဲ’

‘ဘာဟုတ်ရမှာလဲ နီနီ၊ မင်းနိုင်အောင်အကြောင်းလေ။ နီနီပြောတာက ပြီးမှမပြီးသေးဘဲ၊ မောင့်ဘက်က ဖြစ်ရပ်တွေကို အကုန်ပြောပြပြီးပြီနော်၊ ဘာလဲ နီနီ၊ နီနီ အဲဒီလို အပြတ်ပြောလိုက်တာနဲ့ ဇာတ်လမ်းက တစ်ခါတည်းပြီးသွားရောလား’

မောင်က မင်းနိုင်အောင်နှင့်ပတ်သက်ပြီး စိတ်ဝင်စားနေပုံရ၏။

မောင့်ဘက်က အားလုံးကို မခြွင်းမချန်ပြောပြခဲ့ပြီးမှတော့ သူမကလည်း စကားချန်လို့မဖြစ်ပေ။

မင်းနိုင်အောင်နှင့် ဆက်နွယ်ပတ်သက်ခဲ့သမျှတွေကို တစ်ခုမချန် ပြောပြမိပြန်၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## ၃။

‘နှင့်ဆီကို မင်းနိုင်အောင် ရောက်မလာတာ ရက်တော်တော်ကြာသွားသလိုပဲ၊ နှင့်ရဲ့ဝေယျာဝစ္စတော်တော်များများကို သူက လုပ်ပေးနေကျပဲ’

‘ဟုတ်တယ်၊ ငါလည်း မေးမလို့ပဲ၊ နင်တစ်ခုခုပြောမှား ဆိုမှားရှိလို့ မလာတော့တာလား၊ နင်ကလည်း နင်ပါပဲ၊ လူရှေ့မရှောင် အမြဲပြောတတ်တာ’

တွဲနေကျ အဖော်များကတောင် မင်းနိုင်အောင် ပျောက်ဆုံးနေသည့်အတွက် တမ်းတနေကြ၏။

ပြောလွှတ်လိုက်သော နေ့ကတည်းက မင်းနိုင်အောင်၏ အရိပ်ယောင်ကို မမြင်တွေ့ရတော့ပေ။

နှစ်ယောက် ပြဿနာဖြစ်ရပုံကို လူသိမခံချင်သောကြောင့်ပင်၊ မုသားဆိုလိုက်ရ၏။





‘မသိပါဘူးဟာ၊ ငါပြောနေကျ ဆိုနေကျဆိုတာ သိသိကြီးနဲ့ ကောက်သွားတာနေမှာပေါ့၊ အချိန်တန်ရင်တော့ သူ့ဖာသာသူ စိတ်ပြေသွားမှာပါ’

စကားကျွံပြီးတော့မှ ပြန်နှုတ်လို့ မဖြစ်တော့ပေ။ ပြောလွှတ်လိုက်သော စကားက လမ်းဆုံးသွားခဲ့ပြီပဲဟု စိတ်မကောင်းတော့ ဖြစ်မိ၏။

အနေကြာလာခဲ့သော သံယောဇဉ်များကိုတော့ နှမြောသလိုလိုပင်။ ဒီလိုမှ မပြောရင်လည်း သံသရာရှည်မှာစိုးရ၏။

‘သူရောက်မလာရင်လည်း နင်မှားမှန်းသိရင် သူ့အခန်းကို သွားတွေ့လိုက်ပါလား’

‘ဟုတ်တယ်၊ သူရှိရှိနေတော့ တော်ရုံအသေးအမွှားကိစ္စလေးတွေကို ငါတို့ပါ ခိုင်းလို့ အဆင်ပြေနေတာပဲ’

မင်းနိုင်အောင်ကြားရင်တော့ ပိုပြီး နာကျည်းမှာသေချာ၏။ မင်းနိုင်အောင်က သူမ တစ်ယောက်တည်း၏အနွံအတာကို ခံသူမဟုတ်။ သူမနှင့်ပတ်သက်သူများ၏ အနွံတာကိုလည်း သူခများ မဆီမဆိုင် ခံရရှာသေး၏။

‘သွားမတွေ့နိုင်ပါဘူးဟာ၊ ငါက သူ့ဆီသွားပြီး တွေ့ရတောင်းပန်ရလောက်အောင် အရေးပါလို့’



www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်ပါဘူး။ သူ အနားမှာမရှိလို့မဖြစ်တဲ့ အနေအထားမျိုးမှ မဟုတ်တာပဲ၊ သူ့ကိုစွန့်နဲ့သူ မလို့ မလာနိုင်တာလည်း နေချင်နေမှာပေါ့'

သူမဘက်က အလျှော့ပေးလိုက်ရင် အခွင့်အရေး ပေးရာကျသွားမည်။ ဒီလို အခြေအနေမျိုးနှင့် ပြတ်သွားခဲ့ရင်လည်း ဝမ်းနည်းစရာမဟုတ်ဟု လွယ်လွယ်တွေးဖြစ်ခဲ့ပြန်၏။

ж ж ж

တစ်ပတ်လည်း ရောက်မလာ၊ နှစ်ပတ်ကျော်သွားတော့လည်း မင်းနိုင်အောင်၏ အရိပ်အယောင်ကို မတွေ့ရပေ။

ဘယ်ဝေးဝေးသို့ မင်းနိုင်အောင် ပြေးမှာမဟုတ်ပေ။ ဒီကျောင်းပရဝုဏ်ထဲမှာ မင်းနိုင်အောင်ရှိနေမှာ သေချာ၏။

အရှောင်အတိမ်းကောင်းကောင်းနှင့် ကိုယ်ယောင်ဖျောက်ထားနိုင်၏။ သုံးပတ်ကြာသွားသော်လည်း မင်းနိုင်အောင်ကို မတွေ့။

ထူးဆန်းသည်က ဖြတ်သွားဖြတ်လာလုပ်ရင်းကပင် ဖျတ်ခနဲတောင်မှ မမြင်မတွေ့ရခြင်းပဲဖြစ်၏။





သူမနှင့် ကိုမင်းနိုင်အောင်တို့ကြားမှာ ပဋိပက္ခဖြစ်အောင် သွေးထိုးပေးခဲ့သော ဇော်မင်းဦးနှင့်တောင် မျက်နှာချင်းဆိုင်ဖြစ်ကြသေးသည်ပဲ။

မျက်နှာချင်းဆိုင်တွေ့တော့ မင်းနိုင်အောင် အကြောင်းကို မေးမလားဟု သမင်လည်ပြန်တွေ လုပ်ပြသေး၏။

ပြဿနာဖြစ်ထားသော အရှိန်ကြောင့် ကြည့်မရသည်မို့ ဇော်မင်းဦးကို ဆေးဖော်ကြောဖက်လုပ်ဖို့ စိတ်မသတီစရာဖြစ်မိ၏။

'ဟဲ့··· ငါ မင်းနိုင်အောင်ရဲ့သတင်းကို ရလာတယ်'

သူငယ်ချင်းမတစ်ယောက်က သူမတို့ထိုင်နေရာ စားပွဲသို့ ရောက်လာပြီး အရေးတကြီးဟန်ဖြင့် ပြော၏။

'ဘာလဲ နာရေးသတင်းလား၊ ဘယ်နေ့ သင်္ဂြိုဟ်မှာလဲဟင်'

'နင်တို့ကဟယ်၊ ပေါက်ကရတွေ ပြောတော့မယ်၊ သူ ကြားလာတဲ့သတင်းက ဘာလဲဆိုတာကို နားထောင်ကြည့်ပါဦး'

အပြောင်အနောက်တွေကြားမှာ ဘာမှဝင်မပြောဖြစ်ဘဲ သတင်းရလာသူ ပြောမည့်စကားကိုသာ နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိ၏။

'တခြားတော့ မဟုတ်ဘူး၊ သတင်းဆိုးတစ်ခုပဲ၊ သူ့အဖေနဲ့ပတ်သက်တဲ့ သတင်းပဲ'

မင်းနိုင်အောင် ဖခင်အကြောင်းဆို၍ ငြိမ်ပြီး မနေသာတော့ပေ။

'ပြောစမ်းပါဦး၊ မင်းနိုင်အောင်အဖေ ဘာများဖြစ်လို့တုန်း'

'မင်းနိုင်အောင်တို့အဖေ အလုပ်ထဲမှာ ပြဿနာဖြစ်တယ်၊ သူက တကယ်ပါတာလား မပါတာလားဆိုတာ သေသေချာချာတော့ မသိဘူး။ အလုပ်ကိစ္စနဲ့ အုပ်စုလိုက် ပြဿနာဖြစ်ပြီး တရားစွဲခံရတယ်။ ထောင်တွေဘာတွေတောင်ကျရင်ကျမယ်ဆိုလားပဲ။ နှင့်ဆီရောက်မလာဖြစ်တာ၊ ဒီကိစ္စနဲ့လည်း ပတ်ရင်ပတ်သက်နေလိမ့်မယ် နီနီခိုင်ဝေ၊ နင် သတင်းသွားမေးသင့်တယ်'

ဒီလိုအခြေအနေမျိုးမှာတော့ ဖြစ်ခဲ့ပျက်ခဲ့သည့် ကိစ္စများကို အမှတ်ထားလို့ မဖြစ်တော့ပေ။

စိတ်ပျော့သော မင်းနိုင်အောင်ကတော့ အခုချိန်ခါမျိုးမှာ အရမ်းအားငယ်နေမှာ သေချာ၏။





သူနှင့် ပြဿနာဖြစ်ပြီး မျက်နှာချင်းမဆိုင်လောက်အောင်ဖြစ်သော အခါမျိုးမှ ဒီပြဿနာ တက်ရသည်။

✕ ✕ ✕

မင်းနိုင်အောင်အကြောင်းကို ကြားကြားချင်းမှာပင် မင်းနိုင်အောင် အခန်းရှိရာသို့ ထွက်လာဖြစ်သည်။

မင်းနိုင်အောင် တက်သောအခန်းကို သိသော်လည်း အကြောင်းမရှိသောကြောင့် တစ်ခေါက်မှရောက်ဖြစ်တာ မဟုတ်ပေ။

ပထမတုန်းက သူငယ်ချင်းတွေပါ လိုက်ခဲ့ဖို့ ပြောကြသေး၏။ သူတို့ပါလာရင် အပြောအဆိုတွေ၊ မလွတ်မလပ်မှာ စိုးရသည်။ စကားကြည့်ကောင်းအောင် ပြောပြီး တစ်ယောက်တည်း ထွက်လာဖြစ်၏။

'နီနီခိုင်ဝေ'

မင်းနိုင်အောင်တို့အခန်းရှေ့ကို ရောက်သွားသည်နှင့် နောက်ဖက်ဆီမှ ခေါ်သံကြားလိုက်ရသည်။

မင်းနိုင်အောင်အသံမဟုတ်ဘူးဆိုတာတော့ ချက်ချင်းသိလိုက်၏။ လှည့်အကြည့်မှာပင် သူမဆီသို့ လာနေသော ဇော်မင်းဦးကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'နီနီခိုင်ဝေနဲ့ တွေ့ချင်နေတာ'

'ငါတို့ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားသွားပြောရအောင်'

'ကောင်းတယ် နီနီခိုင်ဝေ'

ဇော်မင်းဦးမှာလည်း မင်းနိုင်အောင်ကိစ္စနှင့် ပတ်သက်ပြီး ပြောစရာတွေရှိမှာ သေချာ၏။

သူမနှင့် ဇော်မင်းဦးတို့ ထွက်သွားကြသည်ကို အားလုံးက အထူးအဆန်းလုပ်ပြီး ကြည့်နေခဲ့ကြ၏။

မင်းနိုင်အောင်၏ အရိပ်အယောင်ကို မတွေ့ရ။ ဒီအခြေအနေမျိုးမှာတောင် ဖြစ်ခဲ့တာတွေကို မေ့လျော့ထားပြီး မျက်နှာချင်းဆိုင်ဖို့ မင်းနိုင်အောင် ကြိုးစားခြင်း မရှိပေ။

'မင်းနိုင်အောင်ကို မတွေ့ပါလား ဇော်မင်းဦး၊ သူ ဘယ်မှာလဲ၊ ဒီကျောင်းထဲမှာပဲ ရှိနေတယ် မဟုတ်ဘူးလား'

'ဒီကျောင်းထဲမှာ ရှိမနေဘူး၊ တစ်နေ့ကတင်ပဲ သူတို့မိသားစုလိုက် နယ်ကိုပြောင်းသွားကြပြီ'

'ဟုတ်လား'

အဖြစ်အပျက် အပြောင်းအလဲတွေက မြန်ဆန်းလွန်းလှသည်ထင်၏။ မင်းနိုင်အောင်နှင့် မတွေ့ဖြစ်တာ





သုံးပတ်သာရှိသေး၏။ အားလုံး အခြေအနေပျက်လောက်သည်အထိ ဆိုးရွားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

'ဟုတ်တယ်၊ မှတ်မှတ်ရရပြောရရင် နီနီခိုင်ဝေနဲ့ပြဿနာဖြစ်တဲ့နေ့မှာပဲ သူ့အဖေ အချုပ်ခံရတာ၊ မင်းနိုင်အောင်လိုပဲ သူ့အဖေက ရိုးတယ်၊ အလုပ်အပေါ် သစ္စာရှိတယ်၊ ဒါပေမဲ့ အလုပ်လုပ်တာက တစ်ယောက်တည်းနဲ့ မပြီးဘဲ ကိုယ်တိုင်က ဖြူစင်နေခဲ့ပေမယ့် ပြဿနာပေါ်တော့ အားလုံး အမှုတွဲထဲ ပါသွားတာပေါ့'

'ဒါဆို မင်းနိုင်အောင်အဖေကို အမိန့်ချလိုက်ပြီ ဆိုတဲ့သဘောပေါ့'

'အချုပ်နဲ့ပဲ ပြီးသွားတယ်၊ လျော်ကြေးပေးလိုက်ရတယ်၊ သူ့အဖေကလွဲပြီး ကျန်တဲ့သူတွေကတော့ အမှုကိုဆက်ပြီး ရင်ဆိုင်နေရတယ်။ သူတို့အိမ်ကို အားချင်းရောင်းရတာပေါ့။ အေးအေးဆေးဆေးနေတတ်တဲ့ စရိုက်ကြောင့်ပဲ။ ရန်ကုန်မှာ ဆက်မနေတော့ဘဲ နယ်ပြောင်းသွားတာလေ။ အလုပ်ကလည်း အနားပေးခံရတယ်လေ'

'ဒါဆိုရင် ဒီပြဿနာတွေဖြစ်ကတည်းက မင်းနိုင်အောင် ကျောင်းမတက်တော့တာပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒီသတင်းကပွကုန်တော့ ဒီကောင်လည်း ရှက်တယ်ထင်တာပဲ။ ကျောင်းကို ခြေဦးမလှည့်တော့ဘူး။ အပြင်မှာပဲ သူနဲ့တွေ့ဖြစ်တယ်'

'မိသားစုပြောင်းတာနောက်ကို လိုက်သွားတာဆိုတော့ ကျောင်းကိစ္စကို ဘယ်လိုလုပ်မလဲ။ စာမေးပွဲဖြေဖို့ကလည်း တစ်လလောက်ပဲ လိုတော့တယ်'

'ဒီနှစ်တော့ သူနားလိမ့်မယ် ထင်တာပဲ။ သူ့အဖေကလည်း စိတ်ထိခိုက်ပြီး ကျန်းမာရေးမကောင်းချင်ဘူး ဖြစ်နေတာလေ'

သူမနှင့်သာ ပြဿနာမဖြစ်ခဲ့ပါက မင်းနိုင်အောင်ကို ထိခိုက်စရာအကြောင်းမရှိပေ။

သူမနှင့် အဆက်အသွယ် ပြတ်နေခိုက်မှာဝင် မင်းနိုင်အောင်တစ်ယောက် ထင်မိထင်ရာတွေ လျှောက်လုပ်မိတာပဲဖြစ်၏။

သူမ၏ပယောဂလည်း ပါနိုင်သည်ပဲလေဟု စိတ်မကောင်းဖြစ်မိ၏။

'အေးလေ··· သူ နယ်ရောက်သွားပြီဆိုတော့ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး။ သူ့ရန်ကုန်





လာရင်တော့ နင့်ဆီဝင်မှာ သေချာတယ်။ နင်နဲ့တွေ့ရင် သေသေချာချာ ပြောလိုက်ပါ။ ငါ့ဆီလာတွေ့ပါလို့၊ သူနဲ့ငါ အေးအေးဆေးဆေး စကားပြောချင်လို့၊ သူ့စိတ်ကို ငါသိတယ်၊ ဒီကောင် စိတ်ညစ်ညစ်နဲ့ ထင်ရာတွေလျှောက်လုပ်နေမှာ'

'စိတ်ချပါ နီနီခိုင်ဝေ၊ သူ ငါ့ဆီရောက်လာတာနဲ့ သေသေချာချာ ပြောပြလိုက်ပါ့မယ်'

သူမနှင့် ဝေးသွားရခြင်းမှာ ဇော်မင်းဦးတို့ မြှောက်ထိုးပင့်ကော်လုပ်ပေးကြတယ်ဆိုတာကို သိ၏။

ဒီအချိန်မှာ ရန်တွေ့နေလည်း အပိုပါပဲဟုတွေးပြီး ဒီအတိုင်းပင် စကားနည်းရန်စဲသဘောမျိုးဖြင့် ပြန်လာဖြစ်သည်။

✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

၄။

'ဒါဆိုရင် အဲဒီအချိန်ကတည်းက မင်းနိုင်အောင်နဲ့ မတွေ့တော့ဘူးဆိုပါတော့ ဟုတ်လား နီနီ' တကယ်ဆို မင်းနိုင်အောင်နှင့် ဇာတ်လမ်းက ဒီမှာပဲ တစ်ခန်းရပ်သွားဖို့ဖြစ်၏။ သူမ နီးနီးကပ်ကပ် ဖြစ်လာတာ မရှိတော့ပေ။

'တွေ့ဖြစ်တာပေါ့။ ဒါပေမဲ့ နီနီ မြို့တော်ပါလာ လုပ်ငန်းလုပ်တော့မှ ပြန်တွေ့ဖြစ်တာ။ သူ ကျောင်းတစ်နှစ်အောက်ပြီး အဝေးသင်ပြောင်း ဖြေတယ်။ ရန်ကုန်ရောက်လာတော့ သူ နီနီဆီ လာတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ နီနီက မေမေ ရှိတဲ့ အမေရိကကို အလည်သွားနေခဲ့တာနဲ့ တိုက်ဆိုင်နေတယ်။ ဒါနဲ့ပဲ သူ နယ်ပြန်သွားရ တာ'





'ဘယ်လို ပြန်တွေ့ဖြစ်တာလဲ။ မောင် တကယ် စိတ်ဝင်စားလို့ မေးတာနော်'

'သူ့ဖေဖေ နယ်မှာဆုံးတယ်ဆိုတဲ့ သတင်းကို ကြားရတယ်၊ ဒီကြားထဲ သူ ရန်ကုန်လာသေး တယ်၊ နီနီဆီကို သူ ရောက်မလာဖြစ်ဘူး။ ဒီလို နဲ့ပဲ နေလိုက်တာ နီနီဆိုင်ဖွင့်တော့မှပဲ သူ့သတင်း ကိုကြားရတယ်။ သူ့မိသားစု စီးပွားရေးကြောင့် ပဲ ရန်ကုန်မှာ သူ အလုပ်လုပ်နေရတာတဲ့။ ဇော် မင်းဦးတို့အိမ်မှာ သူ နေတာပေါ့။ ပိုစတာတွေ အခစားနဲ့လိုက်ဆွဲတယ်။ ဗီဒီယိုရိုက်ကွင်းတွေမှာ ဓာတ်ပုံလိုက်ရိုက်ရင်း အလုပ်လုပ်နေတယ်လို့ ကြားတယ်။ သူက ပန်းချီတို့၊ ဓာတ်ပုံတို့ရိုက် တာမှာတော့ ဝါသနာပါသလို စိတ်ကူးလေး တွေလည်း ကောင်းတယ်။ ဒါပေမဲ့ ကိုယ့်အစွမ်း အစကို ကောင်းကောင်း အသုံးမချတတ်တော့ ဘာမှဖြစ်မလာခဲ့ဘူးလေ'

'နီနီတို့ ပြန်တွေ့ဖြစ်ကြတာက…'

'နီနီကိုယ်တိုင် သူ့ကိုရှာပြီး သွားတွေ့ရတာ။ သူကျင်လည် ရုန်းကန်နေရတဲ့ဘဝကနေ ဆွဲ ထုတ်ခဲ့တယ်။ သူ့အတွက် တည်တည်တံ့တံ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကူညီခဲ့တယ်။ နီနီဆိုင်ဘေးမှာပဲ သူ့ရဲ့ ဓာတ်ပုံဆိုင်ကို ဖွင့်ပေးခဲ့တယ်။ နီနီစီမံမှုအောက်မှာပဲ ဒီနေ့အထိ သူ ရှိနေတယ်။ အခုဆိုရင် နီနီနဲ့တွဲပြီးတော့ အောင်မြင်တဲ့ဓာတ်ပုံဆရာ ကင်မရာမင်းတစ်ယောက် ဖြစ်နေပြီလေ’

မောင်ကတော့ သူမဘဝထဲမှနေပြီး မင်းနိုင်အောင်ကို သူ့အလိုလို ပျောက်ဆုံးသွားမှာပဲဟု ထင်နေသည်လား။

‘ဟင်… ဒါဆို မင်းနိုင်အောင်က နီနီအနားမှာ အခုချိန်ထိ ရှိနေတာပေါ့ ဟုတ်လား’

‘ဟိုတုန်းက ဖြစ်ခဲ့တာတွေကို နီနီလည်း အမှတ်မထားတော့ဘူး။ သူကလည်း သူ့ဘဝသူ နားလည်တယ်။ နီနီကြောင့်ပဲ သူ့ဘဝအခြေအနေ လူတစ်လုံး သူတစ်လုံးဖြစ်လာခဲ့တာလေ။ နီနီ အမိန့်အာဏာစက်အောက်ကနေပြီး သူရုန်းထွက်နိုင်မှာမဟုတ်ဘူး’

‘ဒါမျိုးတွေကဖြစ်တော့ ဖြစ်တတ်ပါတယ်။ သူ့ကို ချစ်သူအဖြစ် နေရာမပေးနိုင်ပေမယ့် သံယောဇဉ်ကြောင့် သနားပြီး အနားမှာထားခဲ့တာပေါ့ ဟုတ်လား’





‘ဘာလဲ မင်းနိုင်အောင် အနားမှာရှိနေတာကို မောင်က တစ်မျိုးတမည် ခံစားနေရလို့လား။ သူက မောင့်ကို ဘယ်လိုမှမယှဉ်နိုင်ပါဘူး။ နီနီ ကျေးဇူးနဲ့ သွန်သင်ခဲ့မှုတွေကလည်း သူ့အပေါ်မှာ အများကြီးပဲ၊ သူ့အတွက်နဲ့တော့ ဘာမှစိတ်ထဲမှာ မထားနဲ့။ သူက နီနီသေဆိုရင်သေ ရှင်ဆိုရင်ရှင် အမျိုးအစားပဲ…’

‘မောင်တို့ အခြေအနေတွေကိုရော သူသိရဲ့လား’

‘သိပ်သိတာပေါ့ မောင်၊ မောင်ကသာ သူ့ကို မသိတာ၊ သူကတော့ မောင့်ကို ကောင်းကောင်း သိနေတယ်၊ သူ့မှာလည်း ဘာလိုလို ညာလိုလို ဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်လည်း ရှိနေတယ်’

ဖော်မင်းဦးတို့အိမ်မှာ နေစဉ်ကတည်းက သူတို့ချင်းသံယောဇဉ်ဖြစ်ခဲ့ပုံရ၏။ မွန်မြတ်ဦးကတော့ မင်းနိုင်အောင်ကို နည်းနည်းလေး အထင်ကြီးပုံရသည်။

‘ဟုတ်လား’

‘ဟုတ်တယ် မောင်၊ တခြားလူတော့ မဟုတ်ဘူး၊ သူ့ကို မြှောက်ပေးခဲ့တဲ့ ဖော်မင်းဦးရဲ့ညီမ မွန်မြတ်ဦးပဲ မောင်’



www.burmeseclassic.com

www.burmeseclassic.com



မောင် တစ်ယောက်ကတော့ မင်းနိုင်အောင်အကြောင်းကို နားထောင်ရင်းကပင် မျက်စိတွေလည်ကုန်ပြီလား မပြောတတ်ပေ။

‘နေပါဦး နီနီရဲ့၊ မွန်မြတ်ဦးဆိုတာ မိမိမော်ရဲ့ သူငယ်ချင်း မော်ဒယ်(လ်)မလေးများလား’

မင်းနိုင်အောင်နှင့် ပတ်သက်သောသူကို မောင် ဇဝေဇဝါဖြစ်သွား၏။ မောင်သိထားသော မွန်မြတ်ဦး မဟုတ်တန်ရာဟု မောင် တွေးပုံရသည်။

ဒါကလည်း သဘာဝကျသည်ပဲ။ မွန်မြတ်ဦးနှင့် မင်းနိုင်အောင်သည် တွဲဖက်ဖြစ်လို့မကောင်းသော အနေအထားတစ်ခုပင် ...။

‘အဲဒီတစ်ယောက်တည်းဆိုရင် မောင် ဘယ်လိုပြောမလဲ။ မောင်ပြောတာကို နီနီ နားထောင်ကြည့်ချင်တယ်’

‘နီနီပြောတဲ့ မွန်မြတ်ဦးဟာ မကြာသေးခင်က မောင်သိထားတဲ့ မွန်မြတ်ဦးဆိုရင်တော့ အဲဒီ မင်းနိုင်အောင်ဆိုတဲ့သူကို ချီးကျူးရမလိုတောင် ဖြစ်နေပြီ နီနီ၊ နီနီ နေရာမပေးလို့ ချစ်သူမဖြစ်ခဲ့ပေမယ့် မင်းနိုင်အောင်ရဲ့ရုပ်ရည်ကလည်း ခပ်ဆိုးဆိုးထဲက မဖြစ်နိုင်ဘူး’





‘သူ့ပုံစံနဲ့ သူ့အနေအထိုင်ကြောင့် မိန်းကလေးတွေ စိတ်ဝင်စားစရာကောင်းလောက်တဲ့ ရုပ်မျိုးပါပဲ။ ဒါပေမဲ့ မွန်မြတ်ဦးနဲ့ ပတ်သက်ပြီး မောင် ချီးကျူးတာကတော့ ပြန်ရုပ်သိမ်းရမလိုဖြစ်နေပြီ မောင်’

သူမနှင့် မွန်မြတ်ဦးတို့ မဆုံဖြစ်ခဲ့ရင် သူမနှင့်သာ တရင်းတနှီး မနေဖြစ်ခဲ့ရင် မင်းနိုင်အောင်နှင့် မွန်မြတ်ဦးတို့ အနေအထားက တစ်မျိုးဖြစ်နေပါလိမ့်မည်။

‘ဘာဖြစ်လို့များလဲ နီနီ’

‘တခြား ဟုတ်ရိုးလား၊ အခု နီနီဆီရောက်နေတဲ့ မွန်မြတ်ဦးက အရင်လို မွန်မြတ်ဦးမှ မဟုတ်တော့ဘဲ။ ဆက်ဆံရတဲ့ ဝန်းကျင်ရော၊ လုပ်ရှားရတဲ့အနေအထားတွေကိုပါ အများကြီး တံတိုင်းခြားသွားခဲ့ပြီ။ သူတို့ချင်းကလည်း အနေနီးခဲ့ကြလို့ တွယ်ချင်ချင် ဖြစ်နေတာပဲ ရှိသေးတာ။ မိန်းမကိစ္စနဲ့ ပတ်သက်ပြီး မင်းနိုင်အောင် နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတာလို့ ပြောရမလို ဖြစ်နေပြီ မောင်’

မောင်က ခေသူတော့မဟုတ်။ သူမ ရှင်းပြသည်ကို ချက်ချင်းနားလည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'နီနီတွေးတာ ဖြစ်နိုင်တယ်။ ဒီကလေးမလေး တစ်နေ့တခြား အောင်မြင်မှုရလာလေ။ ဒီလူနဲ့ ပိုဝေးသွားလေဖြစ်မှာပဲ။ တစ်ခုတော့ရှိတယ် နီနီက ကြားထဲကနေပြီး သူတို့နှစ်ယောက်ကြားမှာ အက်ကြောင်းမပေါ်ဖို့ ကြိုးစားပေးနေရင်ရော'

မောင်တွက်တာ ချက်တာ မှားယွင်းသွားပြန်၏။

မင်းနိုင်အောင်အပေါ်ထားသော သံယောဇဉ်က သတ်သတ်၊ ဖြစ်သင့်ဖြစ်ထိုက်တာက သတ်သတ်ဆိုတာကို မောင် မတွေးခဲ့ပြန်။

မင်းနိုင်အောင်နှင့် ဘယ်လိုပဲရင်းနှီးရင်းနှီး မိန်းမချင်းကို ပိုပြီး ရိုင်းပင်းရမည့် သဘာဝကို မောင် မေ့လျော့သွားပုံရ၏။

'ဒီလိုပြောလိုက်တော့ မောင် မှားသွားသလိုပဲ'

'ဘာဖြစ်လို့လဲ နီနီ'

'မင်းနိုင်အောင်နဲ့တော့ မွန်မြတ်ဦးကို အဖြစ်ခံဖို့ မသင့်ဘူးလေ။ မွန်မြတ်ဦးကလည်း နီနီရဲ့ သွန်သင်မှုအောက်မှာ ခိုလှုံနေရတာ။ မင်းနိုင်အောင်ဟာ မွန်မြတ်ဦးအတွက် တကယ်ရွေးချယ်ရမယ့် လူတစ်ယောက်မှ မဟုတ်ဘဲ။ မင်းနိုင်အောင်ကို သာစေဆိုပြီး တိုက်တိုက်တွန်း





တွန်း လုပ်ပေးလိုက်ရင် မွန်မြတ်ဦးလမ်းတွေကို ပိတ်ပေးတာမျိုး ဖြစ်သွားမှာပေါ့။ မွန်မြတ်ဦးကိုတော့ မင်းနိုင်အောင်နဲ့ အဖြစ်မခံနိုင်ဘူး မောင်'

'အင်း... ဒီတစ်ခါလည်း နီနီလက်ချက်ကြောင့်ပဲ မင်းနိုင်အောင်တစ်ယောက် အသည်းထပ်ကွဲရလိမ့်ဦးမယ်ထင်တယ်'

'သိပ်သေချာတယ် မောင်၊ မင်းနိုင်အောင် အသည်းကွဲမှာက အရေးမကြီးဘူး၊ မွန်မြတ်ဦးလေး အညွန့်မတုံးသွားဖို့က အရေးကြီးတယ် မောင်'

သံယောဇဉ်တွေ ဘယ်လောက်ပဲရှိခဲ့ ရှိခဲ့။ အခုအချိန်မှာတော့ မွန်မြတ်ဦးအနေဖြင့် ရက်စက်တတ်၊ ခွဲခြားဆက်ဆံတတ်ဖို့ပဲ လိုပါသည်။

ဒီလိုဖြစ်လာအောင်လည်း မွန်မြတ်ဦးကို သွန်သင်ဆုံးမဖို့ သူမမှာ တာဝန်တွေရှိနေပြန်၏။

'မင်းနိုင်အောင်ကိုယ်စား နီနီကို မောင်တောင် ကြောက်ချင်ချင်ဖြစ်လာပြီ။ နီနီကတော့ နီနီအယူအဆ အတွေးအခေါ်နဲ့ ပုရိသတွေကို ကောင်းကောင်း အကောင်းမမြင်နိုင်ဘူးနော်'

'ဟုတ်မယ် မောင်၊ အထူးသဖြင့် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပတ်ဝန်းကျင်တစ်ခုကို ဦးစီးပဲ့ကိုင်နိုင်မယ့် အရည်အချင်းမျိုးမရှိတဲ့ ယောကျ်ားတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်ချင်၊ ရှုတ်ချချင်တာဆိုရင် ပိုမှန်လိမ့်မယ်'

မင်းနိုင်အောင်ဟာ သူမ သတ်မှတ်ပြီးသား ယောကျ်ားစာရင်းမှာ ပါပြီးသားဆိုတာကိုတော့ ရှင်းမပြဘဲ မောင် သဘောပေါက်လောက်မည်ထင်၏။ သွေးမတော်သားမစပ် တစ်ဘဝလုံး လူနှစ်ယောက်ပေါင်းသင်းနေထိုင်ဖို့ဆိုတာ အချစ်တစ်ခုတည်းနှင့် မလုံလောက်ပေ။

'ဒီလောက် သဘောထားတင်းမာနေပုံထောက်ရင်တော့ နီနီမှာ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကြီးကြီးမားမား အစွဲအလမ်းတစ်ခုတော့ ရှိရမယ်။ နီနီ့နှလုံးသားကို တော်တော်လေး မှတ်မှတ်ရရဖြစ်စေတဲ့ ဖြစ်ရပ်မျိုးပေါ့။ အဲဒီလူဟာ မင်းနိုင်အောင် မဟုတ်ဘူးဆိုတာ မောင် သိနေတယ်'

ဆက်စပ်တွေးခေါ်တတ်သော မောင့်စကားကြောင့်ပင် ယဲ့ယဲ့ပြုံးလိုက်မိသည်။

'ရှိခဲ့တာပေါ့ မောင်၊ ဟိုးငယ်ငယ်ကတည်းက နေမျက်စိထဲကရော၊ အရိုးအသားထဲက မထွက်





အောင်ကို ရှိခဲ့ဖြစ်ခဲ့တာပေါ့'

'မောင် သိလို့ရမလား နီနီ'

'သိပ်သိရတာပေါ့ မောင်၊ မောင် အမှုမဲ့နေလို့ဖြစ်ရင်လည်းဖြစ်မယ်၊ ဒါမှမဟုတ်ဒီအကြောင်းတွေကို မောင်တကယ်မသိတာမျိုးလည်း ဖြစ်နိုင်တယ်'

မောင်တစ်ယောက် တော်တော်လေး စိတ်ဝင်စားသွားပုံရ၏။

'ပြောပြစမ်းပါ။ အဲဒီယောကျ်ားဟာ ဘယ်သူများဖြစ်မလဲ'

'တခြားလူတော့ မဟုတ်ဘူး မောင်၊ နီနီ့ဖခင်အရင်းဖြစ်တဲ့ ဦးနီဆွေပါပဲ'

မောင် အံ့သြသွားလိမ့်မည်ထင်၏။

ဖေဖေ့ကြောင့် မေမေက နိုင်ငံခြားမှာ သွားနေနေရ၏။ ဖေဖေ့ကြောင့်ပင် မိသားစုအသိုက်အမြုံလေးမှာ အမြဲတမ်း ဆူညံခဲ့ရ၏။ သူများဖခင်တွေလို အရက်သောက်၊ အလောင်းအစားလုပ်၊ လူမှုရေးဖောက်ပြန်တာမျိုး ဖေဖေ မလုပ်ခဲ့။

ဖေဖေ့မှာ ညာဉ်ဆိုးတစ်ခုရှိခဲ့သည်ပဲ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com



## ၅။

သူမနှင့်မမမေ (နီနီခိုင်မေ)တို့သည် တစ်ယောက်နှင့်တစ်ယောက် လေးနှစ်ကြီး လေးနှစ်ငယ်ကြ၏။

မမမေကတော့ ဘယ်လိုကြီးပြင်းခဲ့သည်မသိ။ သူမသည် မေမေ့ရင်ခွင်မှာ အချိန်ပြည့်နီးလှုံပြီး ကြီးပြင်းခဲ့တာတော့ မဟုတ်ပေ။ သူမ မှတ်မိသရွေ့ကတော့ ဖေဖေသည် သူမကို ရင်ခွင်ပိုက်ပြီး အိမ်မှာပဲအနေများ၏။

'ဖေဖေရယ်၊ ဖေဖေ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံတွေက တလွဲဖြစ်နေတော့တာပဲ၊ မေမေကတော့ မိုးလင်းက မိုးချုပ် စီးပွားထွက်ရှာတာ၊ ဖေဖေကတော့ ညီမလေးကိုချည့်ပဲ ကြည့်နေတော့တာပဲ။ ကလေးထိန်းဖို့ ဒီပြင်လူတွေလည်းရှိသားနဲ့'

မမမေ ဝေဖန်တော့လည်း ဖေဖေက အထွေအထူးမပြောခဲ့ပေ။ ဖေဖေ ပြန်ပြောသော စကားက



တကယ့်ကို ရိုးရိုးလေးပဲဖြစ်၏။ မမမေကိုမှ ဒီလိုပြောတာမဟုတ်။ အိမ်ထောင်ဦးစီး တစ်ယောက်အနေဖြင့် ပြောလာသူတိုင်းကို ဒီလိုချည်း ဖေဖေပြောတတ်သည်ပဲ။

'သမီးကြီးရယ်၊ ဖေဖေမှ အဲဒီစီးပွားရေးကိစ္စကို မလုပ်တတ်ဘဲ။ ဖေဖေလုပ်ရင် ဘာတစ်ခုမှဖြစ်လာမှာ မဟုတ်ဘူး။ မင်းတို့မေမေက ပါးရည်နပ်ရည်ရှိတာရော၊ အရည်အချင်းရှိတာပါ။ ဖေဖေထက် အများကြီးသာတယ်လေ'

'ဖေဖေ့မိဘတွေရဲ့ အမွေအနှစ်သာ ရှိမနေရင်တော့ မေမေက ဒီထက်ပင်ပန်းပြီး သမီးတို့တွေလည်း အခုလိုမျိုးနေနိုင် စားနိုင်မှာမဟုတ်ဘူး'

မမမေက ပွင့်ပွင့်လင်းလင်း ပြောရက်ပေမယ့် သူမကတော့ ဖေဖေ့ကိုကြည့်ပြီး သနားနေ၏။

မေမေနှင့် ဖေဖေတို့ နှစ်ဦးသဘောတူချစ်ကြိုက်ပြီး လက်ထပ်ဖြစ်တော့ ဖေဖေ့မိဘတွေ ပေးလိုက်သည့် ပစ္စည်းက နည်းနည်းနောနောမဟုတ်။

အဘိုး၊ အဘွားတွေဆုံးတော့ သူမက အရမ်းငယ်နေ၍ မမှတ်မိ။ အခုနေသောခြံဝင်းနှင့် အိမ်ကြီးကိုသာမက အမွေပစ္စည်း တော်တော်များများကိုလည်း ဖေဖေ ဦးတည်းသော သားဖြစ်သူ၊ ဖေဖေက အကုန်ရလိုက်တာ

www.burmeseclassic.com



ကိုတော့ သိ၏။

'ဖေဖေ'

'ဘာများလဲ သမီးငယ်'

'သမီးသူငယ်ချင်းတွေရဲ့ အဖေတွေကတော့ ကျောင်းကြို ကျောင်းပို့တာ မလုပ်ကြပါဘူး၊ အမေတွေပဲ လာလာကြိုကြတာ။ အချို့က ဖေဖေ့ကို သမီးရဲ့ဦးလေးလား၊ ကလေးထိန်းလားလို့ မေးကြတယ် သိလား'

မမမေလို ပြင်းပြင်းထန်ထန် မဝေဖန်ရက်ပေမယ့် နည်းနည်းသိတတ်စပြုတော့ ဖေဖေ့ကို မေးကြည့်ဖြစ်ခဲ့၏။

'သူတို့အဖေတွေက အလုပ်တွေ အကိုင်တွေနဲ့ မအားလပ်ကြဘူးလေ။ ဖေဖေက အားနေတဲ့သူပဲ၊ သမီးလေးမေမေကလည်း သမီးလေးကို အကြိုအပို့မှ မလုပ်နိုင်ဘဲ။ ဒီတော့ ဖေဖေပဲ ဂရုစိုက်ရမှာပေါ့ မဟုတ်ဘူးလား'

ငယ်ငယ်တုန်းကတော့ ဖေဖေ့စကားကို သဘောကျသလိုရှိခဲ့၏။ နောက်ပိုင်း အတန်းကြီးလာပြီး အရွယ်ရောက်လာတော့ ဖေဖေ အကြိုအပို့လုပ်တာကို ငယ်ငယ်တုန်းကလို သဘောမကျချင်တော့ပေ။





ဖေဖေကလည်း အလိုက်တသိဖြင့် အရင်တုန်းကလောက် အကြိုအပို့ မလုပ်ဖြစ်ခဲ့တော့ပေ။

⁂ ⁂ ⁂

အလုပ်ကိစ္စမှာပဲဖြစ်ဖြစ်၊ သားရေး သမီးရေးနှင့်ပတ်သက်လာရင်ပဲဖြစ်ဖြစ်၊ မေမေလုပ်သမျှတွေကို ဖေဖေ ခေါင်းညိတ်ခဲ့တာချည်းပဲဖြစ်၏။ မေမေက ဘယ်လိုပဲပြောပြော၊ မမမေက ဂရုမစိုက်ရင်ပဲနေနေ၊ ဖေဖေကတော့ အနေအထိုင် အသွားအလာ မပျက်ခဲ့ပေ။

မှတ်မှတ်ရရ ဖေဖေ ခေါင်းငုံ့မခံဘဲ ပြဿနာအဖြစ်ခဲ့တာဆို၍ တစ်ကြိမ်တစ်ခါပဲရှိခဲ့၏။

မိဘတွေ၏ အခြားပိုင်ဆိုင်မှုတွေကို ဖေဖေမမက်မော။ အဘိုးအဘွားတို့၏ ခြံကြီးနှင့်အိမ်ကို ရောင်းပစ်မည်ဆိုတော့။ မေမေ့ကို အတိုက်အခံလုပ်တော့၏။

'ဘာပြောလိုက်တယ် မေနှင်း၊ ဒီခြံကြီးနဲ့အိမ်ကို ရောင်းဖို့ မင်းစပ်ခဲ့ပြီဟုတ်လား'

'ဟုတ်တယ်လေ၊ သမီးကြီးနဲ့တိုင်ပင်ပြီးမှလုပ်တာ။ ဘာလုပ်မှာလဲ ဒီခြံကျယ်ကြီးနဲ့ အိမ်အိုကြီးကို ခေတ်နဲ့ညီအောင် ရှင် မွမ်းမံပြင်ဆင်နိုင်လို့လား။ ဒါကြီးကို ထုခွဲရောင်းချလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ရဲ့ အရင်းအနှီးတွေ ဒီထက်ပိုများလာမယ်။ အခုဆို သမီးကြီးမေက ဆယ်တန်းအောင်ပြီ။ အိမ်မှာစီးနေတဲ့ကားကလည်း မော်ဒယ်(လ်)အောက်နေပြီ။ သမီးကြီးကို နိုင်ငံခြားပို့ပြီး ပညာသင်ပေးဖို့ တာဝန်ကလည်း ရှိသေးတယ်။ 'ဒါကြီးကို ရောင်းပစ်လိုက်ရင် အားလုံး အဆင်ပြေသလို နောင်ရေးအတွက်လည်း မကြောင့်မကျ နေနိုင်စားနိုင်အောင် မေမေ စီစဉ်တာပဲ၊ ဖေဖေ အနေနဲ့ ဘာမှ သဘောတူစရာမရှိဘူးလို့ သမီး ထင်တယ်'

'သမီးကြီး၊ ဒီခြံနဲ့အိမ်က ဖေဖေ့အဘိုးအဘွား လက်ထက်ကတည်းက ရှိနေခဲ့တာ။ သူတို့တွေ မက်မောခဲ့သလို သမီးရဲ့အဘိုးအဘွားတွေက လည်း မက်မောကြတယ်။ ဖေဖေတို့လက်ထက်ကျမှ ဒီအမွေအနှစ် ပျောက်ပျက်သွားမှာကိုတော့ မလိုလားဘူး။ ဒီအိမ်ကိုရောင်းဖို့ ဒီကခွာသွားဖို့ ဖေဖေ သဘောမတူနိုင်ဘူး…။'

မေမေတို့တစ်တွေ အပြန်အလှန် စကားစစ်ထိုးနေတာကို ဘာမှဝင်မပြောဘဲ ကြောင်ကြည့်နေမိ၏။

'ကျွန်မ အားလုံးစီစဉ်ပြီးပြီ ကိုနီဆွေ၊ စရံငွေ





တောင်ယူပြီးထားပြီ။ ကျွန်မတို့နေဖို့ လုံးချင်းတိုက်နဲ့မြေကိုလည်း ဝယ်ဖို့ စရံပေးထားပြီးပြီ။ ဒီလကုန်မှာ ကျွန်မတို့ အရောင်းအဝယ်စာချုပ်နဲ့ ပိုင်ဆိုင်မှုတွေကို လက်လွှဲပေးရတော့မှာ' မေမေ့စကားတွေကြောင့် ဖေဖေ အကျပ်ရိုက်သွားတော့၏။

မမမေကလည်း ဖေဖေ့အစွမ်းအစကို သိထားလေတော့ ချောင်ပိတ်ပြီး မေးခွန်းထုတ်လိုက်၏။

'ညီမလေးသာ ဒီအကြောင်းတွေမသိတာ၊ သမီးကတော့ အားလုံးသိပြီးသဘောတူတယ် ဖေဖေ'

ဖေဖေ့မှာ အားကိုးစရာ ကောက်ရိုးမျှင်ဆိုလို့ သူမပဲရှိနေသည်လားမသိ။ ငယ်သေးသည့်အရွယ်မို့ မေမေတို့က လစ်လျူရှုထားသူကိုမှ ဖေဖေက စစ်ကူတောင်းနေပြန်၏။

'ကောင်းပြီ မေနှင်း၊ မင်းရော သမီးကြီးရော၊ ဒီခြံကြီးနဲ့ အိမ်ကိုပိုင်သလို ငါနဲ့သမီးငယ်လည်း ပိုင်နေတာပဲ၊ ငါ့သဘောက မရောင်းချင်ဘူး။ ဒီတော့ သမီးငယ်ကိုရော မင်း မေးမြန်းကြည့်ဖို့ကောင်းတယ်'

ဖေဖေ့ဦးနှောက်ကတော့ တော်တော်လေး သေး



www.burmeseclassic.com

www.burmeseclassic.com



တာပဲဟု အဲဒီအချိန်ကတည်းက ရေးရေးနားလည်လိုက်၏။ ဖေဖေကိုယ်တိုင်ကတောင် ကျဉ်းထဲကျပ်ထဲကို ရောက်နေမှတော့ သူမကရော ဘာအတွက် တောင့်ခံထားပေးနိုင်မည်နည်း။

'ရှင်မေးဆိုလို့ ကျွန်မ မေးပြမယ်၊ သမီးငယ်က သဘောတူ ခေါင်းညိတ်တယ်ဆိုရင် အရောင်းအဝယ်ကိစ္စကို ရှင် အနှောင့်အယှက်မပေးရတော့ဘူး ဟုတ်လား'

မေမေကတော့ ဖေဖေ့ကို အပိုင်ချည်လေပြီ။

'သမီးငယ်ရဲ့ ဆန္ဒသဘောထားကို မင်း မေးကြည့်ပါဦး၊ ဒီကိစ္စမှာ သမီးငယ်လည်း ဆုံးဖြတ်ပိုင်ခွင့်ရှိရမယ်'

'ကြားတယ်နော် သမီး၊ မေမေတို့ကတော့ ဒီခြံကြီးကို ရောင်းဖို့စီစဉ်ပြီးပြီ။ သမီးလေးသဘောထားကရော…'

သူမဆီမှ ဘာစကားထွက်လာမည်ဆိုတာကို မေမေရော မမမေပါ သိထားပြီးသားဖြစ်လိမ့်မည်ထင်၏။

ဖေဖေကသာ သူမ ပြောမည့်စကားကို အားကိုးတကြီးဖြင့် မျှော်လင့်နေရှာပုံရ၏။

'သမီးပြောတတ်တာကို ပြောမယ်နော်၊တကယ်





ရောင်းပစ်မယ်လို့ကြားတော့ နှမြောတာပဲရှိတယ်။ ဒါပေမဲ့ မရောင်းရဘူးလို့ ဝင်ပြောလောက်တဲ့အထိတော့ သမီး မစဉ်းစား မသုံးသပ်တတ်ဘူး မေမေ'

'ဒီနေရာမှာ ခြံစည်းရိုးခွထိုင်လို့ မရဘူး သမီးငယ်၊ သမီးငယ်ကို ဘယ်လိုဆုံးမထားလဲ၊ ဘယ်လိုစိတ်ဓာတ်မျိုး မွေးခိုင်းထားလဲ၊ ပြတ်ပြတ်သားသားဖြေပါ'

မေမေကတော့ သူမ သဘောထားကို တောင်းဆိုခြင်းမဟုတ်ဘဲ အမိန့်ပေးသလိုမျိုး ဖြစ်နေ၏။

'ကဲ… သမီးငယ်၊ သူတို့ကြားချင်တာက ဒီခြံနဲ့အိမ်ကို သမီးမရောင်းချင်ဘူးလား၊ ရောင်းချင်တာလားဆိုတာပဲ၊ သမီးသဘောကို ပြောပြလိုက်ပါ'

တကယ်တော့ သူမမှာ ဆုံးဖြတ်ပိုင်ခွင့်ရော၊ ခုခံပြောဆိုပိုင်ခွင့်ပါ မရှိသည်ကို ဖေဖေ သိထားပုံရ၏။

ဖေဖေ့ကိုလည်း သနားစိတ်က ရှိနေသည်မို့ စိတ်ကူးပေါ်လာသည့်အတိုင်း ပြောဖြစ်ခဲ့သည်။

'ဖေဖေက ဒီခြံနဲ့ဒီအိမ်ကို လုံးဝမရောင်းချင်တာမဟုတ်လား၊ သမီးအနေနဲ့ နှမြောပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မရောင်းပါနဲ့လို့ ပြောရအောင် သမီးမှ ဘာမှ မသိဘူး၊ ဘာမှလည်း မတတ်နိုင်ဘူးလေ၊ ဖေဖေ့မှာ ဒီခြံနဲ့အိမ်ကို မရောင်းရဖို့ နည်းလမ်း တစ်ခုခုတော့ရှိမှာပေါ့၊ မရောင်းဘူးလို့ အတိုက် အခံပြောနေမယ့်အစား၊ နည်းလမ်းတကျ တစ်ခု ခုကို ဖေဖေ ပြောပြလိုက်ပါလား'

မေမေကတော့ သူမကို ဘာမှမပြောဘဲ ခပ်ပြုံး ပြုံးဖြင့်ကြည့်နေ၏။ ဒီလိုစကားမျိုးဖြင့်သာ မေမေနှင့် မမမေတို့ အမျက်လွတ်အောင် ပြောပေးနိုင်တာပဲ တတ် နိုင်၏။

'ညီမလေးပြောတာ ဟုတ်တယ်၊ တကယ်ဆို ဖေဖေက အိမ်ထောင်ဦးစီးနေရာမှာ နေတဲ့သူပဲ။ သမီးတို့ မေမေတို့ လုပ်ခဲ့ကိုင်ခဲ့ပြီးပေမယ့် အဲဒါ တွေကို ချေဖျက်နိုင်မယ့် နည်းလမ်းတော့ ရှိရမှာ ပေါ့ ဖေဖေ'

တကယ်တမ်းမှာတော့ ဖေဖေက တကယ့်ကို သိုးငယ်လေးနှယ်သနားစရာ၊ ကရုဏာသက်စရာကောင်း နေပြန်၏။

သူမ ပြောသည့်စကားအတွက်ရော၊ မမမေပြော သည့်စကားအတွက်ပါ ဖြေရှင်းတုံ့ပြန်ဖို့ အတော်စဉ်းစား





ယူနေရ၏။

ပါးနပ်လွန်းသော မေမေက ဖေဖေ့အရှိက်ကို တစ်ကြိမ်တည်း အနိုင်ထိုးနှက်လိုက်လေ၏။

'သမီးပြောတာ ဟုတ်တယ် ဦးနီဆွေ၊ ရှင်က အိမ်ထောင်ဦးစီးနေရာမှာ နေတဲ့သူပဲ၊ ကျွန်မတို့ လုပ်ခဲ့ကိုင်ခဲ့ပြီးပြီ။ ရှင် မရောင်းချင်ဘူးဆိုရင် နည်းလမ်းတော့ရှိတယ်။ စာချုပ်ချုပ်ဖို့ သတ် မှတ်ထားတဲ့ရက်မှာမှ အရောင်းအဝယ် မဖြစ် ဘူးဆိုရင် ကျွန်မတို့ ကြိုယူထားပြီးဖြစ်တဲ့ ငွေ ကြေး ပမာဏထက်များတဲ့ငွေကြေးကို အလျော် ပေးရလိမ့်မယ်။ အဲဒီလိုလျော်ဖို့ ရှင် စွမ်းဆောင် နိုင်ရင်တော့ အရောင်းအဝယ်စာချုပ်ကို လက် မှတ်မထိုးပေးပဲနေလို့ရတယ်လေ'

မေမေ့စကားတွေကြောင့် ဖေဖေတစ်ယောက် အရှုပ်ကြီးပြတ်ဖြစ်သွားရှာ၏။ သူမသိသလောက် မိသား စုအရေး၊ စီးပွားရေးတွေမှာ ဦးမဆောင်နိုင်ခဲ့ခြင်းအတွက် မေမေပြောသမျှ သူမတို့ပြောသမျှအတိုင်း ဖေဖေ နေလာ ခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

# ၆။

'အဲဒီအိမ်နဲ့ခြံကို ရောင်းဖြစ်သလားဆိုတာတော့ အခုချိန်မှာ မေးနေစရာ မလိုတော့ဘူးဆိုတာ မောင် သိတယ်၊ ဒါနဲ့ သူတို့နှစ်ယောက်စလုံးက ဘယ်ကနေ ဘယ်လို အမေရိကကို ရောက်သွားကြတာလဲ နီနီ'

မမမေ၏ အမျိုးသား၊ ကိုဝေထွန်းနှင့် ညီအစ်ကို ဝမ်းကွဲတော်ပေမယ့် သူမတို့ မိသားစုအကြောင်းကို အတွင်းကျကျ သိသူမဟုတ်ဟု ခန့်မှန်းလို့ရ၏။ အားလုံးကိုသိနေပါက ဒီမေးခွန်းမျိုးကို မောင် မေးမှာမဟုတ်ပေ။

'မောင်က ဘယ်လိုထင်လို့လဲ၊ ဖေဖေရော မေမေပါ အမေရိကမှာ အတူတူရှိနေကြတယ်လို့ ထင်လို့လား'

'မောင်သိသလောက်ကတော့ မမမေရော၊ ကို





ဝေထွန်းပါးစပ်က နီနီမေမေအကြောင်းပဲ ပြောသံကြားရတယ်။ နီနီဖေဖေနဲ့ပတ်သက်ပြီး အရေးတယူနဲ့ သူတို့မပြောကြဘူး'

'ဘယ်ပြောပါ့မလဲ၊ ဖေဖေ့ကို မမမေက သိပ်ချစ်တာမဟုတ်ဘူး။ ဖေဖေ့အကြောင်းလည်း မိသားစုစကားဝိုင်းမှာ ပြောစရာမရှိအောင်ကို ဦးဆောင်နိုင်မှု မဲ့ခဲ့တာကိုး'

ဖေဖေ့ဘယ်မှာ ရှိနေသည်။ သူမတို့ မိသားစုလေး ဘယ်လို တကွဲတပြားနေကြရသည်ကို မောင် သိထားပုံမရပေ။

'မမမေတစ်ယောက် စင်္ကာပူမှာ ကျောင်းသွားတက်ပြီး အလုပ်လုပ်တယ်။ စင်္ကာပူမှာပဲ ကိုဝေထွန်းနဲ့ဆုံဖြစ်ပြီး လက်ထပ်ဖြစ်တယ်။ စင်္ကာပူ ဘုန်းကြီးကျောင်းမှာလုပ်တဲ့ မင်္ဂလာပွဲကို အမေရိက,ကနေပြီး နီနီတို့မိဘတွေ ရောက်လာကြတယ်ဆိုတဲ့သတင်းကို ကြားခဲ့မိသလိုပဲ၊ ဒါနဲ့ နီနီဖေဖေက အမေရိကမှာ ရှိမနေဘူးပေါ့ ဟုတ်လား...'

မောင်တွေးတာ မမှားပေ။ ဖေဖေက မြန်မာပြည်ထဲမှာပင် အသက်ထင်ရှား ရှိနေ၏။ မကြာခင်မှာ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တော့မည့် မောင့်ကိုတော့ သူမတို့မိသားစုလေးနောက်ကြောင်းကို ပြောပြသင့်သည်ဟု ယူဆမိသည်။

'ဟုတ်တယ် မောင်၊ မေမေနဲ့ ဖေဖေတို့ ရှင်ကွဲကွဲနေကြတာလို့ ပြောရမယ်။ ပြန်တွေးကြည့်ရင်တော့ မိသားစုအသိုက်အမြုံလေး ကွဲပြားခဲ့တာ ဖေဖေ့ဦးဆောင်မှု လုံးလုံးမရှိခဲ့လို့ပဲ။ တကယ်ဆို ဖေဖေသာ အိမ်ထောင်စုကို ဦးစီးဦးဆောင်ပြုနိုင်မယ်ဆိုရင် မေမေလည်း အမေရိက ရောက်စရာမလိုသလို အခုချိန်ခါမျိုးမှာ နီနီတို့မိသားစုလေး သိုက်သိုက်ဝန်းဝန်းလေး နေနိုင်မှာအမှန်ပဲမောင်'

ဖေဖေ့ကိုသနားပေမယ့် အိမ်ထောင်တစ်ခုအပေါ်တာဝန်မကင်း နေထိုင်ခဲ့မှုအတွက်တော့ ရင်မှာ အမှတ်အသားဖြစ်မိသည်။

'နီနီ့ ဖေဖေအကြောင်းကို ပြောပြပါဦး၊ အခုဘယ်မှာရှိပြီး ဘယ်လိုနေတယ်ဆိုတာရယ်၊ ပြီးတော့ နီနီ့မေမေ နိုင်ငံခြားထွက်သွားဖြစ်တဲ့အကြောင်းတွေကိုပေါ့'

'နီနီ ပြောပြခဲ့တယ်၊ အိမ်နဲ့ခြံကြီးကို ရောင်းပြီး တစ်နှစ်မပြည့်ခင်မှာပဲ အမေရိကကို မေမေထွက်ဖို့ လုပ်ခဲ့တယ်။ မေမေ အရင် မမမေက





စက်ာပူကို ထွက်သွားခဲ့တယ်'

'မမမေ စက်ာပူသွားတာကိုတော့ ထားပါ။ နီနီ့မေမေ နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ့်ကိစ္စကိုတော့ နီနီ့ဖေဖေက မတားခဲ့ဘူးလား နီနီ'

ယောကျ်ားချင်း ကိုယ်ချင်းစာပြီး မောင်မေးသောစကားဟု နားလည်လိုက်မိပြန်၏။ တားပေမယ့်လည်း အရာမှ မထင်ခဲ့ပဲလေ။ ဘဝတစ်လျှောက်လုံး လုပ်ချင်တာတွေကို ဦးဆောင်ပြီး လုပ်ခဲ့ကိုင်ခဲ့သော မေမေ့အပေါ်မှာ ဖေဖေသြဇာလွှမ်းမိုးမှု ကွယ်ပျောက်ခဲ့ရတာပေါ့။

'အဲဒီအချိန်မှာ နီနီက ကိုးတန်းကျောင်းသူပဲရှိဦးမယ် မောင်၊ မေမေ နိုင်ငံရပ်ခြားသွားမယ်ဆိုတော့ အားငယ်တာပေါ့။ ဖေဖေကလည်း အိမ်ရောင်းပြီးက တည်းက မေမေနဲ့ဆက်ဆံရေးသွေးအေးသွားခဲ့တယ်။ တကယ် မေမေ သွားတော့မယ်ဆိုတော့ ဖေဖေ တားတယ်။ မေမေတကယ်အဝေးသွားတော့မယ်ဆိုမှ ဖေဖေ ထိတ်ပျာသွားတယ်။ သိတယ် မဟုတ်လား။ မေမေ့ကို ဖေဖေရအောင် မတားခဲ့နိုင်ပါဘူး'

'ဒါဆိုရင် နီနီနဲ့ နီနီ့ဖေဖေတို့ပဲ အဲဒီတုန်းက မြန်မာပြည်မှာ ကျန်ခဲ့ကြတာပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



အခုရော နီနီနဲ့အတူတူ သူ နေတုန်းပဲလား နီနီ’ သူမ ခေါင်းခါယမ်းပြပြီးမှ…

‘မေမေတို့ မမမေတို့ မရှိကြတော့တဲ့နောက်ပိုင်း နီနီ့အနားမှာ နေတော့နေပေးတယ်။ ဖေဖေလည်း သူ့ဘဝကို သူ စိတ်ကုန်တယ် ထင်ပါရဲ့။ သမီးငယ်ကို သံယောဇဉ်မပြတ်လို့ နေနေရပေမယ့် လူဝတ်ကြောင်ဘဝနဲ့ တရားစခန်းဝင်တယ် နီနီ ဆယ်တန်းအောင်ပြီးတဲ့အချိန်က မမမေ အိမ်ထောင်ပြုတယ်။ မေမေကလည်း ဟိုမှာ အခြေကျပြီး ဒီကိုပြန်လာဖို့ စိတ်မကူးတော့ဘူး။ နီနီတို့အတွက်တော့ အခုချိန်ထိ လစဉ်မပြတ် ငွေပို့ပေးနေတယ်။ ပထမဆုံး နီနီဆီမှာ သူ သာသနာ့ဘောင်ဝင်ဖို့ ခွင့်တောင်းတယ်။ နီနီကတစ်ဆင့် မေမေ့ဆီမှာခွင့်တောင်းတယ်…’

‘ဒါဆိုနီနီ့ဖေဖေက ရဟန်းဝတ်နဲ့ပေါ့ဟုတ်လား’

‘ဟုတ်တယ် မောင်၊ မေမေကလည်း ခွင့်ပြုတယ်၊ မောင်ရယ် သူ့ဘဝအတွက်ကတော့ အားလုံးကို အေးအေးဆေးဆေး စိတ်ချပြီး ထားနိုင်ခဲ့တယ်။ မေမေကလည်း ရဟန်းဝတ်ဖို့ ခွင့်ပြုပါတယ်။ နီနီလေ နီနီတို့ မိသားစုအကြောင်းကို





တွေးရင် အရမ်းဝမ်းနည်းတယ်။ သေကွဲမကွဲကြဘဲ ရှင်လျက်နဲ့ တကယ့်ကို တကွဲတပြားစီပဲ။ အဲဒါတွေအားလုံးဟာ ဖေဖေ့ကြောင့်ပဲလို့ တွေးမိတိုင်း ရင်နာတယ်’

‘စပ်စုတာ မဟုတ်ဘူးနော် နီနီ၊ နီနီ့မေမေက နောက်ထပ်အိမ်ထောင်တွေ ဘာတွေရော ပြုဖြစ်သေးလား၊ အဲဒီလို မကြားမိပေမယ့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေလို့ မေးတာနော်’

‘မေးလို့ရပါတယ် မောင်၊ မေးသင့်ပါတယ်။ အမေရိကကို မေမေခေါ်လွှန်းလို့ တစ်ခေါက်ရောက်သွား ဖြစ်တယ်။ မေမေ စီစဉ်ထားတဲ့ ဟိုတယ်မှာပဲ နီနီ တည်းဖြစ်တယ်။ မေမေနေတဲ့ အိမ်ကို နီနီ မရောက်ခဲ့ဘူး။ နီနီ တို့ညီအစ်မနှစ်ယောက်စလုံးလည်း ဒီကိစ္စကို မမေးဖြစ်ခဲ့ကြဘူး၊ သူလည်း ဟိုမှာ သူ့ဘဝ၊ သူ့မိသားစုနဲ့ ဖြစ်ရင်လည်း ဖြစ်နေမှာပေါ့ မောင်၊ ဒါကြောင့် နီနီဝမ်းနည်းတာပေါ့၊ သေလို့ တစ်ယောက်နဲ့တစ်ယောက် မမြင်တွေ့နိုင်။ လက်ရည်တပြင်တည်း မနေနိုင်ရတာက ဖြေလို့ရသေးတယ်။ အခု အဖြစ်က အားလုံး သက်ရှိထင်ရှား ရှိနေကြပြီး



www.burmeseclassic.com

www.burmeseclassic.com



စုစုစည်းစည်း မနေနိုင်ကြတာလေ'

'အင်း… ဘယ်သူ့ကို အပြစ်တင်ရမှန်း မပြော ပြတတ်အောင်ပါပဲ နီနီ၊ အမိက,ကတော့ နီနီတို့ စိတ်ထဲမှာ စွဲထင်နေသလို နီနီ့ဖေဖေကြောင့်လို့ပဲ ကောက်ချက် ချရမလိုပဲ။ ခက်တာက သူလည်း သူ့ကိစ္စနဲ့သူ သာသနာ့ဘောင်မှာဆိုတော့ မောင် တို့လို ဘေးလူအနေနဲ့ ပြောရ ဝေဖန်ရကျပ်နေ ပြန်ရော'

'နီနီ့ဘဝအကြောင်းကို သိရလို့ မောင် စိတ်ညစ် သွားပြီလားဟင်။ ပြောသင့်တယ်ထင်လို့ သိ သင့်တယ်ထင်လို့ မောင့်ကို ရင်ဖွင့်ပြတာပါ'

'စိတ်မညစ်ပါဘူး နီနီ၊ နီနီ့ကို ပိုလို့နားလည် သွားတယ်၊ မောင့်စိတ်ထဲမှာမေးစရာမလိုအောင် အဖြေက ရှင်းသွားတယ် သိလား နီနီ'

'မောင်က ဘာများမေးမှာမလို့လဲ'

'တခြား မဟုတ်ပါဘူး၊ နီနီ့မှာ မင်းနိုင်အောင် ဆိုတဲ့ ယောက်ျားတစ်ယောက်အပြင် ကျန်တဲ့လူ တွေနဲ့ မပတ်သက်ခဲ့ဘူးလားဆိုတာကို မောင် မေးမလို့ပဲ၊ အခုတော့ မောင်အားလုံးကိုသဘော ပေါက်သွားပြီ၊ ယောက်ျားတွေအပေါ်မှာ နီနီ





ကြုံတွေ့ခံစားခဲ့ရတဲ့ ဖြစ်စဉ်ကြီးက လွှမ်းမိုးသား လေတော့ အားလုံးဟာ နီနီ့အတွက် စိတ်ဝင်စား စရာ လူတွေမှ မဖြစ်နိုင်တော့တာပဲ'

မောင်ပြောတာ အကြွင်းမဲ့မှန်နေ၏။ မင်းနိုင် အောင်ကို သံယောဇဉ်ရှိတာ မှန်ပေမယ့် ဘယ်လိုမှအထင် ကြီးဖို့ စိတ်ကူးလို့မရခဲ့ပေ။

ဒါပေမဲ့ မောင်နှင့်ကြုံဖြစ်ခဲ့ပြန်တော့ သူမရဲ့ တင်းမာသော သဘောထားတွေက အရည်ပျော်ကျခဲ့ရပြန် ရော မဟုတ်လား။

'မောင့်ကိုတော့ အထင်ကြီးရုံမကဘူး၊ ချစ် တောင်ချစ်မိသေးတာပဲ မဟုတ်လား'

'ဟုတ်ပါပြီကွယ်'

'ဒါနဲ့ မောင် ဖေဖေ့ကို မောင်တွေ့ဖူးချင်လား ဟင်၊ မနက်ဖြန် နီနီ့မွေးနေ့လေ၊ ဖေဖေတို့ ဘုန်း ကြီးကျောင်းမှာ တရားစခန်းရှိတယ်။ မွေးနေ့ တိုင်းမှာ ကျောင်းရှိသံဃာနဲ့ ယောဂီတွေအားလုံး အတွက် အရုဏ်နဲ့နေ့ဆွမ်းကပ်တယ်။ မောင် လိုက်ခဲ့ပါလား'

'ကောင်းတာပေါ့ နီနီ၊ ဒီရောက်တုန်းရောက်[illegible] မှာ ဘာအလှူမှ မလုပ်ရသေးဘူး။ ဒီတော့ နီနီ



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ နီနီ့မွေးနေ့အတွက် မောင်က ကုသိုလ်လုပ်
ပေးမယ်။ နီနီ့ဖေဖေနဲ့လည်း တွေ့ရတာပေါ့။
နီနီ မောင့်အစီအစဉ်ကို လက်ခံသဘောတူတယ်
မဟုတ်လား'

သူမအစီအစဉ်တွေကို မောင်ကပါ အားတက်သရော၊ ပါဝင်လာမှတော့ ပိုလို့ကြည်နူးရပြန်သည်လေ။

ဖေဖေနှင့်မောင့်ကို တွေ့ပေးဖို့အတွက်လည်း အဆင်ပြေသွားခဲ့၏။

* * *



## ၇။

မနက်ခင်းအရုဏ်ကိုတော့ ဆွမ်းကပ်ဖို့ ရောက်မသွားဖြစ်ပေ။

ရိုက်လက်စကြော်ငြာက မပြတ်သောကြောင့် တစ်မနက်ခင်း အချိန်ပေးလိုက်ရင်း သူမလုပ်ငန်းကို မောင်လည်းသိရအောင်ဆိုပြီး ရိုက်ကွင်းသို့ မောင့်ကိုပါ အစောကြီးခေါ်ထားလိုက်၏။

ဒီနေ့ သူ့မွေးနေ့ဆိုတာ မောင်တစ်ယောက်ကလွဲလို့ ကျန်သည့်လူများကို အသိမပေးခဲ့ပေ။

'မွန်မြတ်ဦးက အတော်လေး ဆွဲဆောင်မှုရှိတယ်
နော်၊ သူ့ရုပ်ရည် သူ့အရုပ်အမောင်းနဲ့ ဘော်ဒီ
ကလည်း တကယ့်ကို ကိုရီးယား မင်းသမီးပုံစံ
မျိုးလေးပဲ'

'သူ့ပင်ကိုယ်ပါရမီက အခံကောင်းလို့ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သူများတွေလို သင်တန်းပြီးအောင် တက်ရသေးတာ မဟုတ်ဘူး။ သူ့မှာ ပရိသတ် တဖြည်းဖြည်း ရှိလာနေပြီ။ အချိန်တိုအတွင်းမှာ မထင်မှတ်လောက်အောင်ကို အောင်မြင်မှုရနေတာလေ'

ကြော်ငြာ ဒါရိုက်တာကတော့ သူမ၏ ကင်မရာမင်း မင်းနိုင်အောင်ပင် ဖြစ်၏။ သူမဆီကို မွန်မြတ်ဦး ရောက်လာတာ သိပ်မကြာသေးပေ။ သူမ စမ်းသုံးကြည့်တာကို ပရိသတ်ကရော၊ လုပ်ငန်းရှင်တွေကပါ လက်ခံလာကြ၏။

'ကင်မရာမင်းကလည်း မင်းနိုင်အောင် ဖြစ်နေတာကို၊ တကယ့်ကို စိတ်တိုင်းကျအောင်၊ပေါက်အောင် အပင်ပန်းခံပြီး လုပ်ပေးတာလည်း ပါမှာပေါ့နော် နီနီ'

'အားလုံးကို စီစဉ်ညွှန်ကြားပေးနေတဲ့ ဒီက နီနီ့ကိုရော၊ မောင် မချီးမွမ်းတော့ဘူးလား'

'ချီးမွမ်းပါတယ် နီနီ၊ ဟိုမှာ ရောက်နေမယ့် ဒီကထုတ်တဲ့ စာစောင်တွေ၊ မဂ္ဂဇင်းတွေကို မောင် ဖတ်ရပါတယ်။ နီနီ့အကြောင်း...၊ ပြီးတော့ နီနီ့အေဂျင်စီက ထွက်သွားတဲ့သူတွေ





အားလုံးနီးပါး အနုပညာလုပ်ငန်းမှာ အောင်မြင်နေတယ်ဆိုတာကို မောင် မသိဘဲနေပါ့မလား နီနီ...'

'မယုံရင် မောင်စောင့်ကြည့်နေ၊ အရင်လူတွေအားလုံးကို ကျော်တက်ပြီးတော့ မွန်မြတ်ဦး လျှမ်းလျှမ်းတောက် အောင်မြင်စေရမယ်။ သူ့ကို အရမ်း အားထားပြီး၊ အရမ်းလည်း ဖြစ်စေချင်တယ်လေ။ ဒါကြောင့် အစစအရာရာ သူ့ကို နီနီ စောင့်ကြည့်သင်ကြားပေးနေတာပေါ့'

နေ့လည် ဆွမ်းကပ်အမီသွားရမှာဆိုတော့၊ ဆယ်နာရီမထိုးခင်မှာ ရိုက်တာပြုတာတွေကို လက်စသတ်လိုက်ရ၏။

မိုးမလင်းခင်ကပင် အားလုံးကိုမနားတမ်းမောင်းထားတော့ တော်တော်လေး ပင်ပန်းလောက်ပြီ။

'မီးမီးရေ၊ သူငယ်ချင်းနဲ့အတူတူ အမှတ်တရ တစ်ကဒ်ကဒ်လောက် ဝင်ရိုက်ကြည့်ပါလား'

'မဖြစ်ဘူး ကိုပြေဇော်၊ ကင်မရာရှေ့မှာ ဘာအမူအရာမှ မလုပ်ဘဲ ဒီအတိုင်းလေးပဲ၊ ရပ်ပါဆိုရင် တောင်မှ မီးထိုးပေး၊ မိုးထိုးတာနဲ့တင် ချွေးပြန်ပြီး အသက်ထွက်မှာ သေချာတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိမိမော်ကတော့ မောင်နှင့် လူချင်းရင်းနှီးပြီးသား၊ ဂျပန်ပြန်ဖြစ်ကြရင်တောင် လေယာဉ်တစ်စီးတည်း အတူစီးသွားကြဦးမှာ ဖြစ်၏။

'ဒီနေ့အဖို့တော့ အလုပ်တွေ ပြီးသလောက်ရှိသွားပြီ။ မွန်မြတ်ဦးလည်း ပင်ပန်းလောက်ရောပေါ့။ အိမ်ပြန်နားရင်လည်း နားလေ။ သင်တန်းကို သွားမနေနဲ့တော့'

'ရပါတယ် မမ'

'မီးမီးတို့ မွန်မြတ်ဦးတို့ကိုပါ ခေါ်သွားရအောင် နီနီ၊ အလုပ်မရှိရင် ကိုမင်းနိုင်အောင်ကိုပါ လက်စနဲ့ ခေါ်ခဲ့ပါလား'

တကယ်ဆို သူမမွေးနေ့ အလှူအတွက် မောင်နှင့်နှစ်ယောက်တည်း သွားချင်မိသည်။ အားလုံးရှေ့မှာ မောင်က လောကွတ်လုပ်လိုက်တော့ အကြံအိုက်သွားရ၏။

'ကိုပြေဇော်တို့က ဘာအစီအစဉ်ရှိလို့ မီးမီးတို့ကို ခေါ်ရတာလဲဟင်'

သာလိကာမလေး မိမိမော်က အလိုက်ကန်းဆိုးမသိဘဲ ဝင်ပြီး စပ်စုသည်။ မောင်ကလည်း တစ်ခုမှ မခြွင်းမချန်ဘဲ ပြောပြလိုက်၏။





'တခြားမဟုတ်ဘူး မီးမီး၊ ဒီနေ့က နီနီ့မွေးနေ့လေ။ တရားကျောင်းမှာ ဆွမ်းကပ်မှာ၊ နီနီ့အတွက် ကိုယ်က ဒါနလုပ်တာ။ ပါရမီကူဖြည့်တဲ့သဘောပေါ့၊ ဒါကြောင့် နီနီတို့အားလုံးကို ခေါ်ဖို့ ပြောနေရတာပေါ့'

'ဟာ… ဒါဆိုရင်တော့ အတော်ပဲ၊ မနက်က တည်းက ကော်ဖီတစ်ခွက်နဲ့မုန့်တစ်ခုပဲ စားထားရသေးတာ။ ဟိုရောက်မှ အဝအပြဲကို စားပစ်လိုက်ဦးမယ်'

'မိမိမော်ရယ်၊ မမတို့ဘာသာ လွတ်လွတ်လပ်လပ်သွားရင် သွားပါစေလား'

မွန်မြတ်ဦးက အားနာပြီး မိမိမော်ကို ဝင်ဟန့်၏။ ဒီအခြေအနေထိ ရောက်ပြီးမှတော့ ကာယကံရှင်အဖို့ ဒီအတိုင်းငြိမ်နေလို့ မဖြစ်။

'လိုက်ခဲ့ပါ မွန်မြတ်ဦး၊ သိပ်ကြီးကြီးကျယ်ကျယ်လည်း လုပ်တာ မဟုတ်ပါဘူး။ ကျောင်းရှိသံဃာရယ်၊ ယောဂီတွေကိုပဲ အဓိကထားပြီး ဆွမ်းကပ်မှာ။ ဒီပြင်လူတွေလည်း ဖိတ်ထားဦး။ ပြီးတော့လည်း အဲဒီကျောင်းက မမဖေဖေ ဘုန်းကြီးနေတဲ့ကျောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စီးဖြင့် ဘုန်းကြီးကျောင်းသို့ ထွက်လာဖြစ်သည်။

သူမကားကိုတော့ မောင်က မောင်းပြီး သူမတို့နှစ်ယောက်တည်း စီးဖြစ်ကာ မိမိမော်မောင်းသော ကားပေါ်မှာတော့ မင်းနိုင်အောင်နှင့် မွန်မြတ်ဦးတို့သုံးယောက် အတူတူ စီးကြ၏။

⁂ ⁂ ⁂

ဘုန်းကြီးကျောင်းရောက်ပြီး ဆွမ်းကပ်ကြသည်။ သူတို့တွေအားလုံး ဝိုင်းဖွဲ့စားကြသည်။ ဒီအထိက ပြဿနာမရှိသေး။

ဖေဖေနှင့်မောင့်ကို အားလုံးရှေ့မှာပင် မိတ်ဆက်ပေးမိ၏။

'ဦးဇင်းဘုရား။ ဒီဒကာကြီးက ကိုပြေဇော်ပါ၊ ဂျပန်မှာ အလုပ်လုပ်ပါတယ်။ တပည့်တော်မနဲ့ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူပါ'

တတ်သရွေ့ မှတ်သရွေ့တော့ အဆင်ပြေအောင် လျှောက်လိုက်ရသည်။ သူစိမ်းတွေတော့ အနားမှာမရှိ။ တကယ်တော့ ဘုန်းကြီးကို ဒီစကားမျိုးတွေ ပြောရတာ မတင့်တယ်။ တွေ့လက်စနှင့်မို့သာ လူရင်းတွေရှေ့မှာ





အသိပေးသလိုမျိုး ပြောလိုက်ခြင်းဖြစ်၏။

'အေးကွယ်… ကြားရတာတော့ စိတ်အေးဝမ်းသာစရာပါပဲ။ လောကီကိစ္စ သံယောဇဉ်ကိစ္စတွေနဲ့ အလှမ်းဝေးနေတာတော့ ကြာပါပြီ။ အင်း… ပြောရရင်တော့ လူ့ဘဝတုန်းကတည်းက လူမှုရေးအပိုင်း၊ မိသားစုအပိုင်းမှာ ဦးဇင်းက တာဝန်ကျေခဲ့တဲ့သူမျိုးကျတော့ မဟုတ်ဘူးကွဲ့၊ ဒကာလေးတို့၊ ဒကာမလေးတို့ တင့်တယ်စိတ်ချမ်းသာကြရင်လည်း နောက်ဆံတင်းတာလျော့ပါးရတာပေါ့ကွယ်'

မင်းနိုင်အောင်တစ်ယောက်တည်းသာ သူမတို့မိသားစုအကြောင်းကို ပြည့်ပြည့်စုံစုံနီးပါး သိထား၏။ မောင်နှင့် မင်းနိုင်အောင်ကတော့ ဖေဖေဦးဇင်းမိန့်သောစကားကို အပြည့်အစုံ နားလည်နိုင်ကောင်း၏။

မွန်မြတ်ဦးနှင့် မိမိမော်ကတော့ ရေရေရာရာ သိနိုင်ကြမည် မထင်ပေ။

'တပည့်တော် တစ်ခုလျှောက်ပါရစေ ဦးဇင်း'

'ပြောပါ ဒကာလေး'

'တခြားမဟုတ်ပါဘူး၊ ဂျပန်မှာတုန်းက အလုပ်အားရက်နဲ့ ကြုံတုန်း တရားစခန်း တစ်နေ့ဝင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကြာလည်း ကြာပါပြီ။ ဦးဇင်းဆီကို ရောက်တုန်း ရောက်ခိုက်မှာ တရားထိုင်ချင်စိတ် ဖြစ်လို့ လျှောက်ရတာပါ။ တစ်ချိန်လောက်ဖြစ်ဖြစ် ယောဂီနဲ့အတူတူ ဝင်ထိုင်ဖို့လျှောက်တာပါ'

'ဒီအလုပ်မျိုးဆိုတာ ကောင်းတဲ့အလုပ်ပဲ၊ ဦးဇင်းရော ကျောင်းကဆရာတော်ကပါ ခွင့်ပြုပါတယ်၊ လာတဲ့လူတွေအားလုံးပဲ ထိုင်ကြမှာလား'

ဒီလူတွေအားလုံးပါလာအောင် စတင်ခေါ်သူကလည်း မောင်ပဲဖြစ်၏။

သူမ လုံးဝထင်မထားသော စကားမျိုးကို ပြောတာလည်း မောင်ပဲဖြစ်၏။

ဦးဇင်းအမေးကို သူမတစ်ယောက်သာ မဖြေဘဲနေလိုက်မိ၏။ ကျန်လူတွေအားလုံးကတော့ မောင်နှင့်တသဘောတည်းဖြစ်သွားကြပြီး ပြိုင်တူဖြေလေ၏။

'တင်ပါ့ဘုရား'

'ဒကာမလေး နီနီခိုင်ဝေကရော'

လာကြတာချင်း အတူတူမှာ၊ သူမတစ်ယောက်တည်း ငြင်းဆိုလိုက်ရင် မျက်နှာပျက်စရာ၊ အရှက်ရစရာတွေဖြစ်သွားဖို့ပဲ ရှိတော့၏။





'ရသရွေ့တော့ ထိုင်ကြည့်ပါ့မယ်'

သူမစကားကြောင့် ဦးဇင်းပြုံးသည်ကို ဖြတ်ခနဲ တွေ့လိုက်ရ၏။ မောင်ကလည်း အလိုက်မသိစွာဖြင့် သူမကို တီးတိုးပြောပြန်၏။

'တကယ်ဆို စိတ်နဲ့အလုပ်တွေ လုပ်နေကြတဲ့ နီနီတို့ အနုပညာသည်တွေ ဝိပဿနာကို မြည်းစမ်းကြည့်သင့်တယ်။ စိတ်ငြိမ်းချမ်းမှု အလုံးစုံ ရစေတဲ့ စိတ်ဖိစီးမှုကိုလျှော့ပါးစေတဲ့ နည်းလမ်းကောင်းတစ်ခုပဲ နီနီ'

မောင်ကတော့ သူမကို ဘုန်းကြီးစာချလုပ်နေပြန်၏။

မှန်ရာပြောကြေးဆိုရင်တော့ တရားကျောင်းကို ရောက်ဖြစ်ပေမယ့် တရားဝင်ထိုင်ကြည့်ဖို့ တစ်ခါမှ စိတ်ကူးမပေါ်ဖြစ်ခဲ့ပေ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## ၈။

မိမိမော်နှင့် မောင်တို့ လေယာဉ်တစ်စီးတည်း စီးရမှာဆိုတော့ သူမနှင့် မွန်မြတ်ဦးတို့ အတူတူလိုက်ပို့ဖြစ်၏။ မောင်နှင့်ခွဲရသည့်အတွက် သူမ ရင်မှာစိတ်မကောင်းသလို၊ မိမိမော်နှင့် ခွဲရသည့်အတွက် မွန်မြတ်ဦးလည်း မျက်နှာလေး ငယ်နေရှာသည်။

သူမကတော့ မောင်နှင့်ပတ်သက်ပြီး ရင်ထဲမှာ သိုသိပ်ဖုံးဖိနိုင်ခဲ့၏။

မွန်မြတ်ဦးကတော့ လေယာဉ်ကွင်းထဲအရောက်မှာပင် မျက်ရည်လေး တစမ်းစမ်းဖြစ်နေရှာ၏။

'ငါတော့ တော်တော်နဲ့ နေတတ်မှာ မဟုတ်ဘူး မိမိမော်ရယ်'

'ငါလည်း ဒီအတိုင်းပဲပေါ့၊ ဖုန်းဆက်လို့ရနေတာပဲဟာ၊ နင် စာရေးချင်လည်း အီးမေးနဲ့ပို့လို့





ရနေတာပဲ၊ လူချင်းဝေးကြပေမယ့် အဆက်အသွယ်ပြတ်စရာ မရှိပါဘူး'

မိမိမော်က နေရာသစ်သို့ ထွက်သွားမည့်သူဆိုတော့ မွန်မြတ်ဦးတစ်လောက်တော့ စိတ်ခံစားမှုမရှိပေ။

မွန်မြတ်ဦးနှင့် မိမိမော်တို့ စကားတွေ တွတ်ထိုးနေခိုက်မှာပင် မောင့်ကိုနှုတ်ဆက်ရင်း အောက်မေ့ရာစကားအဖြစ် ပြောဖြစ်၏။

'မောင်'

'ဘာပြောချင်လို့လဲ နီနီ'

'တခြား မဟုတ်ပါဘူး၊ ဒီတစ်ခေါက် နီနီ့ဆီ မောင်ရောက်လာတာ အရက်အခေါက်တွေထက် ပိုပြီး ပျော်စရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ထပ်ဖို့ကိစ္စကို ပြောဖြစ်ကြလို့ပဲလေ'

'မောင်လည်း နီနီနဲ့ လက်ထပ်ဖို့ကိစ္စကို မြန်နိုင်သမျှ မြန်အောင် ကြိုးစားနေမှာပါ နီနီ'

'မောင် ဖုန်းအမြဲဆက်ဦးနော်'

'ဆက်ချင်တာပေါ့၊ မောင်ဆက်တဲ့အချိန်မှာ နီနီ အလုပ်ရှုပ်နေမလားဆိုပြီး စိတ်ကို အမြဲထိန်းနေခဲ့ရတာပါ နီနီ။ အရမ်းလွမ်းလွန်းတိုင်း ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေကျပဲ မဟုတ်လား နီနီ'

မောင့်စကားကြောင့် ကျေနပ်နှစ်သိမ့်မှု များစွာ ဖြစ်ရ၏။

'သွားတော့ မောင်၊ သူများတွေ ကွင်းထဲဝင်နေကြပြီ'

'ကျန်းမာရေးလည်း ဂရုစိုက်ဦး နီနီ၊ အလုပ်တွေမှာပဲ စိတ်ကို အရမ်းနှစ်မထားနဲ့ဦး'

'စိတ်ချပါ မောင်၊ အရင်တုန်းကတော့ အောင်မြင်ချင်၊ လုပ်ချင်တဲ့ဇောတွေနဲ့ အသက်ရှင်နေရတာပါ၊ အခုတော့ မောင့်အတွက်ပါပိုပြီး အသက်ရှင်နေရတာလေ'

'ဒီစကားတွေနဲ့ပဲ ရေခြားမြေခြားမှာ မောင် အလွမ်းပြေရမှာပါ နီနီရယ်'

အချိန်တွေကို စိတ်ရှိတိုင်း ဆွဲဆန့်ထားချင်၏။

အခြေအနေတွေကတော့ သူမစိတ်ကို ထင်တိုင်းဖြစ်ခွင့်မပေးပေ။ မောင်တစ်ယောက် နောက်ဆံမတင်းသော ခြေလှမ်းများဖြင့် လေယာဉ်ကွင်းထဲသို့ ဝင်သွား၏။ မောင်တစ်ယောက်တည်းမှ မဟုတ်ဘဲ မိမိမော်လည်း မျက်ရည်ဝဲပြီး ထွက်သွားလေ၏။

⁂ ⁂ ⁂





'အဲဒီလောက် စိတ်မပျော့နဲ့လေ မွန်မြတ်ဦး။ သူငယ်ချင်းတစ်ယောက် အနားမှာမရှိတာနဲ့ ဒီလောက် ဝမ်းနည်းနေတတ်ရင် မင်းဘဝမှာ ကြုံတွေ့လာရမယ့် အခက်အခဲတွေ၊ ပူဆွေးသောကတွေအတွက် မင်း မျက်ရည်ကျန်ပါတော့မလား'

သူမကိုယ်တိုင်ကလည်း ဝမ်းနည်းမှု ကင်းနေတာတော့ မဟုတ်။ သူမ ဖြစ်ပျက်နေတာကို မေ့လျော့ထားပြီး မွန်မြတ်ဦးကို ဆုံးမနေဖြစ်ပြန်၏။

'မိမိမော်က ညီအစ်မရင်းတစ်ယောက်လို သမီးအပေါ်မှာ ကောင်းခဲ့တာ။ သူမရှိတော့ ရင်ထဲမှာ ဟာရုံမကဘူး။ အားငယ်ချင်တာ အမှန်ပဲမမ'

ဒီကလေးမလေးကတော့ ခက်နေပြီ။ မိမိမော်နှင့်အတူတူ ထွက်ခွာသွားသူက သူမချစ်သူတစ်ယောက်ဆိုတာကို မေ့နေပြီလားမသိ။

'တယ်ခက်ပါလား၊ ဒီအကျင့်စရိုက်မျိုးက အောင်မြင်ကျော်ကြားချင်တဲ့သူမှာ လုံးဝမရှိသင့်တဲ့အရာပဲ။ မမကိုကြည့်လေ၊ မောင်က မမနဲ့ အဝေးမှာ နေတာ။ ဘာဖြစ်လဲ မမတစ်ယောက်တည်း ဒီဝန်းကျင်မှာ ရှင်သန်နေရတာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ မမပြောတာ မင်းအတွက်နော်'

'သိပါတယ် မမ၊ သမီးနားလည်ပါတယ်'

စိတ်ပျော့တတ်တာ၊ မလိုလားအပ်ဘဲ တွယ်တာတတ်တာမျိုးကိုတော့ မွန်မြတ်ဦးအတွက် အမွေမပေးခဲ့လိုပေ။

သူမလိုပင် ရဲဝံ့ပြတ်သားပြီး အောင်မြင်သောသူတစ်ယောက် ဖြစ်စေချင်၏။

'လက်စနဲ့ တစ်နေရာရာမှာ မင်းနဲ့ အေးအေးဆေးဆေး စကားပြောရဦးမယ် မွန်မြတ်ဦး'

သူမပြောတာကို မွန်မြတ်ဦး မငြင်း။

သူမ ဘာပြောမည်ဆိုတာကိုလည်း မွန်မြတ်ဦးတစ်ယောက် သိကောင်းသိနိုင်မည် ထင်၏။

× × ×

'မင်းနဲ့ မင်းနိုင်အောင် အခြေအနေက ဘယ်လိုလဲ မွန်မြတ်ဦး၊ ညီမလေးတစ်ယောက်လို၊ တပည့်သားမြေးတစ်ယောက်လို သဘောထားပြီး ငါမေးတာနော်၊ မင်းနိုင်အောင်ဆိုတဲ့ ယောက်ျားကလည်း ငါနဲ့ သံယောဇဉ်မကင်းတဲ့သူပဲ'

သူမရှေ့မှာ နေတာထိုင်တာ၊ အလေးပေးတာ





တွေက လိုအပ်တာထက် တစ်နေ့တခြား ပိုနေသည်ဟု ထင်၏။

လူတွေရှေ့မှာ သူမနှင့်မင်းနိုင်အောင်တို့ ဆက်ဆံပြီးအလုပ်တွဲလုပ်လာတာ နှစ်ကြာနေပြီ။ ဘယ်သူတစ်ယောက်မှ သူမနှင့် မင်းနိုင်အောင်ကို ကွယ်ရာမှာ တစ်မျိုးတမည်တွေ မပြောကြပေ။

သူမဆီကို မွန်မြတ်ဦး ရောက်လာတာ ဘာမှမကြာသေးပေ။ မင်းနိုင်အောင်နှင့် မွန်မြတ်ဦးတို့နှစ်ယောက်အကြောင်းကို လူပြောသူပြော များနေ၏။

'သမီးနဲ့ ကိုမင်းနိုင်အောင်က မမထက် အရင်မစောတောင်မှ ရင်းနှီးခဲ့တာ ကြာပြီပဲ။ ဒီကိုရောက်လာမှ သမီးတို့ချင်း စတွေ့ပြီး ခင်မင်ကြတာမှ မဟုတ်ဘဲ မမရယ်'

မွန်မြတ်ဦး၏ ဆင်ခြေစကားကိုက အကြွင်းမဲ့လက်ခံချင်စရာ မကောင်းလှပေ။

'သမီးက အရင်တုန်းက မွန်မြတ်ဦး မဟုတ်တော့ဘူးဆိုတာကိုရော သတိထားဖြစ်ရဲ့လား၊ မင်းကို ငါတို့ပတ်ဝန်းကျင်က လူတွေကရော၊ မင်းကို အားပေးချီးမြှောက်ချင်တဲ့ ပရိသတ်တွေကပါ ဂရုစိုက်ကြည့်နေတယ်ဆိုတာရော မင်း



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား'

သူမရှေ့မှာတော့ ပြောသမျှ ခေါင်းညိတ်နေရှာသော ယုန်သူငယ်လေး ဖြစ်နေပြန်၏။

'ပြီးခဲ့ ကျန်ခဲ့တာတွေအတွက် မင်း ဘာမှ နောက်ကြောင်းငဲ့စရာ မလိုဘူး။ အတိတ်မှာ ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့။ အခုအချိန်မှာတော့ မင်းနိုင်အောင်ကို အကျွမ်းတဝင် မင်း မနေသင့်တော့ဘူး မွန်မြတ်ဦး။ မင်းအနေအထားနဲ့ သူ့အနေအထားက တဖြည်းဖြည်းနဲ့ သိသိသာသာကို ကွာလာနေပြီ'

'ကိုမင်းနိုင်အောင်ဟာ သမီးအစ်ကိုရဲ့ သူငယ်ချင်းပါ'

'ဒါတွေကို မင်းမပြောလည်း မမသိပါတယ်။ မင်းနိုင်အောင်က ငါ့ရဲ့သူငယ်ချင်း၊ သူ့ကို ငါ ဒီဘဝရောက်လာအောင် အကူအညီပေးခဲ့တာပါ။ မင်း သိရင်သိနေလိမ့်မယ်။ ဟိုအချိန်တုန်းက မင်းနိုင်အောင်က မမကို ချစ်သူအဖြစ် စိတ်ကူးယဉ်ခဲ့ဖူးတယ်။ အဲဒီအချိန်မှာပဲ မမဟာ ကျောင်းသူဘဝမှာပဲ ရှိသေးတာနော်၊ ဒီလိုအခြေအနေမျိုး မဟုတ်ဘူး၊ အဲဒီအချိန်ကတည်းက





ချစ်သူတစ်ယောက်အဖြစ် မမ လက်ခံပြီး မစဉ်းစားဖြစ်ခဲ့ဘူး။ ဒီကောင်က ခပ်ညံ့ညံ့လူတစ်ယောက်ပဲ။ သူ့ဘဝသူတောင် လမ်းကြောင်းမှန်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် မကြံစည်မစွမ်းဆောင်နိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ မွန်မြတ်ဦး'

'မမရယ် သူလည်း သူ့အရည်အချင်းနဲ့'

'နေဦး မွန်မြတ်ဦး၊ သူ့မှာ အရည်အချင်းမရှိဘူးလို့ မမ ပြောနေတာမဟုတ်ဘူး။ မင်းအနေနဲ့ သူ့ကို အရင်လိုဆက်ဆံပြီး သံယောဇဉ်တွယ်မှာစိုးလို့ပြောနေတာ။ မင်းရွေးချယ်ရမယ့် ယောကျ်ားဟာ သူ မဟုတ်ဘူး။ သူ မဖြစ်နိုင်ဘူးဆိုတာကိုပဲ မမ ပြောချင်တာ'

'စေတနာနဲ့ မမသွန်သင်တာကို သမီး နာခံပါတယ်'

'ဆက်ဆံတာ ခေါ်တာ ပြောတာလောက်နဲ့တော့ ဘာမှ ပြဿနာမဖြစ်ဘူး။ မင်းစိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး စိတ်ရှင်းရှင်းထားနိုင်ဖို့ အရေးကြီးဆုံးပဲ၊ မင်းဘဝအတွက် ဘာအကျိုးအမြတ် မှီခိုအားထားမှုမျိုးမှ မရှိနိုင်တဲ့ ယောကျ်ားကောင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မင်း သံယောဇဉ်ဖြစ်မှာစိုးလို့ပဲ’

သူမ စေတနာကို မွန်မြတ်ဦးက အသိအမှတ်ပြုသည်ဟု ပြောနေသည်။ မင်းနိုင်အောင်နှင့် ပတ်သက်ပြီး ဒီထက်မက ပြောချင်သေးပေမယ့် စကားလုံးတွေကို တစ်ဆင့်လျှော့ပြီး နားချနေခြင်းဖြစ်၏။

မင်းနိုင်အောင်ကို သံယောဇဉ်မကင်းတာကတစ်ပိုင်း၊ မွန်မြတ်ဦး စိတ်ယိုင်ပြီး မဖြစ်သင့်တာ ဖြစ်သွားမှာက တစ်ပိုင်းဖြစ်၏။

မွန်မြတ်ဦးသည် မင်းနိုင်အောင်အတွက် လုံးဝမဖြစ်စေရဟု ယုံကြည်ထားသည်ပဲ။

မင်းနိုင်အောင်ကိုလည်း အခွင့်ကြုံတာကို မစောင့်ဘဲ ပြောရဦးမည်ဟု တွေးဖြစ်ခဲ့ပြန်၏။



# အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com

## ၃။

သူ့သံယောဇဉ်မှာ 'မွန်မြတ်ဦး'။

သူ့အချစ်တွေကို အနှားလည်ဆုံးဟု ပြောရမည့်သူမှာလည်း မွန်မြတ်ဦးပင်ဖြစ်၏။

ဟိုတစ်ချိန်တုန်းကလည်း သံယောဇဉ်စိတ်ဖြင့် မွန်မြတ်ဦးကို တိတ်တခိုးတွယ်တာဖူးသည်။ ချစ်သူတွေဖြစ်ကြပြန်တော့လည်း သူ့အဖြစ်က မလွတ်လပ်။ ချစ်သူလက်ကိုရဲရဲတွဲပြီး မော်မော်ကြွားကြွား မလှုပ်နိုင်သောဘဝ…။

သူကိုယ်တိုင်ကလည်း နီနီခိုင်ဝေလက်မှ ရုန်းမထွက်နိုင်။

နီနီခိုင်ဝေကလည်း သူနှင့် မွန်မြတ်ဦးတို့ကို အရိပ်တကြည့်ကြည့်…။ မွန်မြတ်ဦးကလည်း နီနီခိုင်ဝေ၏ အရိပ်အောက်မှာပင် တစ်နေ့တခြား အောင်မြင်ထင်



www.burmeseclassic.com

www.burmeseclassic.com



ရှားလာခဲ့၏။

'ဟော့ကောင် မင်းနိုင်အောင်'

ရင်းနှီးနေသော ဖြိုးမင်းက သူ့နောက်ကို အမော တကော ပြေးလိုက်လာ၏။ သူ့အတွေးနှင့်သူမို့ ဖြိုးမင်း လှမ်းခေါ်တာကို သူ မကြားတာလည်းဖြစ်သည်။

'ဘာလဲ ဖြိုးမင်း၊ အလုပ်ကိစ္စအတွက်ဆိုရင်တော့ နီနီခိုင်ဝေနဲ့ပဲ စကားပြောကွာ။ မင်းကို ဘာတစ်ခုမှ ငါ မကူညီနိုင်ဘူး'

ဖြိုးမင်းကလည်း သူ့လိုပင် ကင်မရာမင်းဖြစ်၏။ နီနီခိုင်ဝေ့ဆီကို မရောက်ခင်ကတည်းက သူနှင့် ဖြိုးမင်း သိကျွမ်းခဲ့၏။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေမှာ ရုပ်ငြိမ်ဓာတ်ပုံတွေရိုက်ရင်း သိကျွမ်းခဲ့တာ ဖြစ်၏။

ဓာတ်ပုံရိုက်ခြင်းကို သူ့လိုပင် ဖြိုးမင်း ဝါသနာကြီး၏။

'မင်းရဲ့ မင်းသမီးကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါပြောမယ့်သတင်းက မွန်မြတ်ဦးနဲ့တော့ ပတ်သက်တယ်'

ဖြိုးမင်း အလုပ်လုပ်နေသော ကုမ္ပဏီက ကားကြီးရိုက်ဖို့ မွန်မြတ်ဦးကို ငှားသည်။ ခက်တာက အဲဒီ ကုမ္ပဏီပိုင်ရှင်နှင့် နီနီခိုင်ဝေက ကမ္ဘာ့ရန်တွေ ဖြစ်၏။





မွန်မြတ်ဦးဆီ အရင်ဝင်သည်။ မရတော့၊ ဖြိုးမင်းမှတစ်ဆင့် သူ့ဆီဝင်၏။

သူနှင့် မွန်မြတ်ဦးတို့ နှစ်ယောက်စလုံး မိမိသဘော၊ မိမိဆန္ဒဖြင့် ဘာတစ်ခုမှ လုပ်ခွင့်မရကြပေ။

'ဒါဆိုလည်း ပြော… ဖြိုးမင်း'

'ပြောတော့ ပြောမယ်။ မင်း နောက်ကို ပြေးလိုက်ရလို့ ငါ မောသွားတယ်။ အအေးတစ်ပုလင်းကတော့ သတင်းပေးခအနေနဲ့ အရမ်းတန်ပါတယ်ကွာ'

နောက်ဆုံးတော့ သူကြားရမည့် သတင်းနှင့် အအေးပုလင်းကို အပေးအယူလုပ်လိုက်ရသည်။

'သောက်စရာရှိတာလည်းသောက်၊ ပြောစရာရှိတာလည်း ပြောဦး ဖြိုးမင်း'

'ပြောပါ့မယ်ကွာ၊ အမောပြေအောင် သောက်ပါရစေဦး'

တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်တာကများ၏။ နယ်မြေတစ်ခုတည်းမှာ ကျင်လည်နေကြသော်လည်း အလုပ်တွေရှုပ်ပြီး အေးအေးဆေးဆေး မဆုံဖြစ်ကြ။ တွေ့တုန်းတွေ့ခိုက်မှာ ဖြိုးမင်းက ဇာတိပြတော့၏။

'မင်းမှာ အလုပ်မရှိလို့ အားနေပေမယ့် ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာတွေ၊ သွားစရာတွေရှိတယ်'

'ဘာလဲ နီနီခိုင်ဝေဆိုတဲ့ မော်ဒယ်(လ်)မကြီးရဲ့ အလုပ်တွေပဲ မဟုတ်လား။ မင်းက မိန်းမကိစ္စနဲ့ ပတ်သက်ပြီး အရှိန်းလာဘ်ရှိတဲ့ကောင်ပဲ။ နီနီခိုင်ဝေကလည်း မင်းမှမင်း··· အခုတစ်ခါ မင်း သမီးအသစ်လေးနဲ့ ဘာလိုလို ညာလိုလိုဖြစ်နေတာ မဟုတ်လား'

'ငါနဲ့ နီနီခိုင်ဝေက သူငယ်ချင်းတွေပါ။ သူလည်း ဘာမှမဖြစ်ခင် ငါလည်း ဘာမှမဖြစ်ခင်ကတည်းက ခင်ခဲ့ကြတာ၊ သိခဲ့ကြတာ။ ဒီလောကထဲကို ငါ ထဲထဲဝင်ဝင်ဖြစ်တာကလည်း သူ့ကျေးဇူးမကင်းဘူး၊ သူနဲ့ငါက အမြဲလက်တွဲလုပ်ရမယ့်သူတွေပါ'

'ထားပါ··· အဲဒီ မော်ဒယ်(လ်)မမနဲ့ မဟုတ်ရင် မွန်မြတ်ဦးနဲ့ကျတော့ရော'

ဖြိုးမင်းကို ပြောပြချင်ပေမယ့် ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ရှေ့ငွတ်ပိလိုက်လုပ်နေရ၏။ ဖြိုးမင်းက ပါးစပ်ဖွာရင် သတင်းက ပိုပြန့်သွားနိုင်၏။

'ထားပါ၊ မင်းမဖြေရင်လည်း ငါက ကြုံတုန်းကြိုက်တုန်းမှာ မင်းကို တမင် စားတာပါ။





မင်း ကောင်းစားရင် ငါဝမ်းသာရမှာပေါ့'

စတွေ့တုန်းက ပြောပြမည်ဆိုသောသတင်းက လမ်းကြောင်းပြောင်းသွားပြီလားမသိပေ။

'မင်း ငါ့ကို သတင်းတစ်ခု ပြောမှာဆို ပြောလေ ဖြိုးမင်း'

'ဓာတ်ပုံအသင်းက လုပ်တဲ့ပြိုင်ပွဲမှာ မင်းရော ငါရော ပြိုင်ခဲ့ကြတာနော်'

'ဘာဖြစ်လဲ···'

'ငါ့ပုံတွေကတော့ အရွေးမခံရဘူး။ ဘာဆုမှလည်း မရဘူး မင်းနိုင်အောင်။ မွန်မြတ်ဦးပုံတွေနဲ့ မင်းပြိုင်ခဲ့တာကို ငါသိတယ်။ မင်း အဲဒီပုံတွေနဲ့ပဲ ပြိုင်ပွဲမှာ ပထမရတယ် သိလား'

ဖြိုးမင်းပြောသော သတင်းကြောင့် ထခုန်မတတ် ဝမ်းသာသွားမိသည်။

ဒီသတင်းကို မွန်မြတ်ဦးကို ပြောရဦးမည်။ မွန်မြတ်ဦးကတော့ သူ့အတွက် ဝမ်းသာမှာ သေချာ၏။

※ ※ ※

'ညီမလေးပုံတွေနဲ့ ကိုကို တကယ်ဆုရတယ်ဟုတ်လား ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကိုကိုလည်း ပြိုင်ပွဲဝင်ပြီး မေ့မေ့လျော့လျော့ နေခဲ့တာ။ ဒီသတင်းကို သိရတော့ အရမ်းဝမ်းသာတယ်'

ပြိုင်ပွဲတွေကို သူဝင်ပြိုင်ဖူးသည်။ မွန်မြတ်ဦး ပုံတွေနှင့်ကျမှ သူ ပထမရဖြစ်တော့သည်။

'ဒီသတင်းကိုကြားရင် ဝမ်းမသာမယ့် လူတစ်ယောက်က မွန်မြတ်ဦးတို့ အနားမှာ အသင့်ရှိနေတာ'

နီနီခိုင်ဝေကို ညွှန်းဆိုကြောင်းကို သူ နားလည်လိုက်မိ၏။

မွန်မြတ်ဦးကတော့ နီနီခိုင်ဝေနှင့် မတတ်သာလို့သာ လက်တွဲနေရ၏။ မကြိုက်သော်လည်း ချုပ်ဆိုထားသော စာချုပ်အရ အောင့်ခံနေရမှန်း သူ သိသည်။

'ဒါကတော့ကွယ် ကိုကိုနဲ့ဖြစ်မှာစိုးတာက ညီမလေးအတွက်ပဲ သူ စိုးရိမ်ပေးတာမဟုတ်လား၊ ဒါကတော့ သူ့စေတနာပါကွယ်'

'ကိုကို အဲဒီလို ခေါင်းငုံ့ခံနေလို့ အဲဒီမိန်းမက ကိုကို့အပေါ် အမြဲတမ်း စီးနင်းနေတာ သိလား'

အတိတ်အဖြစ်အပျက်တွေတုန်းက သူကလည်း နီနီခိုင်ဝေအချစ်ကို အိပ်မက်မက်ခဲ့ဖူးသည်။ ပြီးတော့





လည်း နီနီခိုင်ဝေ၏ ကျေးဇူးတွေကလည်း သူ့အပေါ်မှာ အများကြီးရှိနေ၏။

ဒီအချက်တွေကြောင့်ပင် နီနီခိုင်ဝေကလည်း သူ့အပေါ် ချိုးချိုးနှိမ်နှိမ် ဆက်ဆံခဲ့တာလည်း ဖြစ်နိုင်ကောင်း၏။

'သူက ကိုကို့အပေါ်မှာ ဝသီဖြစ်နေတာပါ။ ကျောင်းတုန်းကတည်းက ဒီလိုပဲ ပြောလာခဲ့တာ'

'ဘာလဲ ကိုကို၊ ကိုကိုက သူ့ကိုချစ်ခဲ့ဖူးတာရယ်၊ သူ့ကျေးဇူးတွေကြောင့်ရယ်ဆိုပြီး အမြဲပဲ ခေါင်းငုံ့ခံနေတော့မှာလား။ မွန်မြတ်ဦးတို့ကို သူဗိုလ်ကျပြီး ချုပ်ချယ်ချင်တိုင်း ချုပ်ချယ်လို့ မရဘူးကိုကို။ ကိုကိုနဲ့သူက ဘာစာချုပ်မှ ရှိတာမဟုတ်ဘူး။ မွန်မြတ်ဦးနဲ့စာချုပ်ကလည်း ပြည့်ခါနီးပြီ။ မွန်မြတ်ဦး သူနဲ့ လွတ်ကင်းတာနဲ့ ကိုကိုလည်း သူ့ဆီမှာ ကျွန်မနေခဲ့ရဘူး'

မွန်မြတ်ဦး စကားတွေကြောင့်ပင် သူ စိတ်လေးသွားရ၏။ သူနှင့်ပတ်သက်ပြီးတော့ နီနီခိုင်ဝေအပေါ်မှာ မွန်မြတ်ဦး အတွေးမှားနေ၏။

'မဟုတ်သေးဘူး၊ စာချုပ်ပြည့်သွားတဲ့ခိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် နီနီခိုင်ဝေနဲ့ ညီမလေး လက်တွဲမဖြုတ်သင့်ဘူး'

'ဘာလို့ လက်တွဲမဖြုတ်ရမှာလဲ၊ ဒီမိန်းမ ချုပ်ချယ်သမျှကို ညီမလေးတို့က တစ်သက်လုံးပဲ ခေါင်းငုံ့ခံသွားရတော့မှာလား။ ညီမလေးမှာရော ကိုကို့မှာပါ ကိုယ့်မာန၊ ကိုယ့်အတ္တတွေ ရှိနေကြတာပဲ'

'ညီမလေးအပေါ် သူ ကောင်းခဲ့တာချည်းပဲ။ ကိုကိုနဲ့ပတ်သက်ပြီးတော့ မဖြစ်စေချင်တာကလည်း ညီမလေးအတွက်ပဲ။ အလုပ်ကိစ္စနဲ့ပတ်သက်ရင်လည်း ဖြိုးမင်းပြောတဲ့ ကုမ္ပဏီနဲ့မရိုက်ခိုင်းတာ တစ်ခုပဲ၊ သူ မှားတာရှိတယ်။ ကျန်တဲ့အချက်တွေ အဖြစ်အပျက်တွေက ညီမလေး ဒီအချိန်မှာ နာမည်မကျအောင် သူ စိစစ်ပြီး လက်ခံနေတာချည်းပဲ။ သူနဲ့လမ်းခွဲဖို့ စိတ်မကူးပါနဲ့။ ညီမလေးအပေါ်မှာ သူကောင်းသလို၊ ဒီထက်မကလည်း ဖြစ်စေချင်တဲ့ဆန္ဒတွေ သူ့မှာ အပြည့်ရှိနေတာပါ'

'ကိုကို သဘောကောင်းသလိုတော့ ညီမလေး မကောင်းနိုင်ဘူး။ သိပ်မကြာပါဘူး။ ညီမလေး





ဘာလုပ်ပြမလဲဆိုတာကို သူ သိလာရစေမယ်'

မွန်မြတ်ဦး စကားကို သူ သိနေသည်။ သူနှင့် မွန်မြတ်ဦးတို့ချစ်သူတွေ ဖြစ်နေကြောင်းကို တရားဝင်ဖွင့်ပြောလိုက်ပါလား။ နီနီခိုင်ဝေတစ်ယောက် ဒေါသပုန်ထမှာ သေချာနေ၏။

'ကဲပါ… ညီမလေးရယ်၊ ကိုယ့်အလုပ်ကို ပိုအောင်မြင်အောင်လုပ်ပါ။ တစ်နေ့နေ့တော့ ကိုကိုတို့အကြောင်းကို သူသိလာရမှာပဲ။ နောက်ရက်တွေဆိုရင် ညီမလေး ရန်ကုန်မှာရှိမှာမဟုတ်တော့ဘူး မဟုတ်လား။ တွေ့တုန်းအခိုက်မှာ ပျော်ပျော်ရွှင်ရွှင်နေကြရအောင်။ ဒီအကြောင်းတွေ မေ့ထားလိုက်ကြရအောင်'

မွန်မြတ်ဦးတစ်ယောက် ရုပ်ရှင်ကားကြီးတွေ၊ ဗီဒီယိုခွေအရိုက်များလာတော့ သူနှင့် အေးအေးဆေးဆေး တွေ့ဖို့ အချိန်တွေ နည်းနည်းလာခဲ့၏။ အခုလည်း သန်ဘက်ခါဆို ကားကြီးရိုက်ဖို့ မွန်မြတ်ဦး ခရီးထွက်ရဦးမည်ပဲ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

၂။

မွန်မြတ်ဦး ခရီးသွားနေတုန်းမှာပင် သူ ဓာတ်ပုံ ဆုရသော သတင်းတွေက မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ ပါလာ၏။

အင်တာဗျူးသမားများကလည်း အနုပညာရှင်များနှင့် ပတ်သက်ရာ သတင်းများကို အစရသည်နှင့် ဖွဖို့ လူစိတ်ဝင်စားဖို့ပဲ ရေးသားကြ၏။

ဒီအချက်ကို မွန်မြတ်ဦးက သိသိကြီးနှင့် တမင် လုပ်ပြလိုက်တာလား မပြောတတ်ပေ။

'ဟော့ကောင် ဒီလထုတ် မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာတော့ မင်း ဆုရတဲ့သတင်းရယ်၊ ပြီးတော့ မင်းတို့သုံးယောက် အကြောင်းရယ်က တကယ် ဟစ်ဖြစ်နေတော့ပါလား'

'ဟုတ်တယ်၊ မွန်မြတ်ဦးကလည်း မင်းနဲ့ဘာလို





လို ညာလိုလိုဖြစ်နေတဲ့သတင်းကို သေသေချာချာ မဖြေဘူး၊ တရားရုံးမှာ လက်မှတ်ထိုးဖြစ်တဲ့အခါမှ ဝမ်းသာအားရ ပြောပါ့မယ်လို့ ဖြေတယ်'

'မွန်မြတ်ဦးဖြေတဲ့အဖြေရယ်၊မင်းဆုရတဲ့သတင်းရယ်၊ မင်းနဲ့ မွန်မြတ်ဦးတို့က ကောလဟာလတွေ ဖြစ်နေသလိုမျိုး မဟုတ်ပါဘူးလို့ ရဲရဲပြောတဲ့ နီနီခိုင်ဝေရဲ့စကားတွေကို နောက်ကြောင်းပြန်ကောက်ပြီး အတူတူ ရေးထည့်လိုက်တယ်'

'ပွဲကတော့ ကြည့်ကောင်းပြီ မင်းနိုင်အောင်၊ မင်းကပါ ဝင်ပြီး နှောင့်လိုက်ရင်တော့ ပြီးနေပြီ'

နီးစပ်ရာအပေါင်းအသင်းတွေက သူ့ကိုမြင်သည်နှင့် ဂျာနယ်တွေမှာ ရေးသမျှကို ပြောပြကြ၏။

သူတို့ရေးကြတာတွေကို သူလည်း ဖတ်ရ၏။ မွန်မြတ်ဦးကတော့ နယ်ရောက်နေသည်မို့ အားလုံးကိုတော့ ဖတ်ဖြစ်မှာ မဟုတ်ပေ။

ဒီရက်ပိုင်းတွေမှာ ဘယ်သတင်းသမား၊ အင်တာဗျူးဆရာတို့နှင့်မှ သူ အတွေ့မခံဘဲ နေလိုက်၏။

ဒီသတင်းတွေဖတ်ပြီး ဒေါသထွက်နေမည့် နီနီခိုင်ဝေကိုလည်း တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် သူ ရှောင်နေလိုက်၏။

⁂ ⁂ ⁂

'မင်းရောက်လာတာနဲ့ အတော်ပဲ သူငယ်ချင်း၊
ငါတောင် မင်းဆီ လာတွေ့တော့မလို့ပဲ'

ဇော်မင်းဦးဆီ ရောက်သွားတော့မှ မျက်နှာပူစရာတွေ ထပ်ဖြစ်လာရသည်။ ဂျာနယ်တွေမှာ ရေးထားတာနှင့် ပတ်သက်ပြီး ဇော်မင်းဦးတို့ နားလည်အောင်ရှင်းပြမည်ဟု တွေးပြီး သူ ရောက်လာရခြင်းဖြစ်၏။

'ဒေါ်လေးတို့ရော ဇော်မင်းဦး'

'ရှိကြပါတယ်၊ လာပါကွာ၊ တစ်ဆိုင်ဆိုင် သွားပြီး မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

မွန်မြတ်ဦးနှင့် ပတ်သက်ပြီး အရင်တုန်းကလည်း ပါဖူးတာ ရှိ၏။ အခုကိစ္စက မွန်မြတ်ဦးကိုယ်တိုင်ဝန်ခံသလိုမျိုးဖြစ်နေတော့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်လှန်ကြပြီး အကျယ်ချဲ့ခဲ့ကြခြင်းဖြစ်၏။

'ငါလည်း ဂျာနယ်တစ်ခုမှာ ညီမလေးဖြေလိုက်တာနဲ့ပတ်သက်ပြီး မင်းကို ပြောမလို့ပဲ၊ ခက်တာက သူကလည်း နယ်ရောက်နေတာဆိုတော့





ဒီတိုင်းပြောခဲ့တာ ဟုတ်မဟုတ် ဝေခွဲလို့မရဘူး။
အပိုင်ပြောလို့မရဘူး ဇော်မင်းဦး'

သူနှင့်နှစ်ယောက်ချင်း ဇော်မင်းဦး စကားပြောချင်နေတာ ဒီအကြောင်းပဲဖြစ်ရမည်ဟု တွေးပြီး သူ စကားခင်းလိုက်ရ၏။

'မွန်မြတ်ဦးက ဂျာနယ်မှာ ရေးထားတဲ့အတိုင်း
ပြောဖြစ်တာ သေချာတယ် မင်းနိုင်အောင်'

သူထက်ပိုပြီး တိတိကျကျ ပြောနိုင်နေပါလားဟု သူ အံ့သြသွားမိသည်။ ဂျာနယ်ပါတာလောက်ပဲ သိမည်ထင်ခဲ့သည်။ သူသည်ပင် ဒီလိုသေချာပေါက်ပြောဖို့မလွယ်ပေ။

'မင်းက ဘယ်လိုလုပ်ပြီးသိနေရတာလဲ၊ ဘာလဲ
မွန်မြတ်ဦးကိုယ်တိုင်က ပြောလို့လား'

'မဟုတ်ဘူး မင်းနိုင်အောင်၊ မင်းတို့သတင်းတွေ
ဝိုင်းရေးထားတဲ့ဂျာနယ်တွေကို ကိုင်လာပြီး နီနီ
ခိုင်ဝေကိုယ်တိုင် မေမေတို့ဆီရောက်လာခဲ့တာ'

ပြဿနာကတော့ သူထင်ထားသည်ထက် ပိုရှုပ်ထွေးကုန်တော့မည်။ သူနှင့်မွန်မြတ်ဦးတို့အကြောင်းကို ဇော်မင်းဦးရော၊ လူကြီးတွေပါ သိထားကြတာ မဟုတ်သေးပေ။ နီနီခိုင်ဝေတစ်ယောက်ကတော့ မွန်မြတ်ဦး ဗို



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်အောင် မွှေပြီဟု စိတ်မောလူမောဖြစ်သွားရသည်။

'မင်းနဲ့ရော တွေ့သွားသေးလား ဇော်မင်းဦး'

'ငါနဲ့တော့ မတွေ့သွားဘူး၊ ဒါပေမဲ့ ဖေဖေနဲ့ရော မေမေနဲ့ပါတွေ့သွားပြီး အကြောင်းစုံကို နီနီခိုင်ဝေ ပြောသွားခဲ့တယ်'

အပြစ်ရှိသူမို့ ဇော်မင်းဦးမျက်နှာကို စေ့စေ့မကြည့်ရဲတော့ပေ။ သူ့အနေနှင့် ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ချောင်ပိတ်နေမိသည်။

'မင်းက ဘာဖြစ်လို့ ငါ့မျက်နှာကို သေသေချာချာ မကြည့်ဝံ့တော့တာလဲ မင်းနိုင်အောင်၊ ဘာလဲ မင်းနဲ့ညီမလေးအကြောင်းကို ငါတို့တွေ သိသွားကြပြီဆိုပြီး မင်းက မျက်နှာပူတာလား၊ လုပ်မနေနဲ့၊ ငါရော ဖေဖေတို့ပါ ရိပ်မိသင့်သလောက် ရိပ်မိကြတာပဲ၊ ဒါက သဘာဝပဲ၊ ခက်နေတာက နီနီခိုင်ဝေပဲ မင်းနိုင်အောင်'

ဇော်မင်းဦး ပွင့်ပွင့်လင်းလင်းပြောတော့မှ သူ့အနေရချောင်သွား၏။ ဇော်မင်းဦးအပါအဝင် လူကြီးတွေက သဘောထား မတင်းမာဘူးဆိုတာကို သူ ကြိုတွေးပြီးသား။





'အေးကွာ၊ ကိုယ့်ညီမလေးတစ်ယောက်လိုစောင့်ရှောက်ရမယ်ဆိုတာ သိပေမယ့် ငါ စည်းဖောက်ခဲ့တဲ့အတွက်တော့ မျက်နှာပူတာ အမှန်ပဲ'

'ရပါတယ်ကွာ၊ ဒါပေမဲ့ နီနီခိုင်ဝေဖြစ်နေတာ ပြောသွားတဲ့စကားတွေကိုတော့ ငါနားမလည်နိုင်ဘူး၊ ငါတို့နဲ့ပတ်သက်ပြီးတော့ရော၊ သူနဲ့ပတ်သက်ပြီးတော့ပါ မင်းက သူ့စိမ်းမှမဟုတ်ဘဲ'

နီနီခိုင်ဝေကတော့ ဖြစ်ချင်တာရော၊ ပြောချင်တာတွေကို စိတ်ရှိတိုင်း ပြောခဲ့ပြီထင်၏။

'ခက်တယ်၊ သူ့ဒီလိုလျှောက်လုပ်နေရင်တော့ မွန်မြတ်ဦးနဲ့ ထိပ်တိုက်တွေ့ကုန်တော့မှာ စိုးရတယ် ဇော်မင်းဦး၊ နီနီခိုင်ဝေက မွန်မြတ်ဦးအတွက် စေတနာထားပြီး လုပ်နေတာပါလို့ ငါတို့အနေနဲ့ နားလည်ပေးလို့ရပေမယ့် မွန်မြတ်ဦးကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆတ်ဆတ်ထိခံမှာ မဟုတ်ဘူး။ ကြားထဲကနေ ငါဘာလုပ်ရမှန်းမသိအောင် အနေရခက်တာ ကြာပြီ ဇော်မင်းဦး'

'အေးကွာ... မင်းနဲ့ နီနီခိုင်ဝေတို့က ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ရေစက်၊ ဘယ်လိုဆုတောင်းတွေကြောင့် သံသရာလည်နေသလဲ မသိဘူး။ သူ့ကို မင်းချစ်ခဲ့ဖူးတယ်၊ စွဲလမ်းခဲ့တယ်။ မင်းပဲစိတ်ဒုက္ခရောက်ရတယ်။ ဒီမှာတင် မပြီးဘူး။ သူက မင်းကို ကူညီ။ သူ့အနားမှာ မင်းကနေပေး။ သူပြောသမျှ လုပ်ချင်တာမှန်သမျှကို မင်းက ခေါင်းငုံ့ခံ၊ သူနဲ့မပတ်သက်ဘဲ ညီမလေးဖြစ်တဲ့ ကိစ္စအထိအောင် သူက မင်းအပေါ် ရက်ရက်စက်စက်တွေးနေတုန်းပဲနော်'

'ဒေါ်လေးတို့ ဦးလေးတို့ကရော သူပြောသွားတာတွေနဲ့ပတ်သက်ပြီး ဘာများပြောကြသေးလဲ ဇော်မင်းဦး'

လူကြီးတွေလည်း သူနှင့်မွန်မြတ်ဦးတို့ကိစ္စကို ပစ်ပစ်ခါခါ တွေးလိမ့်မည်မထင်ပေ။

'ဂျာနယ်မှာ ဒီလိုပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် ရေးနေကြတာပဲ။ သူတို့ချင်းကလည်း အရင်ကတည်းက ရင်းနှီးနေခဲ့ကြတာ ပြောစရာလိုဖြစ်လို့ နေမှာပေါ့လို့ ဖော့ပြီးပြောတယ်။ သူလည်း ဂျာနယ်က လက်လွှတ်စပါယ်ရေးတာလို့ ထင်ပြီး ရေးတဲ့သူနဲ့ ဂျာနယ်တိုက်ကို တရားစွဲဖို့ပြင်





ဆင်တာတဲ့။ ဟိုကလူတွေက မွန်မြတ်ဦးကိုယ်တိုင် ပြောခဲ့တဲ့ စကားတွေကို အသံဖမ်းထားခဲ့တာ။ ဒီမှာတင် နီနီခိုင်ဝေ ထူပူသွားပြီး အိမ်ကို ရောက်လာတော့တာပဲ မင်းနိုင်အောင်'

ဇော်မင်းဦးကတော့ ဖြစ်စဉ်တွေကို တစ်ခုချင်း ပြောပြနေ၏။

ဇော်မင်းဦးတို့ မိသားစုသဘောထားကတော့ နီနီခိုင်ဝေလောက် မတင်းမာပေ။ ဇော်မင်းဦး ဝေဖန်သံလို သူ့အပေါ် ဘယ်လိုအငြိုးတွေကြောင့် နီနီခိုင်ဝေ ဒုက္ခလိုက်ပေးနေသည်မပြောတတ်ပေ။

မွန်မြတ်ဦးအပေါ် စေတနာထားသမျှတို့သည် သူ့အား အနှာတရဖြစ်စေရုံမက၊ သူ့သိက္ခာကို ထိပါးနေတာကို နီနီခိုင်ဝေတစ်ယောက် သတိမှုရပါလေစ။

'အေးကွာ… မွန်မြတ်ဦးကလည်း နီနီခိုင်ဝေကို အစကတည်းက ငါနဲ့ပတ်သက်ပြီး ကြည်လင်တာမဟုတ်ဘူး။ သူပြောသမျှ ငါမကောင်းကြောင်းတွေကို မတတ်သာလို့သာ ငြိမ်ပြီး နားထောင်နေခဲ့တာ။ အခုချိန်မှာတော့ ငါ့ကိုယ်စား ညီမလေးက နီနီခိုင်ဝေကို လက်တုံ့ပြန်တာပဲ ဇော်မင်းဦး'



www.burmeseclassic.com

www.burmeseclassic.com



'မေမေတို့ကို ပြောသွားတာတွေက တော်တော်စုံတယ်။ ဘာတွေပြောသလဲဆိုတာကို ငါပြန်မပြောချင်တော့ဘူး။ မင်းလည်းသိပြီးသားနေမှာပါ။ အဓိကအချက်ကတော့ မင်းနဲ့မွန်မြတ်ဦးကို အပြစ်မခံဖို့ပဲ။ လူကြီးတွေကလည်း ချက်ချင်းကြီးတော့ ဘာပြန်ပြောရမှန်း မသိတာနဲ့ ညီမလေးကို ကြည့်ပြောပေးပါ့မယ်လို့ပဲ ပြောလိုက်တယ်။ မင်းနဲ့ပတ်သက်ပြီး မေမေတို့က သိပ်မလှုပ်တော့ အပြစ်တောင်တင်သွားသေးတယ် မင်းနိုင်အောင်'

မွန်မြတ်ဦး ပြန်ရောက်လာပါက ဒီအကြောင်းတွေကို သိသွားပြီး နီနီခိုင်ဝေနှင့် ထိပ်တိုက်ရင်ဆိုင်မှာကို သူ စိုးရိမ်မိသည်။

မွန်မြတ်ဦးကတော့ နောက်မဆုတ်ဘဲ ဒီထက်ပိုပြီး ရှေ့တိုးလုပ်မှာ သေချာနေ၏။ နီနီခိုင်ဝေနှင့် မဆုံခင်မှာ မွန်မြတ်ဦးကို အရင်တွေ့ပြီး ဖြောင်းဖျမှဖြစ်တော့မည်ဟု သူ နားလည်လိုက်၏။

※ ※ ※



## ၇။

'မင်းနိုင်အောင်'

တတ်နိုင်သမျှ ရှောင်သော်လည်း နေ့စဉ်တွေ့နေကြုံနေတော့ နီနီခိုင်ဝေနှင့် မလွတ်သာတော့ပေ။ သူရှောင်နေတာကိုလည်း နီနီခိုင်ဝေ ရိပ်မိပုံရ၏။

'ဘာများခိုင်းစရာရှိလို့လဲ နီနီခိုင်ဝေ'

'နင်နဲ့ငါ အေးအေးဆေးဆေး စကားပြောချင်တယ်'

ဂျာနယ်တွေမှာ ပါသောသတင်းများ၊ မွန်မြတ်ဦးတို့အိမ်ကို ရောက်သွားခဲ့သောအကြောင်းများနှင့် ပတ်သက်ပြီး ပြောတော့မည်ဆိုတာကို သူ သိလိုက်၏။

'ငါ အားနေပါတယ် နီနီခိုင်ဝေ'

တစ်ချိန်က နီနီခိုင်ဝေ၏ ဆစ်လျူရှုမှု အထင်မကြီးမှုကို သူ ခံခဲ့ရ၏။ သူ့အနေဖြင့် ဘယ်သောအခါမှ စိတ်ဒုက္ခမပေးနိုင်ဟု နီနီခိုင်ဝေထင်ထားမှာသေချာသည်။ မထင်မှတ်ဘဲ သူနှင့်နီနီခိုင်ဝေတို့ကြားမှာ မွန်မြတ်ဦးပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

သူ နီနီခိုင်ဝေကို မဖြစ်စေသည့်ကြားမှ သူနှင့် မွန်မြတ်ဦးတို့ ချစ်သူတွေဖြစ်ခဲ့ကြ၏။

'ဒီရက်ပိုင်းတွေမှာ သတင်းသမားတွေက နင့်နောက်ကို လိုက်နေမှာပဲနော် မင်းနိုင်အောင်'

ရီသွဲ့သွဲ့ပြောလိုက်သော စကားဟု သူ နားလည်လိုက်သည်။

'အထူးအဆန်းတော့ မဟုတ်ပါဘူး နီနီခိုင်ဝေ၊ မွန်မြတ်ဦးက ပြီးစလွယ်ပြောဖြစ်ခဲ့တဲ့ စကားရယ်၊ သူ့ပုံတွေနဲ့ ငါက ဆုရတာ ပူပူနွေးနွေးနဲ့ သွားတိုက်ဆိုင်တာပါ၊ ဒီရက်ပိုင်းမှာ သူတို့တွေနဲ့ ငါမဆုံဖြစ်ဘူး။ ဆုံဖြစ်တဲ့အခါမှာလည်း သူတို့မေးချင်တဲ့ မေးခွန်းတွေကို ဖြေဖို့ လုံးဝစိတ်ကူးမရှိဘူး။ ပြီးရင် သူ့အလိုလို ရပ်သွားမယ့်ကိစ္စတွေပါ။ သွေးပူနေတုန်းမို့ သတင်းအဖြစ် သူတို့ စိတ်ဝင်စားကြတာပါ'

'နင့်ကို ငါမေးမယ် မင်းနိုင်အောင်၊ နင်နဲ့မွန်မြတ်ဦးတို့ ငါတားနေတဲ့ကြားက တကယ်ပဲ ချစ်သူတွေဖြစ်ခဲ့ကြတာလား'

နီနီခိုင်ဝေကို ဆက်ပြီးမုသားသုံးနေလည်း အပိုပဲ





ဆိုတာ သူ သဘောပေါက်၏။ သူ့အနေဖြင့် ဝေ့ဝိုက်ပြီးပြောခဲ့ရင်လည်း မွန်မြတ်ဦးကတော့ တည့်တည့်ရှင်းရှင်းပဲ ပြောဖြစ်မှာ သေချာနေ၏။

'ဟုတ်တယ် နီနီခိုင်ဝေ၊ သူ ဒီဘဝ၊ အခြေအနေ မရောက်ခင်ကတည်းက ငါတို့ချင်း သံယောဇဉ်ရှိခဲ့ကြတာ။ နင်က နင်စေတနာနဲ့ ငါတို့နှစ်ယောက် နီးနီးကပ်ကပ်ဖြစ်မှာကို စိုးနေခဲ့တာ'

'သြော်... ဒီမိန်းကလေးက ငါ့ရှေ့မှာတော့ ခေါင်းတွေညိတ်ပြီး ငါ့ကိုအရူးလုပ်ခဲ့တဲ့သဘောပေါ့။ အခုတော့ ငါအရူးဖြစ်ရုံတင် မကဘူး၊ ယေသွားပြီ။ ငါက တကယ့်မိန်းမကြမ်းကြီးဖြစ်နေတော့တာပေါ့'

နီနီခိုင်ဝေမျက်နှာ တော်တော်လေး တင်းမာနေ၏။

'ဒါကတော့ နင်ပြောနေ ဆိုနေတာတွေကို မွန်မြတ်ဦးက ဘယ်လိုပြန်ပြောနိုင်မှာလဲ။ နင်ဖြစ်ချင်တာတခြား၊ ဖြစ်နေတာက တခြားလေ'

'ဘာလဲ မင်းနိုင်အောင်၊ နင့်ကို လူရာမသွင်းခဲ့သမျှတွေအတွက် နင်က ငါ့ကိုကောင်းကောင်းကြီး လက်စားချေပြလိုက်တာပေါ့ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါသစကားဆိုတာကိုတော့ ယုံမှားဖွယ်မရှိပေ။ နီနီခိုင်ဝေကတော့ သူမအတွေး မာနများဖြင့် ထင်မိထင်ရာတွေ ကြီးစိုးနေ၏။

'မဟုတ်ဘူး နီနီခိုင်ဝေ၊ နင်ပြောသလိုမျိုး နင့်ကိုလက်တုံ့ပြန်ဖို့ ငါ့မှာ လုံးဝစိတ်ကူးမရှိဘူး။ မွန်မြတ်ဦး ငါတို့နယ်ပယ်ထဲ ရောက်လာရတာကလည်း နင်နဲ့ လိုလိုချင်ချင်ဖိတ်ခေါ်မှုကြောင့်ပါ။ မွန်မြတ်ဦးကို အသုံးချပြီး နင့်ကိုလက်စားချေဖို့ ဘယ်တုန်းကမှ ငါ မကြံစည်ခဲ့ဘူး'

'နင်က သေးသေးလေးပါ မင်းနိုင်အောင်၊ ငါ့စိတ်ကို နည်းနည်းလည်း မျက်သွားစေနိုင်တဲ့ ဆူးတစ်ချောင်းပဲ။ နင့်ကို အချိန်မရွေး ငါ ချေပြလို့ရတယ်။ ငါ့အကြောင်းကို နင်သိတယ်နော်'

ခြိမ်းခြောက်သောစကား။ သူ့အနေဖြင့် နီနီခိုင်ဝေ့စကားကို ခွင့်လွှတ်ပေးနိုင်စွမ်းရှိသော်လည်း မွန်မြတ်ဦးကတော့ သူ့လို ခေါင်းငုံ့ခံတော့မှာ မဟုတ်ပေ။

'ငါနဲ့ပတ်သက်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ နင်လုပ်သမျှ နင်ပြောသမျှတွေကို ငါ ခံလာခဲ့တဲ့ကောင်ပါ။ နောင်ကိုလည်း နင့်ကို အငြိုးအတေးနဲ့ လက်တုံ့မပြန်ဘူးဆိုတာ နင်သိစေချင်





တယ်။ အခုကိစ္စတွေဖြစ်လာရတာကလည်း နင့်ဘာသာနင် ဖန်တီးနေတာ'

'ဘာလဲ… နင်နဲ့ပတ်သက်ပြီး ညံ့ဖျင်းတာတွေ၊ အသုံးမကျတာတွေကို ငါပြောခဲ့သမျှ ဒီမိန်းကလေးက အားလုံးပြန်ပြောပြတာပဲ မဟုတ်လား။ သူပြန်ရောက်လာရင်တော့ သူနဲ့စာရင်းရှင်းရလိမ့်ဦးမယ်'

ပြောလိုက်သောစကားများအရဆိုရင်တော့ မွန်မြတ်ဦး ပြန်ရောက်လာရင် ထိပ်တိုက်တွေ့ကြဖို့က များနေ၏။

မွန်မြတ်ဦးကလည်း အစွယ်ရှိလာပြီမို့ နီနီခိုင်ဝေပြောသမျှ လုပ်သမျှတွေကို ခေါင်းငုံ့ခံတော့မှာမဟုတ်ပေ။

ပြဿနာဖြစ်လာရင်တော့ နီနီခိုင်ဝေက လက်တံ့ရှည်သည်။ မွန်မြတ်ဦးက ပရိယာယ်တွေ ဘာတွေနားလည်သူမဟုတ်။ အရိုးခံအတိုင်းပင် ပွင့်ပွင့်လင်းလင်း တုံ့ပြန်မှာသေချာ၏။

မွန်မြတ်ဦး တစ်စုံတစ်ရာ အကျိုးယုတ်မှာကိုတော့ သူ မလိုလားပေ။

'မွန်မြတ်ဦးမှာ ဘာအပြစ်မှမရှိဘူး။ ဖြစ်ခဲ့ကြတာတွေကလည်း အချင်းချင်း နားလည်မှုလွဲခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ။ ဒီပြဿနာတွေကြောင့် အားလုံးရဲ့ လုပ်ငန်းကိုင်ငန်းတွေကို မထိပါးစေချင်ဘူး’

‘ဘာလဲ မင်းနိုင်အောင်၊ နင့်ဘုရင်မ ကျဆုံးသွားမှာကို နင်တုန်လှုပ်သွားတာ မဟုတ်လား’

‘နင်တို့ချင်း စကားပြောရာကနေ အဆင်မပြေပိုဖြစ်မယ်။ ပတ်ဝန်းကျင်က သွေးထိုးမယ်။ နင့်အတွက်လည်း မကောင်းဘူး။ မွန်မြတ်ဦးအတွက်လည်း မကောင်းဘူး နီနီခိုင်ဝေ၊ နင်ဘာလို့ အဲဒီလောက် အတ္တမာနတွေ ကြီးလွန်းနေရတာလဲ။ ဒီထက်ပိုပြီးအကျယ်မဖြစ်ရအောင် မွန်မြတ်ဦးကို ငါရအောင် ထိန်းပေးပါ့မယ်’

‘မွန်မြတ်ဦးနဲ့ ပတ်သက်ပြီး ငါတွက်တာချက်တာ အရမ်းမှားသွားခဲ့တယ်။ အရမ်းလည်း ညံ့ရာကျခဲ့တယ်။ နင်က လက်စားမချေပါဘူးလို့ ပြောနေပေမယ့် ငါတကယ်ပဲ အလဲထိုးခံလိုက်ရတယ်’

တကယ်တော့ ပစ်မှတ်ကတော့ သူရော မွန်မြတ်ဦးပါ နှစ်ဦးစလုံးဖြစ်နေ၏။

‘ကောင်းပြီ နီနီခိုင်ဝေ၊ နင်ကြိုက်တာ လုပ်လို့ရတယ်။ ငါ့အနေနဲ့ကတော့ မွန်မြတ်ဦးကိုရ





အောင် ငါထိန်းမယ်။ နင့်အပိုင်းကတော့ နင့်သဘော နင့်ဆန္ဒအတိုင်းပဲ။ ငါ့အလုပ်ကနေ တစ်လခွင့်ယူမယ် နီနီခိုင်ဝေ’

သူနှင့်မွန်မြတ်ဦးကိုတွဲပြီး မြင်နေတွေ့နေရင် နီနီခိုင်ဝေ၏ဒေါသက ပိုလို့ဆိုးမည်။

‘ကောင်းတယ်၊ နင်က ငါ့အတွက် ဘယ်တော့မှ အရေးပါတဲ့ လူတစ်ယောက်မဟုတ်ဘူးနင့်နေရာကို အချိန်မရွေး လူစားထိုးလို့ရတယ် မင်းနိုင်အောင်၊ နင်မရှိလည်းဖြစ်တယ်။ ဒါပေမဲ့ မွန်မြတ်ဦးကတော့ နင့်ထက်ပိုပြီး အရေးပါနေတာတော့ အမှန်ပဲ’

‘နင်ကြိုက်သလိုလုပ်ပါ။ တစ်ခုတော့ ငါပြောချင်တယ်။ နင့်သောကနဲ့နင် လောင်မြိုက်ပြီး ထင်ရာတွေကို လျှောက်မလုပ်မိပါစေနဲ့ နင့်ကို ငါ မမုန်းချင်ဘူး။ ဒါပဲဟာ’

သူကတော့ နီနီခိုင်ဝေ၏ လုပ်ငန်းမှနေပြီး စွန့်ခွာလိုက်ရပြီဆိုတာကို နားလည်လိုက်မိ၏။ နယ်မှပြန်ရောက်လာမည့် မွန်မြတ်ဦးနှင့် အရင်တွေ့ဖို့လိုမည်ပဲ…။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝကတော့ အလုပ်လက်မဲ့ အလိုလိုဖြစ်သွား၏။ သူတို့ပတ်ဝန်းကျင်မှာ သူ့အရည်အချင်းဖြင့် ဝင်တိုးလို့ရနိုင်သော်လည်း လောလောဆယ်မှာ ဒီအလုပ်တွေနှင့် သူ မပတ်သက်ချင်ပေ။ အရေးကြီးသည်ကတော့ မွန်မြတ်ဦးအတွက်ပဲဖြစ်၏။

နီနီခိုင်ဝေနှင့်အချင်းမများသင့်တာ မများဖို့ သူ ကြိုးစားရပေမည်။

'ဟော… မောင်မင်းနိုင်အောင်ပါလား။ သမီးတို့တစ်တွေနဲ့ တွေ့လွဲလေးလွဲသွားတာ'

'မွန်မြတ်ဦး ပြန်ရောက်လာပြီလား ဒေါ်လေး'

'ဟုတ်တယ် မင်းနိုင်အောင်၊ မနေ့က ညနေခင်းမှာ ပြန်ရောက်လာတာ။ မိမိမော်လည်း ဂျပန်က ပြန်ရောက်လာလို့ သူတို့နှစ်ယောက် အပြင်ထွက်သွားကြတာ'

ဒီနေ့ သို့မဟုတ် မနက်ဖြန်မှ အစောဆုံးပြန်ရောက်မည်ဟု သူ သိထားသည်။ အခုတော့ သူသိထားသည်ထက် တစ်ရက်စောပြီး မွန်မြတ်ဦးက ရန်ကုန်ပြန်ရောက်နေ၏။

အခုလည်း လက်မတင်လေးမှာပင် မွန်မြတ်ဦးနှင့် လွဲသွားရပြန်သည်။





'ဇော်မင်းဦးရော ရှိလား ဒေါ်လေး'

'မင်းသူငယ်ချင်း ရေချိုးနေတယ်'

မိမိမော်နှင့်ထွက်သွားသည်ဆို၍ အသက်ရှုချောင်သွား၏။ ဒါကလည်း သေသေချာချာ အတပ်မပြောနိုင်ပေ။ မွန်မြတ်ဦးနှင့် မိမိမော်တို့ နီနီခိုင်ဝေဆီကိုရောက်ရင် ရောက်သွားကြလိမ့်ဦးမည် ထင်၏။

'မိမိမော် ပြန်ရောက်နေတယ် မင်းနိုင်အောင်၊ မင်းကို သတင်းတစ်ခုပြောစရာရှိတယ်'

'ငါကလည်း မင်းနဲ့ စကားပြောချင်လို့ ထွက်လာတာ၊ တစ်နေရာသွားရအောင်'

နီနီခိုင်ဝေ၏အလုပ်မှ သူထွက်လာဖြစ်ခြင်းကို မွန်မြတ်ဦးလည်း သိဦးမှာမဟုတ်သလို၊ ဇော်မင်းဦးလည်း သိနိုင်မည်မထင်။

လူကြီးတွေရှေ့မှာတော့ ဒီအကြောင်းတွေကို သူ မပြောချင်ပေ။

'နီနီခိုင်ဝေကိုတော့ ကံတရားက မျက်နှာသာ မပေးတော့ဘူး။ သူ့အတွက်တော့ အကုသိုလ်ဂြိုဟ်ဆိုးက အဖော်အပေါင်းနဲ့ ဝင်လာသလိုမျိုး ဖြစ်နေပြီ မင်းနိုင်အောင်'

ဇော်မင်းဦးစကားကြောင့် သူ ခေါင်းကြီးသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဘာလဲ… နီနီခိုင်ဝေနဲ့ မွန်မြတ်ဦးတို့ တွေ့ဖြစ်ကြပြီလား'

ပြဿနာတစ်စုံတစ်ခု အကြီးအကျယ်ဖြစ်ပြီဟု နားလည်လိုက်ပြီး မေးလိုက်မိသည်။

'ငါသိသလောက်တော့ ညီမလေးပြန်ရောက်လာပြီး သူတို့ချင်း မတွေ့ဖြစ်ကြသေးဘူးထင်တယ်။ နီနီခိုင်ဝေအတွက် အကုသိုလ်ဝင်တယ်ဆိုတာက ကိုပြေဇော်နဲ့ ပတ်သက်တဲ့အကြောင်းပဲ'

'ကိုပြေဇော်နဲ့ ပတ်သက်တာ ဟုတ်လား ဇော်မင်းဦး'

'ဟုတ်တယ်၊ ငါလည်း အကုန်လုံးတော့ မသိဘူး။ ညီမလေးနဲ့ မိမိမော်တို့ ပြောနေဆိုနေကြလို့သာ ကြားလိုက်ရတာ။ ကိုပြေဇော်က ဟိုမှာ အရှေ့တိုင်းသူ ဖက်ရှင်မယ်တစ်ယောက်နဲ့ တော်တော်လေး ငြိစွန်းနေတာလို့ပြောတယ်။ဒီအတိုင်းသာဆိုရင်တော့ နီနီခိုင်ဝေတစ်ယောက် ရင်ကွဲပက်လက်ဖြစ်မယ့်ကိန်းပဲ'

မထင်မှတ်ထားသော အမင်္ဂလာစကားမို့ နီနီခိုင်ဝေအတွက် စိတ်မကောင်းဖြစ်မိ၏။





'ဒါဆိုရင်တော့ အခုလိုအချိန်မျိုးမှာ ပြဿနာတွေကပိုပြီး ရှုပ်ထွေးသွားနိုင်တယ်၊ဒီအကြောင်းကို သူသိရင် သိသွားနိုင်တယ်။ ငါကလည်း မနေ့ကမှ သူနဲ့စကားအချေအတင်ပြောပြီး အဲသည်ကနေ ထွက်လိုက်တယ်။ တကယ်တော့ ငါက ခွင့်တစ်လယူဖို့ ပြောတာပါ။ ဒီလိုဖြစ်မယ်မှန်း ကြိုသိရင် ငါအလုပ်ကနေ မထွက်ဖြစ်ပါဘူး'

'ညီမလေးကတော့ အကြောင်းစုံသိသွားပြီ။ မေမေတို့ကိုလည်း တကယ်တရားဝင်ပြောပြီ။ အရမ်းလည်း ဒေါသဖြစ်နေတယ်။ မိမိမော်ပါပြန်ရောက်လာတော့ နီနီခိုင်ဝေ မလွယ်ဘူး မင်းနိုင်အောင်'

'မဖြစ်ဘူး ဇော်မင်းဦး၊ ငါ သူတို့နှစ်ယောက်ကိုလိုက်ရှာမှဖြစ်မယ်၊ နီနီခိုင်ဝေနဲ့ သူတို့အရင်တွေ့ဖြစ်ရင် ပြဿနာတစ်ခုမဟုတ် တစ်ခုဖြစ်မှာသေချာတယ်'

'အရမ်းကြီးလည်း စိုးရိမ်မနေပါနဲ့။ မင်းကိုသာ နီနီခိုင်ဝေက လုပ်ချင်တိုင်းလုပ်၊ ပြောချင်တိုင်းပြောလို့ရမှာ၊ ညီမလေးကိုတော့ သူဘာမှမလုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်၊ မပြောနိုင်ပါဘူး'

လူတကာတွေထက် နီနီခိုင်ဝေ၏စိတ်ကို သူ အသိဆုံးဖြစ်သည်။

မွန်မြတ်ဦးအနေဖြင့် စကားတွေမကျွံမိဖို့ အရေးကြီး၏။ မပါးနပ်ဘဲ ပေါက်ကွဲပြရင်တော့ ပြဿနာတွေ၏အကျိုးဆက်က ပိုပြီးရှုပ်ထွေးသွားနိုင်သည်။

※ ※ ※



၄။

ပထမဆုံး နီနီခိုင်ဝေ၏ရုံးခန်းသို့ သူ လှမ်းဆက်ကြည့်လိုက်၏။ သူ အလုပ်မဆင်းတော့တာကို ဟိုကလူတွေ သိလောက်ကြပြီထင်၏။

'ငါပါ မာလာ၊ နီနီခိုင်ဝေရှိနေလား'

'မရှိဘူး ကိုမင်းနိုင်အောင်၊ စောစောတုန်းက သူ့ဆီဖုန်းဆက်လို့ စကားပြောပြီး အပြင်ထွက်သွားတယ်'

'မွန်မြတ်ဦးရော အဲဒီကို ရောက်လာသေးလား မာလာ'

'မရောက်ဘူး ကိုမင်းနိုင်အောင်'

သူ့စိတ်ထဲမှာ နည်းနည်းပေါ့သွားသလိုတော့ ရှိ၏။

သူ ထပ်ကြိုးစားပြီး ဆက်ကြည့်ရမှာက မွန်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဦးကိုင်သော ဟန်းဖုန်းပဲဖြစ်၏။

'ဟန်းဖုန်းတစ်ကော ထပ်ခေါ်မယ်နော်'

ဖုန်းပိုင်ရှင်ကို အသိပေးပြီးမှ မွန်မြတ်ဦးဆီလှမ်းခေါ်လိုက်၏။ ပထမအကြိမ်လည်းခေါ်မရ၊ ဒုတိယ၊ တတိယအကြိမ်များလည်း ထိုနည်းနှယ်ပင်။ မွန်မြတ်ဦး၏ဟန်းဖုန်းက စက်ပိတ်ထားပါသည်ပဲ ဖြေကြားနေ၏။

မွန်မြတ်ဦးသွားလေ့သွားရှိသည့် နေရာတွေက အနည်းအကျဉ်းပင် ရှိ၏။ သူသိထားသလောက်တော့ လိုက်ရှာကြည့်မိသည်။ မွန်မြတ်ဦး၏အရိပ်အယောင်ကို မတွေ့ရပေ။

မိမိမော်က အဖော်အဖြစ်ပါနေမှတော့ သူ ရှာဖွေဖို့ တော်တော်ခက်ခဲသွား၏။

နောက်ဆုံးမှာတော့ သူ့အခန်းပြန်ပြီးနားနေလိုက်၏။ မွန်မြတ်ဦးတို့နှစ်ယောက်ကို ရှာဖွေရသောကြောင့်ပင် အနည်းငယ် ပင်ပန်းသွားရ၏။

အိပ်ရာပေါ်လှဲလိုက်သည်နှင့် တခဏအတွင်းမှာပင် အိပ်ပျော်သွားခဲ့ပြန်သည်။

⁂ ⁂ ⁂

သူ ဘယ်လောက်ကြာကြာ အိပ်မောကျသွားသည်မသိပေ။





လူခေါ်ဘဲ(လ်)ကြောင့် သူ လန့်နိုးသွားရ၏။

အချိန်ကိုကြည့်လိုက်တော့ ညနေစောင်းလုဖြစ်နေသည်။

'တစ်နေ့လုံး ဘယ်တွေလျှောက်သွားနေတာလဲ ကိုကို၊ အိမ်ကိုလာသွားသေးတယ်ဆို'

တွေ့တွေ့ချင်းမှာ မွန်မြတ်ဦးကစကားနာထိုး၏။

'အမယ်လေး၊ ဖြစ်နေလိုက်ကြတာနော်၊ ခွဲနေရတာ တစ်ပတ် ဆယ်ရက်ပဲရှိပါသေးတယ်'

'လျှောက်သွားတာကတော့ ဟုတ်တယ်။ ဟန်းဖုန်းကိုလှမ်းဆက်မရတာနဲ့ မွန်မြတ်ဦး သွားတတ်လာတတ်တဲ့နေရာတွေကိုလျှောက်ရှာတာလေ'

'သူ့ဖုန်းက ဘက်ထရီဒေါင်းနေတာ ကိုမင်းနိုင်အောင်၊ ဒါကြောင့် ဆက်မရတာ၊ ကိုမင်းနိုင်အောင်ဆီ နှစ်ခေါက်ရောက်တယ်။ နှစ်ခေါက်စလုံး လူမရှိတာနဲ့ပဲ၊ မိမိမော်တို့နှစ်ယောက်ကို ကာရာအိုကေမှာ သီချင်းဝင်ဆိုဖြစ်တာလေ'

ကာရာအိုကေဆိုဖြစ်တာကို သူထည့်မစဉ်းစားဖြစ်ခဲ့ပေ။ မိမိမော်ကတော့ ရန်ကုန်ပြန်ရောက်လာပြီး အစွမ်းကုန် ကဲဖို့ပြင်ဆင်ထားပုံရ၏။

'ကဲ… ကိုကို၊ ရေမိုးချိုး၊ အဝတ်အစားလဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ညီမလေးတို့ထိုင်စောင့်နေမယ်။ မိမိမော်က ညစာကျွေးမှာတဲ့ ကိုကို'

နီနီခိုင်ဝေနှင့်တွေ့ပြီးပြီလားဆိုတာကို မေးလိုက်ချင်သည်။

စားရင်းသောက်ရင်းကျမှပဲ အေးအေးဆေးဆေး မေးတော့မည်ဟု စိတ်ကူးလိုက်၏။

မွန်မြတ်ဦးကို အကဲခတ်ကြည့်တော့ နီနီခိုင်ဝေနှင့်ပတ်သက်ပြီး ဘာမှမဖြစ်သည့်ဟန်အမူအရာမျိုး တွေ့လိုက်ရသည်။

⁂ ⁂ ⁂

'ဘာဖြစ်လို့ ခြေထောက်အညောင်းခံပြီးလျှောက်ရှာရတာလဲ ကိုကို။ အခန်းမှာပဲ ပြန်စောင့်နေရင် လွဲဖြစ်ကြမှာ မဟုတ်ဘူး၊ ညီမလေးတို့နှစ်ယောက် ရောက်လာဖြစ်မှာကို သိရဲ့သားနဲ့'

'ကိုကို··· မွန်မြတ်ဦးတို့အိမ်ကိုရောက်တယ်၊ ဇော်မင်းဦးနဲ့ စကားခဏပြောပြီးတာနဲ့ ညီမလေးတို့ကို တွေ့အောင် လိုက်ရှာတာလေ'

'ဒါနဲ့ ကိုမင်းနိုင်အောင်က မမနီနီခိုင်ဝေဆီကနေ ထွက်လိုက်ပြီဆို'





မိမိမော် ရုတ်တရက် မေးလိုက်သော စကားကြောင့် သူ လန့်သွားမိသည်။ ဇော်မင်းဦးပြောပြလို့သိတာလား။ နီနီခိုင်ဝေနှင့်တွေ့ပြီးလို့ သိတာလားဟု ဇဝေဇဝါဖြစ်မိသည်။

'ညီမလေးကို အပူတပြင်း လိုက်ရှာဖြစ်တယ်ဆိုတာက ကိုကိုနဲ့မတွေ့ခင် နီနီခိုင်ဝေနဲ့ညီမလေးတွေ့ဖြစ်မှာစိုးလို့ပဲ၊ သူနဲ့တွေ့ပြီးပြီလား ညီမလေး'

'တွေ့ပြီးပြီ ကိုကို၊ သူ့ဆီဖုန်းလှမ်းဆက်လိုက်တာ။ အခန်းမှာ လူတွေရှေ့မှာ စကားမပြောချင်တာနဲ့ အပြင်မှာပဲ တွေ့ဖြစ်ကြတာ'

သူ မျှော်လင့်ထားမှုတွေ၊ အလေးထားမှုတွေကတော့ ပြိုပျက်သွားလေပြီ။

မွန်မြတ်ဦးမျက်နှာမှာ ဒေါသရိပ်တို့ရှိမနေ။ တစ်စုံတစ်ခုအတွက် ကျေနပ်သော အပြုံးရိပ်များသာရှိနေ၏။

'ဒါဆို ညီမလေးတို့ စကားများဖြစ်ကြမှာပေါ့'

နှစ်ယောက် ထိပ်တိုက်ဆုံဖြစ်မှတော့ ဘယ်သူက အလျှော့ပေးမည့်ပုံ မပေါ်ပေ။

'အင်း··· မိမိမော်သာ အနားမှာရှိမနေရင် မိမိမော်သာ ရန်ကုန်ပြန်ရောက်မလာရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးပွဲကောင်းဖြစ်မှာ။ စကားများဖြစ်ကြတာတော့ မဟုတ်ဘူး။ စကားတွေ အများကြီးတော့ ပြောဖြစ်ကြတယ်'

'အိမ်ကလူကြီးတွေပြောပြတော့ မွန်မြတ်ဦး တော်တော်ဒေါသဖြစ်တယ်။ ဘေးကနေပြီး စဉ်းစားကြည့်တယ်။ ဒေါသနဲ့သွားတွေ့တာထက် ခေါင်းအေးအေး စိတ်အေးအေးထားပြီး မမနီနီ နိုင်ဝေကို ရင်ဆိုင်လိုက်တာက ပိုအကျိုးရှိမယ်လို့ ထင်တယ်လေ။ မွန်မြတ်ဦးကို သေသေချာချာ နားဝင်အောင်ရှင်းပြပြီးတော့မှ ခေါ်သွားပြီး တွေ့လိုက်တာပဲ ကိုမင်းနိုင်အောင်'

မိမိမော် အချိန်မီ မြန်မာပြည်သို့ ရောက်လာခြင်း ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေ၏။

'မွန်မြတ်ဦးကို တွေ့ချင်လို့ လိုက်ရှာနေတယ်ဆိုတာကလည်း ဒီကိစ္စအတွက်ပဲ။ သူ့ဘက်က ဆွပေးတိုင်း မွန်မြတ်ဦးက စကားတွေကျွံပြီး ရန်များမှာ အဿာတတွေဖြစ်ကြမှာကို စိုးရိမ်မိတာပါပဲ'

'စကားတွေက ကျွံရုံတင်မဟုတ်ဘူး။ အဆုံးထိအောင်ကို ပြောဖြစ်ခဲ့တာ။ ဒါပေမဲ့ ဒေါသတော့





မပါပါဘူး'

သူနှင့်ပတ်သက်ပြီး ဆတ်ဆတ်ထိမခံတတ်သော မွန်မြတ်ဦးက အံ့သြဖွယ်ကောင်းလောက်အောင် တည်ငြိမ်ပြလိုက်တာလား မပြောတတ်ပေ။

'ကိုမင်းနိုင်အောင် သိချင်သိနေမှာပေါ့။ နင်ပြောပြလိုက်ဦးလေ မွန်မြတ်ဦး'

'ဂျာနယ်မှာပါတဲ့ကိစ္စ မေမေတို့က ဘာမှမဖြစ်သလို နေပြလိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်ဘူး၊ ပြီးတော့ သူပြောသမျှတစ်လျှောက်လုံး ခေါင်းညိတ်ခဲ့တာတွေကိုလည်း သူ့ အကြိတ်အခဲဖြစ်တယ်။ သူတစ်ယောက်တည်း ပေါက်ကွဲပြနေတာ ။ ညီမလေးကတော့ ဘာမှမဖြစ်သလိုနေပြလိုက်ပါတယ်။ သူက ညီမလေးကို စိန်ခေါ်တယ်။ တကယ်သတ္တိရှိတယ်ဆိုရင် ကိုကိုနဲ့ကို လူသိရှင်ကြား လက်ထပ်ပြလိုက်ပါလားတဲ့။ စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပေမယ့် အေးအေးဆေးဆေးပဲ ပြောလိုက်ပါတယ်။ကိုကိုနဲ့ညီမလေးတို့ လက်ထပ်မှာပါ။ အဲဒီမင်္ဂလာပွဲကိုတော့ ဒေါသတွေနဲ့ မတက်မိပါစေနဲ့လို့ ပြောဖြစ်ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုတို့ လက်ထပ်မယ် ဟုတ်လား'

'ဟုတ်တယ်ကိုကို၊ ဒီရက်ပိုင်းအတွင်းမှာ ကိုကို့ မေမေကိုသွားခေါ်ပြီး နှစ်ဖက်မိဘတွေတိုင်ပင်ပြီးတာနဲ့ မင်္ဂလာရက်သတ်မှတ်ဖို့ မေမေတို့ကို ပြောပြလိုက်ပြီ'

'ညီမလေး အနိုင်ယူပြီးပြောခဲ့တာ မဟုတ်လား၊ လက်ထပ်ဖို့ဆိုတာက…'

မထင်ထားသော စကားကို ကြားရ၏။

သူ ဆက်စပ်ရှင်းပြမည့်စကားကို လက်မခံဘဲ မွန်မြတ်ဦးက ကြားဖြတ်ပြီး…။

'ဘာလဲ ကိုကို၊ အောင်မြင်စပြုနေတဲ့အချိန်မှာ လက်ထပ်လိုက်လို့ ညီမလေး နာမည်ကျသွားမှာပဲလို့ သူစိန်ခေါ်ခဲ့သလို ကိုကိုက မြင်နေတာလား။ ညီမလေးရဲ့ပရိသတ်က ညီမလေးရဲ့အနုပညာကိုသာ ချစ်မြတ်နိုးကြတာပါ'

'ဟုတ်တယ် ကိုမင်းနိုင်အောင်၊ မိမိမော်အကြံပေးတုန်းက ဒီကိစ္စမပါပါဘူး။ စကားမများဖို့၊ ပြဿနာမဖြစ်ဖို့၊ အေးအေးဆေးဆေး ရင်ဆိုင်ဖို့ပဲပြောဖြစ်ခဲ့တာ။ မမနိုနိုခိုင်ဝေက အဲဒီစကားမျိုး ပြောလိုက်တော့ မိမိမော်လည်း ဒေါသဖြစ်သွား





တယ်။ ဒါပေမဲ့ မွန်မြတ်ဦး တုံ့ပြန်လိုက်တာ အရမ်းကောင်းသွားတယ်။ ပြီးတော့ အချိန်ကလည်း အချိန်ကောင်းပဲ၊ ကိုပြေဇော်က ဂျပန်ကဖက်ရှင်မယ်တစ်ယောက်နဲ့ ဒီလထဲမှာ လက်ထပ်ဖြစ်တော့မှာ။ သူ စိတ်ကူးယဉ်ထားတဲ့ မင်္ဂလာပွဲက ပျက်နေပြီ'

ဒီစကားတွေကို လိုချင်သောကြောင့် နိုနိုခိုင်ဝေတစ်ယောက် အကွက်ဆင်ပြီး ပြောလိုက်တာပဲဆိုတာကို သဘောပေါက်လိုက်၏။

သူ့အတွက်ကတော့ မွန်မြတ်ဦးဖြစ်စေချင်သည့်ဆန္ဒများက အချိန်စောလွန်းသေးသည်ဟု မြင်မိသည်။

'ခက်တယ် ညီမလေး'

'ဘာခက်တာလဲ ကိုကို၊ ညီမလေးကို လက်မထပ်ချင်လို့ ခက်တယ် ပြောတာလား။ ညီမလေးရဲ့ဆန္ဒတွေကို ယဉ်ယဉ်လေးနဲ့ ငြင်းချင်တဲ့သဘောလား'

'မဟုတ်ပါဘူး'

'ဒါဆိုရင် ညီမလေးပြောတဲ့အတိုင်း ကိုကို့မေမေကို ပြန်ခေါ်ပေတော့။ ညီမလေးကတော့ မင်္ဂလာပွဲကို မဖြစ်ဖြစ်အောင်ကို အားချင်းစီစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နော်…’

‘ဟုတ်တယ် ကိုမင်းနိုင်အောင်၊ ရှေ့ရေးတွေကို စဉ်းစားပြီး ဘာမှတွေဝေမနေနဲ့။ ကိုမင်းနိုင်အောင်ကို အမြဲတမ်း နှိမ့်ချဆက်ဆံတတ်တဲ့ မိန်းမတစ်ယောက်ရဲ့ စကားတွေကို ပြောင်းပြန်လှန်ပစ်ရမယ်။ ကိုမင်းနိုင်အောင်မှာရော၊ မွန်မြတ်ဦးမှာပါ အနုပညာအရည်အချင်းတွေ ကိုယ်စီရှိနေကြတာပဲ။ နှစ်ယောက်လက်တွဲပြီး ရဲရဲဝံ့ဝံ့လျှောက်ပြလိုက်စမ်းပါ။ ကိုမင်းနိုင်အောင်တို့နှစ်ယောက်နေဖို့အတွက် ခြံနဲ့တိုက်ကို မိမိမော် လက်ဖွဲ့မယ်’

သူ့ကို ဒုက္ခတွေ့စေတော့ဆိုပြီး နီနီခိုင်ဝေပြောလိုက်သော စကားတွေက အရာမရောက်ခဲ့။ သူ့အတွက် မထင်မှတ်ထားသော စကားတွေပင် ဖြစ်လာနေသေးတော့၏။ သူ့အတွက် ကံကောင်းခြင်းတွေရခဲ့ပေမယ့် နီနီခိုင်ဝေအတွက်ကတော့ ကံဆိုးခြင်းတွေသာ ရရှိခဲ့သည်ပဲ။

⁂ ⁂ ⁂



# ၅။

မွန်မြတ်ဦးကတော့ မင်္ဂလာကိစ္စကို အားချင်းဖြစ်အောင် တကယ်စီစဉ်တော့၏။ မေမေနှင့် ညီမလေးများကို သွားခေါ်ဖြစ်တော့လည်း မွန်မြတ်ဦးရော မိမိမော်ပါ ကားမောင်းပြီးလိုက်ခဲ့ဖြစ်၏။

မေမေကတော့ သူနှင့်မွန်မြတ်ဦးတို့ မင်္ဂလာသတင်းကြောင့် ဝမ်းသာလို့မဆုံး။ မွန်မြတ်ဦးတို့အိမ်မှာပင် မေမေတို့ တည်းခို၏။ မင်္ဂလာရက်သတ်မှတ်ပြီးသော်လည်း မင်္ဂလာဆောင်ပြီးမှ ပြန်ဖို့ မေမေတို့ကို မွန်မြတ်ဦးက ဆွဲထား၏။

‘ဒယ်ဒီ မာမီတို့က နင့်ကို ဓာတ်ပုံထဲမှာပဲ မြင်ဖူးတွေ့ဖူးကြတာ။ ဂျပန်ကိုလိုက်လည်ဖို့ ခေါ်ခိုင်းပေမယ့် အရင်ကတည်းကလည်း နင်မလိုက်ဖြစ်ဘူး။ နင်တို့ အလုပ်တွေနဲ့ ရှုပ်နေတော့ ဈေး



www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့ ရောက်ဖြစ်မှာမဟုတ်ဘူး။ ဒီခြံနဲ့တိုက်ကို တော့ ဒယ်ဒီတို့ရယ်၊ ဘွားဘွားရယ်၊ ပြီးတော့ ငါ့မှာရှိတဲ့ ပိုက်ဆံရယ်ပေါင်းပြီး ဝယ်လိုက်တာ။ ငါ့သူငယ်ချင်းအတွက် တစ်သက်တာ အမှတ်တရ လက်ဖွဲ့တာပေါ့ဟာ'

ခြံနှင့်တိုက်နှင့်ဆိုင်သော စာရွက်စာတမ်းများကို သူတို့နှစ်ယောက် လက်ထဲသို့ ထည့်ပေး၏။

မိမိမော်တို့အတွက် အရေးမကြီးလှသော်လည်း သူ့အတွက်ကတော့ ကာလတန်ဖိုးအရ အနားကပ်နိုင်မှာ မဟုတ်ပေ။

'တွေ့လား ကိုကို၊ ညီမလေးတို့နှစ်ယောက် အတွက်ကတော့ အားလုံး ရေကန်အသင့်ကြာ အသင့်ပဲ။ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေလို တော့ ညီမလေးတို့ဘာသာ ဝယ်ကြတာပေါ့'

'ပရိဘောဂပစ္စည်းတွေအတွက်တော့ ကိုကိုစုထားတဲ့ ပိုက်ဆံနဲ့ ဝယ်ဖြည့်လိုက်ပါ့မယ် မွန်မြတ်ဦး'

သူတို့နှစ်ယောက်အတွက်ကတော့ မျှော်လင့်ချက်များ ပြီးပြည့်စုံပြီး အားလုံးမင်္ဂလာရှိနေပြန်၏။

'နင်တို့နှစ်ယောက် ဒီအိမ်မှာ အမြိုက်ရှင်းရှင်း





လင်းရင်း ခဏနေရစ်ကြဦး၊ ငါ ကားနဲ့အပြင် ခဏသွားလိုက်ဦးမယ်'

'ဘာသွားလုပ်မှာလဲ မိမိမော်'

'ဒီနေ့ မနက်စာကို ငါတို့သုံးယောက် ဒီအိမ်မှာ စားလိုက်ကြရအောင်၊ အဲဒီအတွက် စားစရာ သောက်စရာတွေ ငါထွက်ဝယ်မှာ'

သူတို့နှစ်ယောက်၏ ခွင့်ပြုစကားကိုတောင် နား မထောင်နိုင်တော့ဘဲ မိမိမော် ထွက်သွား၏။

မွန်ရာပြောကြေးဆိုရင်တော့ သူနှင့်မွန်မြတ်ဦးတို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ကြာတာမျိုး မရှိခဲ့ပေ။

တစ်အိမ်လုံးမှာ နှစ်ယောက်တည်းကျန်ရစ်ခဲ့တာ ပဲဆိုသော အသိကြောင့်ပင် သူ ရင်ခုန်လာရသည်။

⁂ ⁂ ⁂

'မိမိမော်ကလည်း ကြာလိုက်တာနော်။ ဒီမှာ ရှင်းလို့လင်းလို့ ပြီးတာတောင် ပြန်မရောက်လာ နိုင်ဘူး'

တကယ်တမ်းမှာတော့ အိမ်ကအားလုံး ရှင်း ထားပြီးသား။ အမြိုက်သရိုက် အနည်းငယ်ကိုသာ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



မွန်မြတ်ဦးတို့ လှည်းကျင်းခဲ့ရခြင်းဖြစ်၏။

'မွန်မြတ်ဦး'

'ဘာလဲကိုကို'

'တခြား မဟုတ်ဘူး။ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်ဆိုပေမယ့် ညီမလေးရဲ့ပါးပြင်ကို တစ်ခါမှ မနမ်းရသေးဘူးနော်'

သရုပ်ဆောင်တစ်ယောက်အနေဖြင့် ဒီလိုအတွေ့မျိုးက အထူးအဆန်းတော့ မဟုတ်ပေ။ ချစ်သူက တယုတယတွေးပွေ့ပြီး အကြင်နာပေးသောအခါမှာတော့ မွန်မြတ်ဦးမျက်နှာလေး ရှက်သွေးဖျန်းသွားခဲ့၏။

'တော်ကြာ မိမိမော် ပြန်ရောက်လာဦးမယ် ကိုကို'

'ဖက်ထားပါရစေ ညီမလေးရာ၊ ဒီဘဝမှာတော့ ကိုကိုတို့နှစ်ယောက် တကယ်ဝေးဖို့မရှိတော့ပါဘူး'

'ညီမလေးတို့က ပျော်နေပေမယ့် မမနီနီခိုင်ဝေကတော့ ကိုပြေဇော်ရဲ့သတင်းတွေကြောင့် ကြေကွဲပြီး အခံခက်နေမှာ သေချာတယ်'

မွန်မြတ်ဦး ပြောလိုက်မှပင် နီနီခိုင်ဝေ၏မျက်နှာကို မြင်ယောင်မိသည်။ သူနှင့်မတွေ့ဖြစ်ကြသော်လည်း





မွန်မြတ်ဦးနှင့်ကတော့ လုပ်ငန်းသဘောအရ ဆက်ဆံတွေ့နေရ၏။

'ဒီရက်ပိုင်းတွေမှာ သူ ဘယ်လိုနေလဲ။ ကိုကိုတို့ သတင်းကိုကြားသလို၊ သူ့ရဲ့ သတင်းဆိုးကို လည်း သိနေမှာ သေချာတယ်'

'ဒီမိန်းမက အရမ်းဟန်ဆောင်ကောင်းပြီး မာနကြီးလှန်းတယ်။ သူ့အလုပ်တွေကိုတော့ လုံးဝ အထိခိုက်မခံဘူး။ ရင်ထဲမှာ ဘာပဲဖြစ်နေဖြစ်နေ၊ ဟန်မပျက်နေနိုင်တဲ့ သတ္တိကိုတော့ချီးကျူးရမလိုပဲ ကိုကို'

'ကိုကိုစိုးရိမ်တာ တစ်ခုရှိတယ်။ ဘာပဲပြောပြော ကိုကိုနဲ့ မွန်မြတ်ဦးတို့ နှစ်ယောက်စလုံးကို သူ ကျေနပ်မှာ မဟုတ်ဘူး။ ကိုကိုတို့ထင်မထား၊ မတွေးထားတဲ့ ကိစ္စမျိုးတွေနဲ့ စိတ်အနှောင့်အယှက်များပေးမလား မသိဘူး'

'သူ့အကြောင်းကို ညီမလေးတို့နှစ်ယောက်စလုံး သိနေကြတာပဲ မဟုတ်လား။ ညီမလေးတို့တကွဲတပြားဖြစ်အောင် အထိတော့ သူ ဘယ်လိုမှ မစွမ်းဆောင်ပါဘူး ကိုကိုရာ'

မွန်မြတ်ဦးကတော့ ယုံယုံကြည်ကြည်ဖြင့် ပြော



www.burmeseclassic.com

www.burmeseclassic.com



၏။ သူ့စိတ်ထဲမှာတော့ နီနီခိုင်ဝေ တစ်ခုခုနှောင့်ယှက်လာမှာကို တွေးပြီး ပူနေမိ၏။

'တကယ်လို့များ နီနီခိုင်ဝေ ပြောသလို ကိုကို့ကို လက်ထပ်လိုက်ရလို့ ညီမလေးရဲ့ အောင်မြင်မှုတွေ ရပ်တန့်သွားခဲ့ရင်တော့ ကိုကို စိတ်ကောင်းမှာ မဟုတ်ဘူး။ တိုက်ဆိုင်မှုဆိုတာတော့ ဖြစ်လေ့ဖြစ်ထရှိတယ်'

'တကယ်လို့ သူပြောတဲ့စကားအတိုင်း တိုက်ဆိုင်သွားပြီး ဖြစ်ခဲ့တယ်ပဲထားဦး။ ညီမလေးကတော့ စိတ်မကောင်းမဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့ကိုချစ်တဲ့ အချစ်နဲ့ ဘာကိုမဆို ပြုံးပြုံးကြီး စွန့်လွှတ်ရဲတယ် သိလား'

'နားလည်တတ်လွန်းတဲ့ ညီမလေးရယ်'

ရင်ထဲမှာ နွေးထွေးဝမ်းမြောက်သွားရ၏။

မွန်မြတ်ဦးကို ပိုလို့တင်းကျပ်အောင် ဖက်တွယ်ထားလိုက်၏။ ပါးပြင်ပေါ်မှ နံ့သာများကိုလည်း အကြိမ်ထပ်မျှ ထိတွေ့နေလိုက်၏။

✲ ✲ ✲

'အဟမ်း... အဟမ်း'





တမင်လုပ်ယူနေသော ချောင်းဟန့်သံကြောင့်ပင် သူနှင့် မွန်မြတ်ဦးတို့ လူချင်းခွဲလိုက်ရ၏။

မိမိမော်ကတော့ စပ်ဖြဲဖြဲလုပ်ပြနေ၏။ မွန်မြတ်ဦးက သူ့ပခုံးစွန်းကို လက်သီးဆုပ်ပြီး ရှက်ရှက်ဖြင့် ခပ်ဖွဖွလေး ထုလိုက်၏။

'အနှောင့်အယှက်ပေးတယ်လို့ နင်တို့နှစ်ယောက်စလုံး မထင်သွားနဲ့ဦး။ ငါ အသံမပေးဘဲ ဒီအတိုင်းကြီး ရပ်နေတာ ဆယ်မိနစ်လောက်ရှိသွားပြီ။ ဒီပစ္စည်းတွေ ကိုင်ထားရတာ လက်အံသေသွားလွန်းလို့၊ အသံပြုလိုက်ရတာပါ'

'နင်ကလည်းကြာလိုက်တာ'

'အပိုလုပ်မနေနဲ့ မိန်းမ။ ငါကြာတာ နင်တို့ကောင်းစားရေးအတွက်ပဲ မဟုတ်လား'

'မိမိမော်ကလည်း...'

သူကတော့ ဘာမှဝင်မပြောဘဲ ရယ်ကျဲကျဲလုပ်နေတာ။

မိမိမော်ဝယ်လာသည့် ပစ္စည်းတွေထဲမှာ သတင်းစာတစ်စောင်နှင့် ဂျာနယ်နှစ်စောင်ပါလာ၏။

'ဒီသတင်းစာ၊ ဂျာနယ်တွေက ဘာလုပ်ဖို့လဲ မိမိမော်'



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်မျက်နှာဖုံးမှာတော့ ကောက်စာအဖြစ် စာလုံးပြူးပြူးဖြင့် သူနှင့် မွန်မြတ်ဦးတို့၏ လက်မှတ်ထိုးသော သတင်းကိုရေးထားလေ၏။

'ပထမတော့ စားတဲ့သောက်တဲ့နေရာမှာအလွယ်တကူ ခင်းလို့ရအောင် ဝယ်တာ။ ဂျာနယ်တွေမှာလည်း ကိုမင်းနိုင်အောင်တို့ လက်မှတ်ထိုးတဲ့ သတင်းတွေချည်းပဲ။ ဒီသတင်းစာကတော့ ဖတ်ကြည့်ပြီးမှ တမင်ဝယ်လာခဲ့တာ'

'ဟုတ်သားပဲ၊ ညီမလေးတို့ ရုံးတက်လက်မှတ်ထိုးတာကို မင်္ဂလာဦးအကြိုအနေနဲ့ မိမိမော်က သတင်းစာထဲမှာ ဆုတောင်းထည့်ထားတယ်။ နင်နဲ့မင်္ဂလာအကြိုဆုတောင်းပါလို့ ဝယ်လာခဲ့တာ မဟုတ်လား'

မွန်မြတ်ဦး စကားကြောင့်ပင် သတင်းစာကို ကောက်ကိုင်ပြီး ဖတ်ကြည့်လိုက်၏။ သူတို့အတွက် ထည့်ထားပေးသော မင်္ဂလာအကြိုဆုတောင်းကို ဖတ်နေစဉ်မှာပင် မိမိမော်က ပြောလိုက်၏။

'တိုက်ဆိုင်တယ်လို့ ပြောရမလား မသိဘူး။ ဂျပန်မှာ မင်္ဂလာဆောင်ဖြစ်တဲ့ ကိုပြေဇော်တို့ ဇနီးမောင်နှံအတွက် ဆွေမျိုးတွေထည့်တဲ့ မင်္ဂလာဆုတောင်းသတင်းလည်း တစ်နေ့တည်းပါလာတယ်။ အဲဒီ မင်္ဂလာဆုတောင်းနှစ်ခုစလုံးကို မမနီနီခိုင်ဝေဖတ်ပြီး မချိတင်ကဲဖြစ်နေမှာ သေချာတယ်'

'အခုချိန်လောက်ဆိုရင် ငါတို့ထက်စောပြီး သူဖတ်ပြီး နေလောက်ရောပေါ့ မိမိမော်'

မိမိမော်နှင့် မွန်မြတ်ဦးတို့ ပြောနေကြသော စကားသံများကို အတိုင်းသားကြားနေရသည်။

ကိုပြေဇော်တို့အတွက်တော့ တိတ်ဆိတ်စွာပင် စိတ်မကောင်းဖြစ်ရသည်လေ။

※ ※ ※







www.burmeseclassic.com

www.burmeseclassic.com

၆။

တရားရုံးမှာ လက်မှတ်ထိုးပြီးသွားတော့ တစ်ကိစ္စအေးသွားပြီဟု စိတ်တစ်ဝက်သက်သာရာရ၏။

သူတို့နှစ်ယောက်နေဖို့ ပူစရာမလိုတော့ပေ။ မင်းလာအခမ်းအနား မလုပ်ခင်မှာပင် မိမိမော် ဝယ်ပေးထားသော တိုက်ခန်းပရိဘောဂပစ္စည်းတွေ အသင့်ရှိနေရမည်။

လိုချင်သောပစ္စည်းများနှင့် ဈေးကို သူအရင်ကြည့်ထားလိုက်၏။ သူရော မွန်မြတ်ဦးပါ အားသောတစ်ရက်ကျမှ သွားဝယ်ဖို့စီစဉ်ထားလိုက်သည်။

သူ့အလုပ်အကိုင် အတည်တကျမဖြစ်ခင်တုန်းကတော့ မွန်မြတ်ဦးတို့အိမ်မှာပဲ ဖြစ်နေ၏။ နီနီခိုင်ဆေကျေးဇူးကြောင့် သူနေနိုင်စားနိုင်သောအခါ အခန်းငှားနေဖြစ်သည်။

'စာတစ်စောင်ညှပ်ထားပါလား'





ပရိဘောဂပစ္စည်းများဝယ်ဖို့ စုံစမ်းပြီး ပြန်အလာမှာပင်။ သူ့အခန်းတံခါးသော့မှာ စာတစ်စောင်ချိတ်ထားသည်ကို တွေ့လိုက်ရ၏။

မွန်မြတ်ဦး လာသွားတာတော့ မဖြစ်နိုင်ပေ။ သော့မဖွင့်သေးဘဲ စာရွက်ခေါက်ကို ဖြန့်ဖတ်လိုက်၏။

**မင်းနိုင်အောင်...**

*ငါ့လက်ရေးကိုတွေ့လို့ နင် အံ့သြသွားလား။*

*နင်မရှိတုန်းမှာ နင့်အခန်းကို ငါရောက်လာပြီး ရေးထားပေးခဲ့တာ။*

*နင်နဲ့တွေ့ချင်တယ် မင်းနိုင်အောင်၊ နင်နဲ့စကားပြောချင်တယ်။*

*ငါတို့တွေက သံယောဇဉ်ရှိခဲ့တာ အခုမှမဟုတ်ဘဲ၊ နင် ငါ့ကို လာတွေ့နိုင်မယ်မဟုတ်လား။ လာတွေ့မယ်လို့ စိတ်ကူးရတာနဲ့ ငါ့ဟန်းဖုန်းကို လှမ်းဆက်လိုက် မင်းနိုင်အောင်။*

*အခုချိန်အခါမျိုးမှာ ငါ့မှာ ရင်ဖွင့်စရာဆိုလို့ ငါပြောတာတွေကို နားထောင်ပေးမယ့်လူဆိုလို့ နင်တစ်ယောက်ပဲရှိတာလေ။*

**နင်သံယောဇဉ်ရှိတဲ့**

**နီနီခိုင်ဝေ...။**



www.burmeseclassic.com

www.burmeseclassic.com



နီနီခိုင်ဝေ ရေးပေးထားခဲ့သောစာကို ဖတ်ပြီး တွေဝေသွားရ၏။ သော့ဖွင့်ပြီးသော်လည်း အခန်းထဲမဝင်ဖြစ်သေးပေ။

ဘာလုပ်ရရင် ကောင်းမလဲဟု စဉ်းစားလို့မရအောင်ဖြစ်ရ၏။

⁂ ⁂ ⁂

လမ်းလျှောက်ရင်းက စဉ်းစား၏။ အိပ်ရာထက် ပေါ်လဲလျောင်းရင်းက စဉ်းစား၏။ ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်းက စဉ်းစား၏။

သွားတွေ့ချင်စိတ်ပေါ်လိုက်၊ မဝံ့မရဲစိတ်ဖြစ်လိုက်နှင့် ဆောက်တည်ရာမရချင်တော့ပေ။

အင်္ကျီအဝတ်အစားလဲပြီး တံခါးသော့ခတ်ကာ အောက်သို့ ဆင်းမိပြန်၏။ သူ့အကြည့်များက တစ်စုံတစ်ခုကို ရှာဖွေနေမှန်း ကိုယ်တိုင်သိနေ၏။

တယ်လီဖုန်းနား ရောက်သွားတော့…

'ဖုန်းဆက်မလို့လား ငါ့တူ'

အရေးအကြောင်းရှိရင် သူ့အခန်းသို့ လှမ်းခေါ်နိုင်သောဖုန်း။ ဖုန်းပိုင်ရှင်ဦးလေးကြီးက သူ့ကို သိနေ၏။

'ဟုတ်တယ် ဦးလေး၊ ဘယ်သူ့ဆီဆက်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ'





သူ့စကားကြောင့်ပင် ပိုင်ရှင်ဦးလေးကြီး ကြောင်အမ်းအမ်းဖြစ်သွား၏။

သူပြောလိုက်တာက သူ့အစီပွာယ်နှင့်သူ။

မွန်မြတ်ဦးဆီ အရင်ဆက်ရင် ကောင်းမလား၊ နီနီခိုင်ဝေဆီပဲ အရင်ဆက်ရင် ကောင်းမလားဟု ဝေခွဲမရဖြစ်နေခြင်းပင်။

'ကျွန်တော်ဆက်တော့မယ် ဦးလေး'

'အေး… အေး… ဆက်ပေါ့ကွယ်'

တခဏအတွင်းမှာပင် သူ့စိတ်တွေ ရှုံးသွပ်သွားပြီလား မပြောတတ်ပေ။ မွန်မြတ်ဦးဆီဆက်မည်ဟု စိတ်ကူးပြီးမှ လက်ကရောက်ဖြစ်တော့ နီနီခိုင်ဝေ၏ ဟန်းဖုန်းနံပါတ်ဖြစ်နေပြန်၏။

စကားပြောခွက်ကို မကိုင်ဘဲ စပီကာခလုတ်ကို သူနှိပ်ပြီး ခေါ်လိုက်ခြင်းဖြစ်၏။

'ဟဲလို… အမိန့်ရှိပါရှင်'

နီနီခိုင်ဝေ၏ အသံဆိုတာကို သူ သိနေ၏။ ဖုန်းကိုလည်း ကောက်မကိုင်ရဲပြန်။

'ဟိုဘက်က စကားပြောနေတယ်လေ။ မင်းတစ်ခုခုပြောဦးမှပေါ့'

မှုမမှန်သော သူ့ပုံသဏ္ဌာန်ကြောင့် ဦးလေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မှ စကားပြောခွက်ကို ကောက်ကိုင်လိုက်တော့၏။

'ဟဲလို... နီနီခိုင်ဝေ၊ ငါပါ၊ မင်းနိုင်အောင်ပါ'

'ဟာ... မင်းနိုင်အောင်၊ နင်ဆက်လိမ့်မယ်လို့ ငါလုံးဝမထင်ထားဘူး။ ခဏလေးနော် မင်းနိုင်အောင်၊ ဒီမှာ ကြော်ငြာရိုက်တာ လက်စကြီး ဖြစ်နေလို့'

နီနီခိုင်ဝေတစ်ယောက် အလုပ်လုပ်နေမည်ဆိုတာကို သူ သိ၏။ ကြော်ငြာရိုက်နေတာဆိုတော့ အနီးအနားမှာ မွန်မြတ်ဦးလည်း ရှိနေမည်။ သူ ဖုန်းဆက်တာကိုလည်း မွန်မြတ်သီး သိလောက် ကြားလောက်ပြီထင်၏။

'ပြော... မင်းနိုင်အောင်၊ အားလုံးကို ခဏနားထားလိုက်တယ်၊ နင်နဲ့ အေးအေးဆေးဆေး ပြောလို့ရအောင်လေ'

ဒီလောက် လေကြောရှည်နေပုံထောက်ရင်တော့ မွန်မြတ်ဦးက တော်တော် နီးနီးကပ်ကပ် ရှိနေပေလိမ့်မည်။

'အနားမှာ မွန်မြတ်ဦးရှိနေလား နီနီခိုင်ဝေ'

'ရှိတာပေါ့ မင်းနိုင်အောင်၊ နင်ဆက်တာက ငါ့ဆီကို မဟုတ်ဘူးလား မင်းနိုင်အောင်၊ မွန်





မြတ်ဦးရဲ့ဟန်းဖုန်းကလည်းဒီတိုင်းအားနေတာပဲ'

'နင်ရေးထားတဲ့ စာကိုဖတ်ပြီး နင့်ဆီဆက်လိုက်တာတော့ ဟုတ်တယ် နီနီခိုင်ဝေ၊ ခဏလေးဟာ ငါ မွန်မြတ်ဦးနဲ့ စကားခဏပြောဦးမယ်'

'နင် ငါ့ကိုလာတွေ့ဖို့အတွက် လှမ်းဆက်လိုက်တာမဟုတ်လား မင်းနိုင်အောင်'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မွန်မြတ်ဦးနဲ့ စကားနည်းနည်းပြောချင်လို့ပါ'

လိုတာထက်ပိုပြီး ကျယ်လောင်စွာ ရယ်မောလိုက်သံကို အတိုင်းသားကြားနေရ၏။

'ဘာလဲ မင်းနိုင်အောင်၊ ငါ့ကိုလာတွေ့ဖို့အတွက် မွန်မြတ်ဦးဆီက ခွင့်ပြုချက်တောင်းရတဲ့ အနေအထားမျိုးဖြစ်နေပြီလား မင်းနိုင်အောင်'

'မွန်မြတ်ဦးကို ဖုန်းခဏပေးလိုက်ပါ နီနီခိုင်ဝေ'

'အေးပါ...'

'မွန်မြတ်ဦးရေ... မင်းနိုင်အောင်က ဖုန်းပြောချင်လို့တဲ့'ဟူသောအသံကို ကြားနေရ၏။

သူနှင့်နီနီခိုင်ဝေတို့ ဖုန်းပြောနေကြတာကိုကြည့်ပြီး 'ဘာတွေဖြစ်ကုန်ပြီလဲ'ဟု မွန်မြတ်ဦး တွေးနေမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုလားဟင်'

'ဟုတ်တယ် မွန်မြတ်ဦး၊ ကိုကိုပြောတာ ပထမဆုံးနားထောင်ဦး၊ နီနီခိုင်ဝေ မကြားလောက်တဲ့နေရာကိုသွားပြီးတော့ ဖုန်းပြောလိုက်ပါ။ ကိုကိုပြောတာ သဘောပေါက်တယ်နော်။ ဒါမှ လွတ်လွတ်လပ်လပ် ပြောလို့ရမှာ'

'ဟုတ်ကဲ့ကိုကို'

မွန်မြတ်ဦးအသံတွေက စိုးရိမ်ကြောင့်ကျခြင်းတွေ စွက်နေ၏။

'ကိုကိုပြောတာကို သေသေချာချာနားထောင်၊ ကိုကို အပြင်ကပြန်လာတော့ သော့မှာစာတစ်စောင် ချိတ်ထားတာတွေ့တယ်။ ဖတ်ကြည့်လိုက်တော့ နီနီခိုင်ဝေရဲ့စာဖြစ်နေတယ်။ ကိုကိုနဲ့ စကားပြောချင်လို့ သူ့ကိုလာတွေ့ဖို့ ဖုန်းလှမ်းဆက်ပါတဲ့'

'သြော်… ဒါကြောင့် ကိုကို ဖုန်းဆက်တာကိုး'

'ကိုကို သူနဲ့တွေ့ရမလား ညီမလေး'

သူ မေးလိုက်ပေမယ့် မွန်မြတ်ဦးက ချက်ချင်းပြန်မဖြေ။

'ပြောလေ… ညီမလေး သူနဲ့သွားတွေ့ရမလား'





'တွေ့လိုက်ပါ ကိုကို၊ ကိုကိုလည်း ဖုန်းလှမ်းဆက်ပြီးနေပြီ မဟုတ်လား'

'ဖုန်းဆက်လိုက်ပြီးမှ ကိုကို မှားသွားပြီဆိုတာသိလိုက်ရတာ။ ညီမလေးနဲ့ အတူတူရှိနေမယ်ဆိုတာကို သတိမေ့သွားတယ်'

'မွန်မြတ်ဦးနဲ့ ဖုန်းပြောပြီးမှ ကိုကိုမတွေ့တော့ဘူးဆိုရင် မကောင်းဘူးလေ၊ သွားတွေ့လိုက်ပါ၊ သူပြောမယ့်စကားတွေကိုနားထောင်ပေးလိုက်ပါ'

'အခုချက်ချင်းပဲ သူနဲ့တွေ့လိုက်မယ်နော် ညီမလေး'

'တွေ့ပါ ကိုကို၊ ကိုကိုနဲ့တွေ့ဖို့အတွက် ဒီကအလုပ်တွေကို သူ သိမ်းနေပြီ။ ကိုကိုဘယ်လောက်ကြာကြာ မွန်မြတ်ဦးတော့ မိမိမော်လက်ဖွဲ့ပေးထားတဲ့ အိမ်ကလေးကပဲ စောင့်နေမယ်။ သူနဲ့တွေ့ပြီး စကားပြောပြီးတာနဲ့ ကိုကိုလာခဲ့နော်'

မွန်မြတ်ဦး၏ လေသံကိုနားထောင်ကြည့်ခြင်းအားဖြင့် မွန်မြတ်ဦးဆီသာ အရင်ဆက်ဖြစ်ခဲ့ပါက သွားမတွေ့ဖို့ တားမြစ်မှာ သေချာ၏။

'ညီမလေး ဘာမှစိတ်မပူနဲ့။ သူနဲ့တွေ့ပြီးတာနဲ့ ကိုကို အမြန်ပြန်လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'နေဦး ကိုကို၊ ညီမလေး မှာစရာရှိသေးလို့'

'ပြောလေ ညီမလေး'

'ကိုကို့အနားမှာ ညီမလေးအမြဲရှိနေတယ်ဆိုတဲ့ စကားကိုတော့ ဘယ်တော့မှ မေ့မထားပါနဲ့ ကိုကို'

စိတ်မချသော စကား။ သူ့ခြေလှမ်းများကို နောက်ကြောင်း ပြန်လှည့်လောက်အောင် ပြုနိုင်သော စကားဟု နားလည်လိုက်၏။

နီနီခိုင်ဝေနှင့် မဖြစ်မနေ သွားတွေ့ရပေမယ့် သူ့စိတ်တွေ လေးလံလို့နေရသည်ပဲ။

⁂ ⁂ ⁂



၇။

မွန်မြတ်ဦးနှင့် ဖုန်းပြောပြီးတော့ နှစ်ယောက် တွေ့ရမည့်နေရာကို နီနီခိုင်ဝေက ပြော၏။

ဖုန်းချပြီးပြီးချင်း သူ ကားငှားလိုက်၏။ လမ်း တစ်ဝက်မှာပင် သူစီးသောကားက ဘီးပေါက်သွားသည်။

လက်စနှင့်မို့ ကားပြောင်းစီးမနေတော့ဘဲ ဘီး အသစ်လဲတာကို စောင့်နေလိုက်သည်။ ဘီးပေါက်သွား သည့်နိမိတ်ကြောင့် သူ ရင်ပူရသည်။ သူ သွားရမည့်ခရီး အတွက် စိတ်ထင့်ရသည်လေ။

သူရောက်သွားချိန်မှာတော့ နီနီခိုင်ဝေ၏ကား လေးရောက်နေသည်ကို လှမ်းမြင်လိုက်ရ၏။

အနားသို့ ရောက်သွားသောအခါ ချို့တဲ့သော အပြုံးဖြင့် နီနီခိုင်ဝေ ဆီးကြိုလေ၏။

'ငါစာရေးထားခဲ့ပေမယ့် ဖုန်းဆက်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မထင်မိဘူး။ နင်လာလိမ့်မယ်လို့လည်း တရားသေ မတွေးရဲခဲ့ဘူး။ ငါနဲ့တွေ့ဖို့လာခဲ့တဲ့ နင့်ကို ကျေးဇူးတင်ပါတယ် မင်းနိုင်အောင်’

နီနီခိုင်ဝေ၏မျက်နှာသည် အခါတိုင်းလို ခက်ထန်မနေ။ ဝမ်းနည်းကြေကွဲသော အရိပ်အငွေ့တွေကြောင့် အားငယ်နေသည့် မျက်နှာထားမျိုးဖြစ်နေ၏။

‘နင့်မှာ ပြောစရာတွေရှိတယ်ဆို ပြောပါ နီနီခိုင်ဝေ၊ ငါ နားထောင်ပေးပါ့မယ်’

‘ပြောစရာတွေကတော့ ရင်ထဲမှာ အများကြီးပဲ မင်းနိုင်အောင်၊ ဒါပေမဲ့ နင်ဒီနေရာကို စိတ်ရောကိုယ်ပါ လွတ်လပ်ခြင်းအပြည့်နဲ့ လာခဲ့တယ် မဟုတ်ဘူးဆိုတာကို ငါ သဘောပေါက်ပါတယ်။ အဓိကကျတာတွေကိုပဲ အကျဉ်းချုပ်ပြီး ပြောပါ့မယ်’

သူ့အဖို့မှာတော့ နီနီခိုင်ဝေပြောမည့် စကားတွေအတွက် ဘယ်လိုကြိုတင် အကာအကွယ်ယူရပါ့မလဲဟု စဉ်းစားနေမိ၏။

‘နင်တို့ရဲ့ မင်္ဂလာသတင်းတွေအားလုံးကို ငါကြားတယ် မင်းနိုင်အောင်၊ မြင်လည်း မြင်နေရတယ်။ မိမိမော်က ခြံနဲ့တိုက်လက်ဖွဲ့တာလည်း





ငါသိတယ်။ ငါ့ရဲ့အမင်္ဂလာသတင်းကိုတော့ နင်သိပြီးလောက်ရောပေါ့ မင်းနိုင်အောင်’

ကိုပြေဇော်နှင့် ပတ်သက်သောသတင်းဟု သူနားလည်လိုက်သည်။ ဟန်မဆောင်ပါဘဲ ရင်ထဲကခံစားရသည့်အတိုင်း ပြောလိုက်မိသည်။

‘ငါကြားတယ် နီနီခိုင်ဝေ၊ အဲဒီအတွက် ငါ တကယ်စိတ်မကောင်း ဖြစ်မိပါတယ်’

‘သိပ်တော့ မထူးဆန်းပါဘူးဟာ။ ငါက ရာသက်ပန် မောင့်ကိုယုံကြည်ခဲ့တယ်။ ငါ့လိုမိန်းမမျိုးကို သူ ခွဲသွားရက်မှာမဟုတ်ဘူးလို့ အတ္တကြီးကြီးနဲ့ ယုံကြည်ခဲ့တာ။ ဒါကြောင့်လည်း နင့်နင့်သီးသီး ငါကြေကွဲနေရတာ။ ယုံကြည်ဖြစ်တဲ့ ငါကိုယ်တိုင်က အတ္တတွေများနေခဲ့တာကိုး’

လက်နက်ချ ချိုးနှိမ်သောစကားကို နီနီခိုင်ဝေ ပြောနေ၏။ နာကျင်ခံခက်နေရခြင်းကို သူ ကိုယ်ချင်းစာမိသည်။

‘ကံကြမ္မာက ဆုံခွင့်မပေးတာပဲလို့ နင်မှတ်ယူလိုက်ပါ။ ဒီလိုလူမျိုးနဲ့ စောစောစီးစီးလွဲသွားရတာလို့ နင်တွေးရင် အရှုံးနည်းသွားတာပေါ့ နီနီခိုင်ဝေ…’



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ နင်ပြောသလို ငါရှုံးသွားတာ။ ရှုံးတာမှ အများကြီးပဲ။ နင်ကတော့ ကံကောင်းပါတယ်။ မွန်မြတ်ဦးရဲ့အချစ်နဲ့ ဘဝတစ်ခုလုံးကို ပြည့်ပြည့်ဝဝကြီးကို နင် ရလိုက်တာပဲ'

သူ့ကိုထွေ့သော၊ ရှိသောစကားမျိုးတော့မဟုတ်ပေ။

'နင် ကျန်းမာရေးရော ကောင်းရဲ့လား နီနီခိုင်ဝေ၊ နင့်မျက်နှာကညှိုးနေသလိုပဲ'

'ဟုတ်တယ် မင်းနိုင်အောင်၊ အမြဲတမ်း ဓာနကြီးပြီး သူများတွေအထက်မှာပဲနေချင်တဲ့မိန်းမ။ ပြိုကျသွားတာမှ မြင်ရက်စရာတောင် မကောင်းဘူး'

နီနီခိုင်ဝေပြောနေသောစကားများကို လိုက်ခံစားပြီး သရုပ်ခွဲနေချင်တော့ပေ။

'နင့်ကို ငါနားလည်တယ်။ ဒါကြောင့် နင့်ကို ငါ လာတွေ့တာပဲ'

'ကျေးဇူးတင်တယ် မင်းနိုင်အောင်၊ နင့်ကို ခေါ်တွေ့ရတာက နင် ငါ့ဆီမှာပြန်ပြီး နေပေးပါ၊ ငါ့အနားမှာ နင်ရှိနေပေးပါ။ ငါ့မှာ အနွံတာခံတတ်တဲ့ သံယောဇဉ်ဆိုလို့ နင်ပဲရှိတာပါ သူ





ငယ်ချင်း'

မထင်မှတ်ဘဲပြောလိုက်သော နီနီခိုင်ဝေ၏စကားတွေကြောင့်ပင် စိတ်မကောင်းဖြစ်သွားရ၏။

'ငါကလည်း နင်နဲ့ဝေးဝေးနေချင်တာ မဟုတ်ပါဘူး၊ ငါမှမဟုတ်ဘူး၊ မွန်မြတ်ဦးကိုလည်း ဒီသဘောပဲရှိနေစေချင်တာ။ ပြီးခဲ့တာတွေအားလုံးကို ငါမေ့ပျောက်နိုင်ပါတယ် နီနီခိုင်ဝေ'

'နင်နဲ့မွန်မြတ်ဦးတို့ မင်္ဂလာပွဲက တော်တော်လေးပြင်ဆင်လို့ ပြီးနေပြီ မဟုတ်လား။ ပရိဘောဂတွေဝယ်ဖို့ ဆိုင်ထဲဝင်သွားတာကို ငါတွေ့လိုက်တယ်။ နင် ပစ္စည်းတွေမဝယ်ရသေးဘူး မဟုတ်လား'

ဒီလိုသာ နီနီခိုင်ဝေ၏သဘောထားတွေ ပျော့ပြောင်းနေပါက မွန်မြတ်ဦးကိုပါ သူခေါ်လာမိမှာသေချာ၏။

သူ့အလာကို စောင့်နေသော မွန်မြတ်ဦးကတော့ စိုးရိမ်ကြောင့်ကျနေတော့မည်ပဲ။

'ပစ္စည်းတွေတော့ လျှောက်ကြည့်ပြီးပြီ။ မဝယ်ဖြစ်သေးပါဘူး'

'ဒါဆိုရင် နင်တို့မဝယ်နဲ့တော့။ နင်တို့မင်္ဂလာဦးအတွက် အဲဒီပရိဘောဂပစ္စည်းတွေကို ငါ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ချင်တယ်။ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ မနက်ဖြန်မနက် နင်အိမ်မှာပဲစောင့်နေ၊ ငါ စောစောလာခေါ်မယ်'

ငြင်းပယ်လိုက်ရင် စိတ်မကောင်းဖြစ်မှာစိုးသောကြောင့် နှုတ်နည်းနေလိုက်ရ၏။

'မွန်မြတ်ဦးသာသိရင်တော့ ဝမ်းသာမှာပဲ နီနီခိုင်ဝေ၊ သူ့ကိုလည်း နင်အမှတ်မထားပါနဲ့၊ ငါ့အတွက်နဲ့ ပြောမှားဆိုမှားရှိရင်လည်း ငါတောင်းပန်ပါတယ်'

'မွန်မြတ်ဦး မမှားပါဘူး မင်းနိုင်အောင်၊ ငါကသာ တစ်လျှောက်လုံး မှားနေဖြစ်ခဲ့တာပါ'

နီနီခိုင်ဝေပြောလိုက်သော စကားအနက်အဓိပ္ပာယ်ကို သူ မသိချင်တော့ပေ။

'ငါတို့ အရင်ကလိုပဲ သိုက်သိုက်ဝန်းဝန်း ပြန်နေကြတာပေါ့ဟာ၊ ငါတို့နှစ်ယောက်က ပြဿနာဖြစ်လည်း ခဏပါပဲ။ ဘယ်တော့မှ သွေးကွဲခဲ့ကြပါဘူး။ တစ်ယောက် အရေးအကြောင်းကြုံပြီဆိုရင် တစ်ယောက်က အနားမှာအမြဲရှိနေတာပဲ မဟုတ်လား'

နှစ်သိမ့်သောစကား။ နီနီခိုင်ဝေအတွက် အားကိုး





စရာစကားဟု သူ ရည်ရွယ်ပြီးပြောလိုက်သည်။

နီနီခိုင်ဝေလည်း ကျေနပ်လောက်မည်ထင်၏။

'မွန်မြတ်ဦးကိုလည်း အသေအချာ ရှင်းပြလိုက်ပါဦး မင်းနိုင်အောင်၊ သူ့ကိုပြောလိုက်ပါ။ နင်တို့မင်္ဂလာပွဲကို ဒေါသတွေပွေ့ပိုက်ပြီး ငါမလာပါဘူး။ မေတ္တာတရားတွေသာ ပွေ့ပိုက်ပြီး ငါလာခဲ့မယ်ဆိုတဲ့အကြောင်းကို ပြောပြပေးပါ'

'မွန်မြတ်ဦးဆိုတာကလည်း ငါ့စိတ်နဲ့ ငါ့ကိုယ်ပွားတစ်ခုပါပဲ။ သူလည်း နင့်ကို နားလည်မှာပါ'

'နင်ပြန်လာနေပြီဆိုတာကို သူ့ဆီဖုန်းလှမ်းဆက်လိုက်ဦးလေ၊ တော်ကြာ သူ ဟိုတွေးဒီတွေးဖြစ်ပြီး စိတ်တွေပူနေဦးမယ်'

နီနီခိုင်ဝေ နားလည်ပေးသည့်အတွက် သူ ဝမ်းမြောက်ပီတိဖြစ်မိ၏။ မျက်ရည်များပင် လည်လာသလား မပြောတတ်တော့ပေ။

'မဆက်တော့ပါဘူး နီနီခိုင်ဝေ၊ သူစောင့်နေတဲ့နေရာကို ဒီကပြန်တာနဲ့ ငါသွားလိုက်မှာပါ'

'နင်သွားရင်သွားတော့လေ မင်းနိုင်အောင်၊ မွန်မြတ်ဦးစောင့်နေမှာ မဟုတ်လား။ ငါတော့ ဒီနေရာလေးမှာ နေလိုက်ဦးမယ်။ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



မှာ လထွက်တော့မှပဲ ငါပြန်တော့မယ်’
‘မိုးချုပ်တဲ့အထိ နင်နေမှာပေါ့ ဟုတ်လား’
‘အေး… နင် နောက်ဆံမတင်းပါနဲ့၊ ငါနေတတ်ပါတယ်။ ငါက တစ်ယောက်တည်းသမားပါ
မင်းနိုင်အောင်’

နီနီခိုင်ဝေအား နှုတ်မဆက်ဖြစ်ဘဲ ထွက်လာမိတော့၏။

တကယ်ဆိုရင်တော့ နီနီခိုင်ဝေအနားမှာ သူ နေချင်သေး၏။

မွန်မြတ်ဦးစောင့်နေမည်ဆိုသော အသိကြောင့်ပင် နီနီခိုင်ဝေအား သူ ချန်ထားရစ်ခဲ့ပေ၏။

⁂ ⁂ ⁂

မောင်ညိုအေး(ပန်းတော)
တိုက်(၂၅)၊ အခန်း(၃၀၄)
၅-လမ်း-ဘီ၊ ယုဇနဥယျာဉ်မြို့တော်
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။

လောကနှတ်စာပေ

သူ့စိမ်းအသည်းနဲ့
စိမ်းရဲတော့မယ်ဆိုရင်…
ရင်နှလုံး
တစ်တောလုံး ကြွေ
ပန်းတွေပွင့်ရစေမယ်…။

BURMESE CLASSIC

## မောင်ညိုအေး ၊ပန်းတော၊

ပန်းပေါင်းဆောင်ပြီး လွမ်းတတ်တယ်

၂၈-အုပ်မြောက်
(အချစ်ဝတ္ထုသစ်)
ထွက်တော့မည်။

www.burmeseclassic.com